# ၂၀၀၈ ခုနှစ် အတွင်း ထုတ်ပြန်ခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ကြေညာချက်များ။

| | | |
|---|---|---|
| (၁) ၁ / ၀၁ / ၀၈ | ရက်စွဲ ၄-၁-၀၈ | |
| (၂) ၂ / ၀၁ / ၀၈ | ရက်စွဲ ၁၈-၁-၀၈ | |
| (၃) ၃ / ၀၁ / ၀၈ | ရက်စွဲ ၂၃-၁-၀၈ | |
| (၄) ၄ / ၀၁ / ၀၈ | ရက်စွဲ ၃၁-၁-၀၈ | |
| (၅) ၅ / ၀၂ / ၀၈ | ရက်စွဲ ၅-၂-၀၈ | |
| (၆) ၆ / ၀၂ / ၀၈ | ရက်စွဲ ၁၂-၂-၀၈ | |
| (၇) ၁ / ၀၂ / ၀၈ | ရက်စွဲ ၁၈-၂-၀၈ | (အထူးကြေညာချက်) |
| (၈) ၇ / ၀၂ / ၀၈ | ရက်စွဲ ၂၅-၂-၀၈ | |
| (၉) ၈ / ၀၂ / ၀၈ | ရက်စွဲ ၂၇-၂-၀၈ | |
| (၁၀) ၂ / ၀၂ / ၀၈ | ရက်စွဲ ၂၈-၂-၀၈ | (အထူးကြေညာချက်) |
| (၁၁) ၉ / ၀၃ / ၀၈ | ရက်စွဲ ၅-၃-၀၈ | |
| (၁၂) ၃ / ၀၃ / ၀၈ | ရက်စွဲ ၁၄-၃-၀၈ | (အထူးကြေညာချက်) |
| (၁၃) ၁၀ / ၀၃ / ၀၈ | ရက်စွဲ ၂၇-၃-၀၈ | |
| (၁၄) ၄ / ၀၃ / ၀၈ | ရက်စွဲ ၃၁-၃-၀၈ | (အထူးကြေညာချက်) |
| (၁၅) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ပြည်သူသို့ ပန်ကြားချက်။ | | |
| (၁၆) ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ သိရှိထားရမည့်အချက်များနှင့် လုပ်ဆောင်ရမည့်အချက်များ။ | | |
| (၁၇) ၅ / ၀၄ / ၀၈ | ရက်စွဲ ၁၀-၄-၀၈ | (အထူးကြေညာချက်) |
| (၁၈) ၆ / ၀၄ / ၀၈ | ရက်စွဲ ၂၁-၄-၀၈ | (အထူးကြေညာချက်) |
| (၁၉) ၇ / ၀၄ / ၀၈ | ရက်စွဲ ၂၄-၄-၀၈ | (အထူးကြေညာချက်) |
| (၂၀) ၁၁ / ၀၄ / ၀၈ | ရက်စွဲ ၂၅-၄-၀၈ | |
| (၂၁) ၁၂ / ၀၅ / ၀၈ | ရက်စွဲ ၁-၅-၀၈ | (၁၀၈)ကြိမ်မြောက် အလုပ်သမားနေ့ ကြေညာစာတမ်း |
| (၂၂) ၈ / ၀၅ / ၀၈ | ရက်စွဲ ၆-၅-၀၈ | (အထူးကြေညာချက်) |
| (၂၃) ၉ / ၀၅ / ၀၈ | ရက်စွဲ ၇-၅-၀၈ | (အထူးကြေညာချက်) |
| (၂၄) စာအမှတ် – ၀၂၂ (စည်း) / ၀၅ / ၀၈ | ရက်စွဲ ၈-၅-၀၈ | မုန်တိုင်းဒဏ် ကယ်ဆယ်ရေးကော်မတီ ဖွဲ့စည်းခြင်း။ |
| (၂၅) ၁၀ / ၀၅ / ၀၈ | ရက်စွဲ ၁၀-၅-၀၈ | (အထူးကြေညာချက်) |
| (၂၆) ၁၂ / ၀၅ / ၀၈ | ရက်စွဲ ၂၁-၅-၀၈ | (အထူးကြေညာချက်) |
| (၂၇) ၁၃ / ၀၅ / ၀၈ | ရက်စွဲ ၂၇-၅-၀၈ | (၁၈)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း။ |
| (၂၈) ၁၄ / ၀၆ / ၀၈ | ရက်စွဲ ၉-၆-၀၈ | |
| (၂၉) ၁၃ / ၀၆ / ၀၈ | ရက်စွဲ ၁၀-၆-၀၈ | (အထူးကြေညာချက်) |
| (၃၀) ၁၄ / ၀၆ / ၀၈ | ရက်စွဲ ၁၈-၆-၀၈ | (အထူးကြေညာချက်) |
| (၃၁) ၁၅ / ၀၆ / ၀၈ | ရက်စွဲ ၃၀-၆-၀၈ | |
| (၃၂) ၁၆ / ၀၇ / ၀၈ | ရက်စွဲ ၁၉-၇-၀၈ | |
| (၃၃) ၁၇ / ၀၈ / ၀၈ | ရက်စွဲ ၄-၈-၀၈ | |
| (၃၄) ၁၈ / ၀၈ / ၀၈ | ရက်စွဲ ၅-၈-၀၈ | |

| | | | |
|---|---|---|---|
| (၃၅) ၁၉ / ၀၈ / ၀၈ | ရက်စွဲ | ၁၃–၈–၀၈ | |
| (၃၆) ၁၅ / ၀၈ / ၀၈ | ရက်စွဲ | ၂၉–၈–၀၈ | (အထူးကြေညာချက်) |
| (၃၇) ၁၆ / ၀၉ / ၀၈ | ရက်စွဲ | ၅–၉–၀၈ | (အထူးကြေညာချက်) |
| (၃၈) ၁၇ / ၀၉ / ၀၈ | ရက်စွဲ | ၁၆–၉–၀၈ | (အထူးကြေညာချက်) |

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်
၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၀) ရက်

## ကြေညာချက်အမှတ် – ၁ / ၀၁ / ၀၈

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ ဖြစ်သည်။ ဤနေ့သည် တိုင်းပြည်နှင့် လူမျိုးအတွက် တန်ဖိုးမဖြတ်နိုင်သော နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။

မိမိတို့မြန်မာနိုင်ငံသည် ရှေးပဝေဏီကာလကပင် ကိုယ့်ထီးကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် လွတ်လပ်စွာအုပ်ချုပ်လျက် အထင်ကရတည်ရှိခဲ့သော နိုင်ငံတော်ဖြစ်ခဲ့သည်။ ဤသို့နေထိုင်ခဲ့ရင်းမှ နိုင်ငံတော်ကို ဦးဆောင်ခဲ့သော ပုဂ္ဂိုလ်များအချင်းချင်း၊ အုပ်စုအဖွဲ့အချင်းချင်း မညီညွတ်ခဲ့ကြခြင်း၊ ထီးမွေနန်းလျာများကြား၌ နန်းလုပွဲများဖြစ်ခဲ့ခြင်း၊ မှူးကြီးမတ်ရာများကြားတွင် ရာထူးအာဏာလုခြင်း စသည်တို့ အဆက်မပြတ် ဖြစ်ပေါ်လာခဲ့ကြသည်။ နိုင်ငံတော်၏ တစ်ဝက်သည် နယ်ချဲ့တို့၏လက်ထဲသို့ ဆုံးရှုံးခဲ့ရပြီးပြီဟူသော အချက်ကိုပင် သတိမထားနိုင်တော့ဘဲ နိုင်ငံတော်၏အရေးကိစ္စများကို အလေးမထားကြဘဲ မိမိ၏ရာထူးအာဏာတည်မြဲရေးကိုသာ အရေးထားအားထုတ်ခဲ့ကြသည်။

ထိုသို့သော စည်းလုံးညီညွတ်မှုပြိုကွဲသွားခြင်းကြောင့် ၁၈၈၆ ခုနှစ် ဇန်နဝါရီလ (၁) ရက်နေ့မှစ၍ နယ်ချဲ့တို့၏ ကိုလိုနီနိုင်ငံတစ်ခုအဖြစ်သို့ ကျရောက်ခဲ့ရပြီး၊ ထီးနန်းနှင့်အတူ လွတ်လပ်ရေးကိုပါ ဆုံးရှုံးခဲ့ရသည်။ သို့သော် မြန်မာမျိုးချစ်ခေါင်းဆောင်များသည် မိမိတို့နှင့် လက်နက်ချင်း မယှဉ်သာအောင် ကွာဟနေသော နယ်ချဲ့များကို မြန်မာ့သွေး၊ သတ္တိ၊ ဗျတ္တိတို့ဖြင့် အသက်ကိုစွန့်လွှတ်လျက် နိုင်ငံအနှံ့အပြားတွင် နှစ်ပေါင်းများစွာ ရွတ်ရွတ်ချွံချွံ တွန်းလှန်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့ ခုခံတိုက်ခိုက်ကြရာတွင် မိမိတို့ အချင်းချင်း ဆက်စပ်မှု၊ ညှိနှိုင်းမှု မရှိခြင်း၊ တစ်စုတစ်ဖွဲ့တည်း မစုစည်းနိုင်ခြင်း၊ ဆောင်းခေါင်မှုကင်းမဲ့ခြင်း စသည့်တို့ကြောင့် အောင်မြင်မှု မရရှိခဲ့ကြပေ။

၂၀ ရာစု နှစ်ဦးပိုင်းများမှစ၍ အမျိုးသားစိတ်ဓာတ်များ ပြန်လည်နိုးကြားလာပြီး၊ အမျိုးသားရေးလှုပ်ရှားမှုများ ပြန်လည်ပေါ်ပေါက်လာခဲ့သည်။ သို့သော် ခိုင်မာသောစည်းလုံးညီညွတ်ရေး မတည်ဆောက်နိုင်ခဲ့ဘဲ၊ အမျိုးသားအချင်းချင်း အကွဲအပြဲများဖြင့်သာ လွှမ်းမိုးခဲ့သည်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားသည်အထိပင်ဖြစ်သည်။ သို့သော် ဒုတိယကမ္ဘာစစ်ကြီးကာလတွင် ဖက်ဆစ်တို့လက်အောက်သို့ ကျရောက်စ အမျိုးသားခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက အမျိုးသားညီညွတ်ရေးကို စတင်ထူထောင်နိုင်ခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် (ဖ–တ–ပ–လ) ၏နောက်တွင် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးသည် မကြုံစဖူးသော စည်းလုံးညီညွတ်မှုဖြင့် ဖက်ဆစ်တော်လှန်ရေးကို ဆင်နွှဲခဲ့ကြသည်။ နိုင်ငံရေးအသွေးအရောင်မခွဲခြားဘဲ လူမျိုး၊ ဘာသာမရွေး၊ ကျား/မ ကြီးငယ်မဟူ ပြည်သူလူထုအားလုံးတို့က မိမိတို့ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခြင်းဖြင့် ပါဝင်ဆင်နွှဲခဲ့ကြသည်။ ထို့ကြောင့် ဖက်ဆစ်များ ဆုတ်ခွာခဲ့ကြရသည်။ ထို့နောက် နယ်ချဲ့တို့က အုပ်ချုပ်ရေးပုံစံ အမျိုးမျိုးဖြင့် ပြန်လည်ဝင်ရောက်လာခဲ့ကြသည်။

ဤသို့သော အချိန်မျိုးတွင် ဗမာ့လွတ်လပ်ရေးတပ်မတော်၊ ဗမာ့ကာကွယ်ရေးတပ်မတော်၊ မျိုးချစ်တပ်မတော်တို့ကို ထူထောင်၍ နယ်ချဲ့နှင့် ဖက်ဆစ်တို့ကို တော်လှန်ပြီး၊ အောင်ပွဲရရှိခဲ့သော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မှနုတ်ထွက်၍ နိုင်ငံရေးလုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပြီး၊ နှလုံးရည်အပြည့်ဖြင့် အမျှော်အမြင်ကြီးစွာ ဆက်လက်ခေါင်းဆောင်ခဲ့သည်။ တိုင်းရင်းသားလူမျိုးအားလုံးကလည်း စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဗိုလ်ချုပ်အောင်ဆန်း၏ဦးဆောင်မှုနောက်တွင် လိုက်ပါခဲ့ကြသည်။ တပ်မတော်သည် နိုင်ငံရေး၊ အုပ်ချုပ်ရေး

ကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုသင့်ဘဲ တိုင်းပြည်ကာကွယ်ရေးနှင့် ညီညွတ်ရေးကိုသာ အဓိကထားရမည်ဖြစ်ကြောင်း အောက်ပါအတိုင်း ပြောကြားခဲ့ပါသည်။

" × × × ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် ပတ်သက်၍ အလျဉ်းစွက်ဖက်ခြင်း ပြုလိမ့်မည်မဟုတ်၊ ဗမာ့လွတ်လပ်ရေးတပ်မတော်ဗိုလ်များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေး ကိစ္စများနှင့်ပတ်သက်၍ ပါဝင်စွက်ဖက်ခြင်း အလျဉ်းမရှိစေရ။ ပါဝင်စွက်ဖက်သော တပ်သားနှင့် တပ်ဗိုလ်များအား ကျပ်တည်းစွာ အပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း၊ ငါတို့သည် ဗမာပြည်၏လွတ်လပ်ရေးကို ရှေးရှု၍ ဗမာပြည်၏ညီညွတ်ရေးကိုသာ အဓိကထားကြရမည်ဖြစ်ကြောင်း × × × "

ဟု ပြောကြားခဲ့သည်။

( ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဂန္ထဝင်စာအုပ်၊ စာမျက်နှာ – ၉၃ မှ . . . )

၁၉၄၆ ခုနှစ် ဇန်နဝါရီလ (၂၀) ရက်နေ့တွင် ကျင်းပခဲ့သည့် ဖက်ဆစ်ဆန့်ကျင်ရေး၊ ပြည်သူ့လွတ်လပ်ရေး အဖွဲ့ချုပ် (ဖ–ဆ–ပ–လ) ၏ နိုင်ငံလုံးဆိုင်ရာညီလာခံတွင်လည်း လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းက . . .

" × × × ဤအချိန် ဤအခါ၌ ကမ္ဘာပေါ်တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် သဘောရှိသော နိုင်ငံဟူ၍ ကမ္ဘာအရပ်ရပ်တွင် မရှိတော့ချေ။ × × × လွတ်လပ်သော နိုင်ငံတော်ကြီးငယ် အသွယ်သွယ်တို့သည်လည်း၊ အသီးသီး လွတ်လွတ်လပ်လပ် လုံလုံခြုံခြုံနေခြင်းငှာ မစွမ်းတော့ချေ × × × "

ဟု လည်းကောင်း၊

" × × × ကမ္ဘာပေါ်တွင် လူထုအားကို မည်သည့်အားမျှ ဆန့်ကျင်နိုင်လိမ့်မည်မဟုတ်ချေ။ × × × ပထမဆုံး အမျိုးသားညီညွတ်မှုကို ဆောင်ရွက်ရမည် × × × အမျိုးသားညီညွတ်ရေးဆိုတာ၊ ဘယ်ကဲ့သို့သော ညီညွတ်ရေးကို ခေါ်ပါသနည်းဟု မေးရပေလိမ့်မည်။ အမျိုးသားညီညွတ်ရေးဆိုသည်မှာ ခေါင်းဆောင်များသာ ညီညွတ်ခြင်းကို မဆိုလို။ လူမျိုး၊ ဘာသာ၊ ယောကျာ်း၊ မိန်းမ၊ ဂိုဏ်းဂဏမရွေး တနိုင်ငံလုံး ပြည်သူပြည်သား၊ လူထုတခုလုံး အပြောသာမဟုတ်၊ အလုပ်နှင့်အတူ အမျိုးသားတို့၏ အလိုဆန္ဒများကို ပြည့်ဝနိုင်ရန် အမျိုးသားတို့၏လုပ်ငန်းများတွင် သောင်းသောင်းဖြဖြ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကိုဆိုလိုသည် × × × "

ဟု လည်းကောင်း မိန့်ကြားခဲ့ပေသည်။

ဤကဲ့သို့ မိန့်ကြားခဲ့သည့်အတိုင်း ပြည်သူလူထုတရပ်လုံးပါဝင်သည့် အမျိုးသားညီညွတ်ရေးကို ထူထောင်နိုင်ခဲ့သဖြင့် ဖ–ဆ–ပ–လ အဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုနောက်တွင် တစ်တိုင်းပြည်လုံး စည်းစည်းလုံးလုံး ချီတက်ခဲ့ကြသည်။ ထို့ကြောင့် တိုင်းရင်းသားကိုယ်စားလှယ်များနှင့် ဆွေးနွေးညှိနှိုင်းပြီး၊ သဘောတူညီချက်ဖြင့် သမိုင်းမော်ကွန်းဝင် ပင်လုံစာချုပ်ကြီးကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။ ထို့နောက် တိုင်းပြည်ပြုလွှတ်တော်ကိုလည်း အောင်မြင်စွာ ရွေးကောက်တင်မြှောက်လျက် ဖွဲ့စည်းနိုင်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၇ ခုနှစ် ဇွန်လ (၁၆) ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်သို့ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့် အခြေခံအချက်များကို ချမှတ်ပေးသည့် လမ်းညွှန်အဆိုကို တင်သွင်းခဲ့သည်။ ထိုလွှတ်တော်က ဇွန်လ (၁၇) ရက်နေ့တွင် ဖ–ဆ–ပ–လ ပဏာမညီလာခံမှ ချမှတ်ပေးခဲ့သည့် အခြေခံ(၁၄)ချက်မှ (၇)ချက်ကို အတည်ပြုပေးခဲ့သည်။ ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဒီမိုကရေစီကျင့်စဉ်များဖြင့် အခြေခံကာ ရေးဆွဲခဲ့ကြသည်။ ၁၉၄၇ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်က အဆိုပါ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းပေးခဲ့သည်။

သို့နှင့် တိုင်းရင်းသားလူမျိုးများအားလုံး ကာလကြာမြင့်စွာ စောင့်ဆိုင်းခဲ့ကြသော လွတ်လပ်ရေးကြီးကို ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄) ရက်နေ့တွင် လက်ဝယ်ပိုင်ပိုင် ရရှိခဲ့ပေသည်။ ရရှိခဲ့သော လွတ်လပ်ရေးကြီးသည် စစ်မှန်သော လွတ်လပ်ရေးကြီးဖြစ်စေရန် နိုင်ငံတော်တွင် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးများ အပြည့်အဝ ရရှိခံစားစံစားနိုင်ကြရမည် ဖြစ်ပေသည်။ ဤသို့သော လွတ်လပ်ရေးမျိုးဖြစ်စေရန် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၆ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်နေ့တွင် ကျင်းပခဲ့သော ဖ–ဆ–ပ–လ ညီလာခံကြီး၌ . . .

“ × × × တိုင်းပြည် လွတ်လပ်တယ်ဆိုတာက နိုင်ငံရေးကတော့ လွတ်လပ်တယ်၊ လူမျိုးကတော့ မလွတ်လပ်ဘူး။ ပြောချင်တာမပြောရဘူး။ တရားသဖြင့် သူထင်မြင်တာ မပြောရ၊ ဆိုချင်တာ မဆိုရ၊ ရေးချင်တာ မရေးရ၊ လုပ်ချင်တာ မလုပ်ရ၊ ဒါမျိုးဟာ ဂျပန်ခေတ်တုန်းက ခံခဲ့ရတယ်။ အဲဒီ လွတ်လပ်ရေးမျိုးဟာ ပါးစပ်ပိတ်ကြောက်လန့်ပြီးတော့နေရတဲ့ လွတ်လပ်ရေးဖြစ်တယ်။ ဓားမိုးထားတဲ့ လွတ်လပ်ရေးပဲ။ တိုင်းသူပြည်သားတွေ မလွတ်လပ်ဘူး × × × ”

ဟု မိန့်ကြားခဲ့ပေသည်။

ဤသင်ခန်းစာများကို ပြန်လည်စိစစ်လေ့လာကြည့်မည်ဆိုပါလျှင် နိုင်ငံတော်တွင် စည်းလုံးညီညွတ်မှုပြိုကွဲခဲ့သဖြင့် နိုင်ငံ၏ထီးနန်းပါပျောက်လျက် လွတ်လပ်ရေးကြီးဆုံးရှုံးခဲ့ရပြီး၊ ဤသို့ ဆုံးရှုံးခဲ့ရသော လွတ်လပ်ရေးကြီးကို စည်းလုံးညီညွတ်မှုအင်အားဖြင့်ပင် တဖန် ပြန်လည်ရယူနိုင်ခဲ့သည်ကို တွေ့မြင်ရပေမည်။ ထို့ကြောင့် စည်းလုံးညီညွတ်သော ပြည်သူလူထု၏အင်အားဖြင့် မည်သည့်ပြဿနာ အခက်အခဲ အကျပ်အတည်းများကိုမဆို ဖြေရှင်းနိုင်မည်ဆိုသည်မှာ ယုံမှားသံသယဖြစ်ဖွယ်ရာ မရှိပေ။ အမျိုးသားစည်းလုံးညီညွတ်မှု ပြိုကွဲနေပါလျှင် တိုင်းပြည်၏ လွတ်လပ်ရေးပြန်လည်ရရှိရန် မဆိုထားဘိ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြဿနာများကို လုံးဝဖြေရှင်းနိုင်မည်မဟုတ်ကြောင်း၊ အထူးတလည် သင်ခန်းစာယူကြရမည်ဖြစ်ပေသည်။

ထို့ကြောင့် စည်းလုံးညီညွတ်မှုကိုရရှိစေရန် အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ကြရန် မလွဲမသွေ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အရေးတကြီးလိုအပ်နေသော ပထမခြေလှမ်းမှာ တွေ့ဆုံဆွေးနွေးရေးပင် ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြမှသာလျှင် နိုင်ငံရေးတည်ငြိမ်မှုရရှိပြီး၊ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တာဝန်ရှိသည်နှင့်အညီ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်လျက် ပြည်သူလူထုက ၎င်းတို့ကိုယ်စား လုပ်ပိုင်ခွင့်အာဏာ (mandate) အပ်နှင်းလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်များဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားများကို မျှော်ကိုး၍ နိုင်ငံရေးအနှစ်သာရပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများကို မနေးအမြန်ကျင်းပပြီး၊ ညှိနှိုင်းအဖြေရှာကြပါရန် မလွဲမသွေလိုအပ်ပေသည်။

လက်ရှိအနေအထားအရ သက်ဆိုင်သူများအားလုံး ပါဝင်ခွင့်ရပြီး၊ ပွင့်လင်းရိုးသားစွာ တွေ့ဆုံဆွေးနွေးကြရန် အခြေအနေက အထူးတလည်တောင်းဆိုနေပြီဖြစ်သည်။ တွေ့ဆုံဆွေးနွေးခြင်း၏ မှန်ကန်သောသဘောတရားမှာ နှစ်ဦးနှစ်ဖက် တိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးကိုသာကြည့်ပြီး၊ တဖက်နှင့်တဖက် အပေးအယူပြုလုပ်ကြခြင်း ဖြစ်ပေသည်။ နှလုံးသွင်း၍ အထူးသတိပြုကြရမည်မှာ တွေ့ဆုံဆွေးနွေးခြင်းသည် ပြောင်းလဲဖြစ်ပေါ်တိုးတက်နေသော ကမ္ဘာ့အနေအထား၊ ပြည်တွင်းအနေအထားတို့ကို ဆင်ခြင်သုံးသပ်လျက် အခြေအနေ အချိန်အခါနှင့် လိုက်လျောညီစွာ အချိန်မနှောင်းမီ ဆောင်ရွက်နိုင်ကြရမည် ဖြစ်ပေသည်။

တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာမှု နှောင့်နှေးသည်နှင့်အမျှ နိုင်ငံတွင် အမှန်တကယ်တွေ့ကြုံနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အထွေထွေအကျပ်အတည်းများသည် နက်ရှိုင်းသည်ထက် နက်ရှိုင်းလာပြီး တနေ့တခြား တိုင်းပြည်တွင် ပိုမိုခက်ခဲနက်နဲသော အခြေအနေများ၊ တန်ဖိုးကြီးမားသော ဆုံးရှုံးမှုများ၊ လက်လွတ်လိုက်ရမည့် အခွင့်အလမ်းများ စသည့် ရှုပ်ထွေးသော အကျိုးဆက်များနှင့် မလွဲမသွေ ရင်ဆိုင်ကြုံတွေ့ရနိုင်ကြောင်းကို အထူးသတိပြုသင့်ပေသည်။ သို့ပါသဖြင့် ၂၀ဝ၈ ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ် သတ်မှတ်ရမည် ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀ဝ၂ ခုနှစ် စက်တင်ဘာလ (၂၇) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သော အဖွဲ့ချုပ် ဖွဲ့စည်းတည်ထောင်သည့် (၁၄)နှစ်မြောက် အခမ်းအနားတွင် . . .

“တပ်မတော်နှင့်ပတ်သက်လို့ ကျမသဘောအရဆိုလို့ရှိရင် × × × နိုင်ငံရဲ့ လိုအပ်ချက်အရလည်းကောင်း၊ ပြည်သူတွေရဲ့ တောင့်တချက်အရလည်းကောင်း၊ နောက်ပြီးတော့ ကျမကိုယ်တိုင်က ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်ဆိုပြီးတော့ သံယောဇဉ်ကြောင့်လည်းကောင်း၊ ကျမဟာ ဖြူစင်တဲ့စေတနာကို အခြေခံပြီး၊ တပ်မတော်နဲ့ နိုင်ငံအတွက် ဆောင်ရွက်ဖို့ ဝန်မလေးပါဘူး”

ဟု လည်းကောင်း၊

"ဒီလိုပူးပေါင်းဆောင်ရွက်မှုကိုလည်း ပြည်သူလူထုတွေက လိုလားတယ်ဆိုတာ ကျမသိနေပါတယ်။ ကျမတို့ဟာ ပြည်သူလူထုရဲ့ တစ်မျက်နှာကိုပဲ ကြည့်ရပါမယ်။ ပြည်သူလူထုရဲ့လိုအပ်ချက်တွေကို ကျမတို့က ဖြည့်ဆည်းပေးဖို့ ဖြစ်ပါတယ် × × × "

" × × × ကျမတို့ဟာ အားလုံးလက်တွဲပြီးတော့ နိုင်ငံအတွက်လုပ်ဖို့ အချိန်ရောက်ပါပြီ။ ဒီလိုလုပ်ဖို့အချိန်ဟာ ရောက်ရုံတင်မက နှောင်းတောင် နှောင်းနေပါပြီ × × × "

ဟု လည်းကောင်း၊ စိတ်ရင်းစေတနာမှန်ဖြင့် ပြောကြားခဲ့ပြီး ဖြစ်ပေသည်။

သို့ပါ၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် နိုင်ငံရေးအနှစ်သာရပြည့်ဝသည့် တွေ့ဆုံဆွေးနွေးပွဲများ အထမြောက် အောင်မြင်စေရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက သာယာသော နိုင်ငံရေးပတ်ဝန်းကျင် အခြေအနေကောင်းများကို ဖန်တီးပေးရန် လိုအပ်ပေသည်။ ထို့ကြောင့် . . .

(က) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် အစဉ်တစိုက် ကြိုးပမ်းအားထုတ်မှုများကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ခ) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည် မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဂ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(ဃ) ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ပြသခဲ့ကြသောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံနေကြရသည့် သံဃာတော်အရှင်သူမြတ်များ၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(င) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့များအား သက်ဆိုင်ရာအာဏာပိုင်တို့က ခေတ္တဟုဆိုပြီး၊ ယနေ့တိုင်ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပြုရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အဖွဲ့ဝင်များအား သက်ဆိုင်ရာအာဏာပိုင်များက တရားမဲ့စွာ အကြောင်းအမျိုးမျိုးပြ၍ အတင်းအကြပ်နုတ်ထွက်စေခြင်းများကို အမြန်ဆုံး ရပ်ဆိုင်းပေးရန်၊

(ဆ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံး ဆောင်ရွက်ပေးရန်၊

ဤ လွတ်လပ်ရေးနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးတွင် တောင်းဆိုလိုက်သည်။

၁၀ – ၁၂ – ၀၇ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ခင်ကျော်ဟန် (ရေနံချောင်း)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ၊ (၁၈) ရက်
၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း၊ (၁၁) ရက်

## ကြေညာချက်အမှတ် – ၂ / ၀၁ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးများအတွက် ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ တိုင်းရင်းသားလူမျိုးစုများအရေး၊ တိုင်းသူပြည်သားအားလုံး အချင်းချင်း အထွေထွေသဟဇာတဖြစ်မှုကိုရှေးရှုရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အစဉ်တစိုက်ကြိုးပမ်းလျက်ရှိပါသည်။ တိုင်းပြည်၏ မျက်မှောက်ပကတိအခြေအနေများအရ အမျိုးသားပြန်လည်သင့်မြတ်ရန် အချိန်အခါလည်းဆိုက်ရောက်နေပြီဖြစ်ပါသည်။ တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်စွာပါဝင်ခြင်းမရှိဘဲ တည်ငြိမ်၍အေးချမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်ပေ။

ပြည်သူလူထုက ဆန္ဒပြင်းပြစွာ လိုလားတောင့်တနေသော အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်ခြင်းအားဖြင့် တိုင်းပြည်တွင် လက်ငင်းအမှန်တကယ် ကြုံတွေ့နေကြရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် အထွေထွေအကျပ်အတည်းများကို လျော့ပါးသက်သာစေနိုင်ပါမည်။ အမျိုးသားပြန်လည်သင့်မြတ်ရေးပေါ်ပေါက်လာသည်နှင့်အမျှ တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်ရေးသည်လည်း အရှိန်အဟုန်ဖြင့် ဖြစ်ထွန်းလာနိုင်ပါမည်။ တိုင်းသူပြည်သားများ၏ လူနေမှုအဆင့်အတန်းများလည်း မြင့်မားလာနိုင်မည် ဖြစ်ပါသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က (၂၀၀၈) ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်အဖြစ်သတ်မှတ်ထားပြီး ဖြစ်ပါသည်။ တိုင်းပြည်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားများအတွက် အတိတ်၏ဖြစ်ရပ်များကိုသင်ခန်းစာယူကြပြီး ပစ္စုပ္ပန်နှင့် အနာဂတ်ကို ဦးတည်၍ ရိုးသားဖြောင့်မတ်ခြင်း၊ ကိုယ်ကျိုးစွန့် အနစ်နာခံခြင်းတို့ဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် လက်တွေ့အမှန်တကယ် ကျင့်သုံးဆောင်ရွက်ကြရန် အရေးကြီးပါသည်။ ဤ မရှိမဖြစ်လိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး စုပေါင်းညှိနှိုင်း၍ ဆုံးဖြတ်ချက်ချသင့်ပါသည်။

ၡင်းပြင် အာဏာပိုင်များက ကြေညာချက်အမှတ် – ၂/၂၀၀၇ ကိုထုတ်ပြန်၍ ဒေါ်အောင်ဆန်းစုကြည်နှင့်လုပ်ငန်းစဉ်များ ဆက်သွယ်ဆောင်ရွက်ရန်အတွက် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးအဖြစ် တာဝန်ပေးအပ်ခဲ့ပြီး ဆွေးနွေးမှုများလည်း ပြုလုပ်လျက်ရှိပါသည်။ တစ်ဖန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီကိုလည်း ဒေါ်အောင်ဆန်းစုကြည်နှင့်တွေ့ဆုံစေ၍ ဆွေးနွေးခွင့်များလည်းပေးခဲ့ပြီးဖြစ်ပါသည်။ ဤသို့သော အခြေအနေနှင့်အချိန်အခါမျိုးတွင် အဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး စုံစုံညီညီဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းကြ၍ အဖြေရှာနိုင်ခွင့် ရသင့်ပါသည်။

သို့ပါ၍ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံးပြန်လည်လွှတ်ပေးရန် အထူးလိုအပ်ပါသည်။ သို့မဟုတ်ပါက ထိုခေါင်းဆောင်နှစ်ဦးနှင့် ကျန်ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံးကို သက်ဆိုင်ရာအာဏာပိုင်များက တွေ့ဆုံခွင့်ပေး၍ လွတ်လပ်စွာဆွေးနွေးခွင့်ပြုရန် လိုအပ်ကြောင်း ကြေညာလိုက်သည်။

၁၇–၁–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏

အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၆၉ ခုနှစ် ပြာသိုလပြည့်ကျော် (၁) ရက်
၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၂၃) ရက်

## ကြေညာချက်အမှတ် – ၃ / ၀၁ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၁၁–၁–၀၈ နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ ၂၀၀၈ ခုနှစ် ဇန်နဝါရီလ (၁၄) ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)" အကြောင်းအရာ။ ။ <u>အမျိုးသားပြန်လည်သင့်မြတ်ရေး</u>

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်မျိုးသားလုံး ပြန်လည်သင့်မြတ်ရေး၊ အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရေးရှုရေးမှုတို့ကို စွဲကိုင်ထားသည်နှင့်အညီ တွေ့ဆုံဆွေးနွေးရေးကို အစဉ်တစိုက် ကြိုးပမ်းလျက်ရှိသောကြောင့် အောက်ပါ အကြံပြုချက်များကို ပေးပို့အပ်ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၈၉ ခုနှစ် မေလ (၃၁) ရက်နေ့တွင် ဥပဒေအမှတ် – ၁၄/၈၉ ဖြစ်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၎င်းပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၉ ခုနှစ် ဇူလိုင်လ (၅) ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ညှိနှိုင်းသာအစည်းအဝေးခန်းမ၌ ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား ရှင်းလင်းပြောကြားရာတွင်လည်း . . .

" × × × (constitution) အသစ်ဆွဲချင်သလား၊ ဆွဲလို့လဲ ကျွန်တော်တို့ပြောတယ်။ × × × × × ဘယ် (constitution) ကိုယူမလဲ၊ နိုင်ငံတစ်ခုရှိရင်အစိုးရတစ်ခုရှိရမယ်။ သူ့မှာ အခြေခံ (constitution) ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိရမယ်။ ဘယ်ဟာကို (recognize) လုပ်မလဲ၊ (amendment) လုပ်မလား၊ ဘာ ညာ ဒါတွေတော့ ပါတီတွေ စဉ်းစားကြရမယ့်ကိစ္စဗျ။ × × × "

ဟု ပြောကြားခဲ့ပါသည်။ တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ် မေလ (၁၀) ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ တိုင်းမှူး၊ တပ်မမှူးများအား တွေ့ဆုံပြောကြားရာတွင် . . .

" × × × မိမိတို့ လက်ရှိရည်မှန်းချက်မှာမူ ရွေးကောက်ပွဲကို သတ်မှတ်ချက်အတိုင်း ကျင်းပရန်ဖြစ်၍ အဆိုပါပုဂ္ဂိုလ်ပြောဆိုသော အခြေခံဥပဒေကိစ္စကို မစဉ်းစားနိုင်သေးကြောင်း၊ ထို့အပြင် ၎င်းကိစ္စမှာ မိမိတို့အပိုင်းလည်း မဟုတ်ကြောင်း၊ ဤကိစ္စသည် တစ်နေ့တစ်ချိန်တွင် တရားခံဖြစ်နိုင်ကြောင်း၊ အခြေခံဥပဒေအသစ်ကို ရေးချင်လည်း ရေးနိုင်ကြောင်း၊ အဟောင်းကို ပြင်၍ သုံးမည်ဆိုပါကလည်း သုံးနိုင်ကြောင်း။"

ဟု ထပ်မံပြောကြားခဲ့ပါသည်။

ထို့နောက် အာဏာပိုင်များက ၁၉၉၀ ပြည့်နှစ် မေလ (၂၇) ရက်နေ့တွင် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပပေးခဲ့ပါသည်။ ထိုရွေးကောက်ပွဲကို လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်း အာဏာပိုင်များကလည်း မကြာခဏ ပြောကြားခဲ့ပြီး ဖြစ်ပါသည်။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၃) ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ နိုင်ငံ

တော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်း အစည်းအဝေးတွင် . . .

" × × × ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲ ဖြစ်တယ်။ ဒီကိစ္စ ကိုယ့်အနေနဲ့ ၅–၇–၈၉ ရက်နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ န ဝ တ က မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလဲ အဖြစ်မခံနိုင်ဘူး။ × × × "

" × × × အခြေခံဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ။ × × × "

ဟု ထပ်မံ၍ တိုင်းပြည်သို့ ကတိကဝတ်ပြုခဲ့ပါသည်။

၎င်းပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ၁၉၉၀ ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၉၀ ကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာချက် – ၁/၉၀ ပါ အချက်များကို လိုက်နာပါမည် ဟုလည်း နိုင်ငံရေးပါတီများအား အာဏာပိုင်တို့ကခေါ်ယူ၍ ဝန်ခံချက်လက်မှတ်ရေးထိုးစေပါသည်။ ကြေညာချက် ၁/၉၀ ကို မလိုက်နာပါက နိုင်ငံရေးပါတီများအား ဖျက်သိမ်းခြင်းခံရမည်ဟူသောအချက် ပါရှိပါသည်။ ယင်းကြေညာ ချက် အပိုဒ် (၂၀) တွင် . . .

" × × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များ သည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များ ဖြစ်သည်။ × × × "

ဟု အတိအလင်း ဖော်ပြခဲ့ပါသည်။ ဤသည်မှာ တိုင်းပြည်နှင့် ပြည်သူလူထုအား အထက်တွင် ဖော်ပြခဲ့သော ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲကျင်းပပြီးနောက် အာဏာပိုင်တို့က ပေးခဲ့သောကတိကဝတ်များကို ပိုမိုခိုင်မာ စေရန် ရည်ညွှန်းခြင်းဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံသားများက မိမိတို့၏ လွတ်လပ်သောစိတ်ဆန္ဒအရ နိုင်ငံ၏အရေးအရာများကို ဆောင်ရွက်ရန် ၎င်းတို့ကိုယ်စား ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပူးပေါင်းပါဝင် ဆောင် ရွက်နိုင်မည့် အစီအမံများကို အာဏာပိုင်များက ခင်းကျင်းပေးရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် တိုင်းပြည် အတွက် အရေးကြီးသည့်ကိစ္စရပ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် သက်ဆိုင်သူများအား လုံး (all inclusive) ပူးပေါင်းပါဝင်ခွင့်ရပြီး၊ ကျယ်ကျယ်ပြန့်ပြန့် ညှိနှိုင်းဆွေးနွေးကြ၍ ညီညီညွတ်ညွတ် လုပ်ဆောင် ကြရန် အရေးကြီးပါသည်။

၎င်းပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် လုပ်ငန်းစဉ်များ ဆက်သွယ်ဆောင်ရွက်ရန်အတွက် အာဏာပိုင်များက ကြေညာချက်အမှတ် – ၂/၂၀၀၇ ကို ထုတ်ပြန်၍ ဆက်ဆံရေးဝန်ကြီးအဖြစ် ဦးအောင်ကြည်ကို တာဝန်ပေးအပ်ခဲ့ပြီး ဖြစ်ပါသည်။ ယခုကဲ့သို့ ကြေညာချက်ထုတ်ထားပါသဖြင့် အချိန်နှင့်အမျှပြောင်းလဲတိုးတက်နေသော Globalization ခေတ်ကြီးတွင် တန်ဖိုးရှိသော အချိန်များကို အချည်းနှီးမဖြစ်စေရန် အချိန်ကာလ သတ်မှတ်၍ တွေ့ဆုံဆွေးနွေးသင့်ပါ သည်။ တွေ့ဆုံဆွေးနွေးညှိနှိုင်းအဖြေရှာခြင်း စောစောအောင်မြင်လေ၊ တိုင်းပြည်နှင့် ပြည်သူလူထု မြန်မြန်အကျိုးရှိ လေ ဖြစ်ပါသည်။

ထို့ကြောင့် စည်းလုံးညီညွတ်မှု ရရှိစေမည့် တိုင်းပြည်၏ လက်ရှိအခြေအနေများအရ အထူးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာကြရန် ဖြစ်ပါသည်။ တွေ့ဆုံဆွေးနွေးညှိ နှိုင်းအဖြေရှာကြမှသာလျှင် နိုင်ငံရေးတည်ငြိမ်ပြီး၊ စီးပွားရေးလည်း ဖွံ့ဖြိုးတိုးတက်လာနိုင်မည် ဖြစ်ပါသည်။ ဤသို့ အကြံပြုရခြင်းမှာ . . .

(က) နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် မိမိတို့ကိုယ်တိုင် ပြဋ္ဌာန်းထားသော ပြည် သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် မိမိတို့ကိုယ်တိုင် ထုတ်ပြန်ထားသော ကြေညာချက် – ၁/၉၀ တို့ကို လေးစားလိုက်နာကျစေရန်၊

(ခ) ဤအကြံပြုချက်ကို လက်ခံလိုက်ခြင်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင် ကူးပြောင်းရေး အဆင့်ဆင့်အတွက်လည်း အထောက်အကူဖြစ်စေရန်၊

(ဂ) နိုင်ငံသူ နိုင်ငံသားများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ယုံကြည်မှုရှိလာစေရန်၊

(ဃ) ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်ခဲနက် ဖော်ပြခဲ့သော မဲဆန္ဒရှင်ပြည်သူလူထု၏ ဆန္ဒသဘောထားများကို တစ်နည်းတစ်ဖုံ အကောင်အထည်ဖော်ပေးရာရောက်သဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ကောင်းသောသာဓကကို သမိုင်းတွင်ကျန်ခဲ့စေရန်၊

(င) မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ၊ ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက်များနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်ပါအချက်များကို လိုက်နာသည့်လုပ်ရပ်တစ်ခုအား နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ဆောင်ရွက်ပေးကြောင်း ထင်သာမြင်သာစေရန်၊

စသည့် ကောင်းမွန်သော ရည်ရွယ်ချက်များဖြင့် နိုင်ငံရေးအရလည်းကောင်း၊ တရားဝင်ပြဋ္ဌာန်းထားသည့် ဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်သိက္ခာအရလည်းကောင်း၊ တပ်မတော်၏သမိုင်းအစဉ်အလာအရလည်းကောင်း၊ နိုင်ငံတကာစံနှုန်းများအရလည်းကောင်း ဖြစ်သင့်ဖြစ်ထိုက်သောလုပ်ငန်းစဉ်ကို စိတ်ရင်းစေတနာမှန်ဖြင့် ရိုးသားပွင့်လင်းစွာ အကြံပြုခြင်း ဖြစ်ပါသည်။

၁၁ – ၁ – ၀၈ နေ့တွင်ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ "(ဆုံး)"

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက်
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၉) ရက်

## ကြေညာချက်အမှတ် – ၄ / ၀၁ / ၀၈

အာဏာပိုင်များက လောင်စာဆီဈေးနှုန်းများကို အဆမတန် တိုးမြှင့်လိုက်သည်ကြောင့် ရဟန်းရှင်လူ ပြည်သူအားလုံး စားဝတ်နေရေး သွားလာရေး စရိတ်စကများမှာ ဝင်ငွေနှင့် လုံးဝမျှတခြင်းမရှိဘဲ ရုတ်ခြည်းမြင့်မား သွားခဲ့ကြပါသည်။ ထို့ကြောင့် ရဟန်းရှင်လူ ပြည်သူတို့သည် အမှန်တကယ် ကြုံတွေ့နေကြရသော လူမှုဘဝဒုက္ခ အမျိုးမျိုးတို့ကြောင့် မခံမရပ်နိုင်ကြသဖြင့် ၂၀၀၇ ခုနှစ်၊ သြဂုတ်နှင့် စက်တင်ဘာလအတွင်း ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့ပါသည်။

ထိုအခါ အာဏာပိုင်များနှင့် ၎င်းတို့၏ ကျောထောက်နောက်ခံပြုထားသော အဖွဲ့များက အကြမ်းဖက်သည့် နည်းလမ်းများဖြစ်သော ရက်စက်စွာရိုက်နှက်ခြင်း၊ ထိုးကြိတ်ခြင်း၊ ကန်ကျောက်ခြင်း၊ မျက်ရည်ယိုဗုံးခွဲခြင်း၊ သေနတ်ဖြင့်ပစ်ခတ်ခြင်းတို့ဖြင့် မလိုအပ်ဘဲ အလွန်အကျွံ အင်အားသုံး၍ ရန်သူသဖွယ် နှိမ်နင်းခဲ့ကြသည်။ အာဏာပိုင်များက ကျောထောက် နောက်ခံပြုထားသည့် စွမ်းအားရှင်နှင့် ကြံ့ခိုင်ဖွံ့ဖြိုးရေးအဖွဲ့ဝင်များအနေဖြင့် ဥပဒေအရ ဖမ်းဆီးပိုင်ခွင့် မရှိပါဘဲ ရဟန်းရှင်လူ ပြည်သူတို့ကို ဖမ်းဆီးချုပ်နှောင်ခဲ့ပါသည်။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၉) တွင် ပါရှိသော . . .

"မည်သူမျှ ဥပဒေအရမဟုတ်သော ဖမ်းဆီးခြင်းကိုဖြစ်စေ၊ ချုပ်နှောင်ခြင်းကိုဖြစ်စေ၊ ပြည်နှင်ခြင်းကိုဖြစ်စေ မခံရ"

ဟူသည့်အချက်နှင့် ညီညွတ်ခြင်းမရှိပါ။

ဖမ်းဆီးခြင်းခံရသူများကိုလည်း တရားစွဲဆိုနိုင်ခြင်းမရှိဘဲ ယနေ့အထိ ဆက်လက်ချုပ်နှောင်ထားပါသည်။ ဤသည်မှာ ပြစ်မှုဆိုင်ရာ ကျင့်ထုံးဥပဒေ ပုဒ်မ(၆၁) တွင် ပါရှိသော . . .

"ဖမ်းဆီးထားသူကို (၂၄)နာရီထက်ကျော်လွန်၍ ချုပ်မထားရခြင်း"

နှင့် ပုဒ်မ(၈၁) တွင် ပါရှိသော . . .

"ဖမ်းဆီးခံရသူအား တရားရုံးသို့ နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ ခေါ်ဆောင်သွားရခြင်း"

ဟူသော ပြဋ္ဌာန်းချက်တို့နှင့် ဆန့်ကျင်နေပါသည်။

ထို့အပြင် ယင်းဖမ်းဆီးခြင်းခံရသူများကို သက်ဆိုင်ရာအကျဉ်းထောင်များတွင် ရာဇဝတ်ပြစ်ဒဏ် ကျခံနေရသူများနှင့်အတူတကွ ထားရှိကြောင်းကိုလည်း ကြားသိရပါသည်။ အကျဉ်းထောင်များ အက်ဥပဒေ ပုဒ်မ ၂၇ (၃) တွင် . . .

"အပြစ်ဒဏ်မကျခံရသေးသော ရာဇဝတ်အကျဉ်းသားများကို ခွဲခြားချုပ်နှောင် ထိန်းသိမ်းရမည်"

ဆိုသည့် ပြဋ္ဌာန်းချက်နှင့် အကျဉ်းထောင်လက်စွဲ အပိုဒ် ၄၁၅ (၃) တွင် . . .

"အချုပ်အကျဉ်းသားများအား ထောက်ကျအကျဉ်းသားများနှင့် ခွဲခြားထားရှိရမည်"

ဆိုသည့် ညွှန်ကြားချက်တို့နှင့် ကွဲလွဲနေပါသည်။

တစ်ဖန် မကွေးတိုင်း၊ တောင်တွင်းကြီးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စည်းရုံးရေးအဖွဲ့မှ ဒုတိယ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့အား လာရောက်ဖမ်းဆီးသူများက လက်နောက်ပြန်၍ လက်ထိပ်ခတ်ဖမ်းဆီးခြင်း၊ ထမင်းစားချိန်မှအပ လက်နောက်ပြန်၍ လက်ထိပ်ခတ်ထားခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း ကြားသိရပါသည်။ ဖမ်းဆီးခြင်းနှင့် စပ်လျဉ်း၍ တရားရုံးများလက်စွဲ အပိုဒ် ၃၉၇ တွင် . . .

"တရားခံကို ဖမ်းဆီးရာ၌ ရဲအရာရှိသည် ၎င်းတရားခံကို ချက်ခြင်း လက်ထိပ်ခတ်ရန်သော်၎င်း၊ ကြိုးနှင့်ဖြစ်စေ၊ သံကြိုးနှင့်ဖြစ်စေ ချည်နှောင်ရန်သော်၎င်း၊ မည်သည့်နည်းနှင့်မျှ မလိုချေ။ × × ×"

ဟူသော အချက်တို့ကို မျက်ကွယ်ပြုသလို ဖြစ်နေပါသည်။

ဖမ်းဆီးခြင်းခံရသူအချို့ကို တရားရုံးသို့ထုတ်ပြီး အင်းစိန်ထောင်သို့ ပြန်ဝင်ရာတွင် အလွန်အမင်းတင်းကျပ်စွာ ရှာဖွေမှုများပြုလုပ်ခြင်း၊ ကိုယ်အင်္ဂါ အနာတရဖြစ်အောင် ရှာဖွေခြင်းခံရကြောင်း ကြားသိရပါသည်။ ဤသည်မှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၅ တွင် ပါရှိသော . . .

"မည်သူကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ လူမဆန်စွာ ဂုဏ်ငယ်စေသောဆက်ဆံမှု မပြုရ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ"

ဆိုသည်ကို လျစ်လျူရှုသလို ဖြစ်နေပါသည်။

ပြစ်ဒဏ်ကျခံနေကြရသော အကျဉ်းသားများ၏ ကျန်းမာရေးတွင်လည်း လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှု၊ ဆေးကုသခွင့်တို့ မရရှိကြောင်း ကြားသိနေရပါသည်။ ထို့ကြောင့် အကျဉ်းထောင်များ အက်ဥပဒေ ပုဒ်မ ၃၇ (၂) တွင် . . .

"စိတ် (သို့) ခန္ဓာကိုယ် မကျန်းမာ၍ ဆေးကုသမှုခံယူလိုသော အကျဉ်းသားများကို သက်ဆိုင်ရာ ထောင်မှူးက ဆေးဘက်ဝန်ထမ်းအား ချက်ခြင်းအကြောင်းကြားရမည်။ ထို့အပြင် ယင်းအား နာမကျန်းဖြစ်သည့် အကျဉ်းသားကို ထောင်စည်းကမ်းအရ အလျော့အတင်း (သို့) ကုသမှု ဆက်လက်ဆောင်ရွက်ရန် ဆရာဝန်၏ညွှန်ကြားချက်များကို လိုက်နာဖြည့်ဆည်းပေးရမည်"

ဟူသော ပြဋ္ဌာန်းချက်တို့နှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိနေရပါသည်။

သို့ပါ၍ အာဏာပိုင်များ၏ နေ့စဉ်ထုတ်သတင်းစာများတွင် ကြွေးကြော်နေသည့် နိုင်ငံရေးဦးတည်ချက်တွင် ပါရှိသော . . .

- "တရားဥပဒေစိုးမိုးရေး" ပေါ်ပေါက်စေရန် နိုင်ငံတော်က ပြဋ္ဌာန်းထားသော သက်ဆိုင်ရာ တည်ဆဲဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပေးရေး၊
- မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းပါ အပိုဒ်များကို လေးစားလိုက်နာရေး၊

တို့ကို အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမြန်ဆုံး အကောင်အထည်ဖော်ပေးပါရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုက်တွန်းနှိုးဆော်လိုက်သည်။

၂၉–၁–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၅)ရက်
၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၁၄)ရက်

## ကြေညာချက်အမှတ် – ၅ / ၀၂ / ၀၈

ပြည်ထောင်စုမြန်မာနိုင်ငံတွင် အခြေခံလူ့အခွင့်အရေးများနှင့် စစ်မှန်သောဒီမိုကရေစီ ရရှိရေးတို့အတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို တည်ထောင်ခဲ့ပါသည်။ ထို့အပြင် စတင်တည်ထောင်စဉ်ကပင် တိုင်းရင်းသားလူမျိုးများအရေးကိုလည်း ဦးစားပေး အလေးထားလျက်ရှိပါသည်။ ထို့ကြောင့် ၁၉၈၈ ခုနှစ် အောက်တိုဘာလတွင် ထုတ်ပြန်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ **မူဝါဒသဘောထားများ** (မူကြမ်း) ၏ တိုင်းရင်းသားလူမျိုးများ ကဏ္ဍတွင် . . .

"တိုင်းရင်းသားလူမျိုးများအားလုံး၏ တန်းတူရည်တူ အခွင့်အရေးများကို အသိအမှတ်ပြုခြင်း၊ စိတ်ထားစေတနာဖြူစင်ခြင်း၊ ချစ်ကြည်ရင်းနှီးခြင်း၊ တဦး၏အယူအဆ တဦးလေးစားခြင်း၊ အခြေခံလူ့အခွင့်အရေးလေးစားယုံကြည်ခြင်း၊ တိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းစဉ်လာ ဖွံ့ဖြိုးတည်ထွန်းစေလိုသောဆန္ဒအား လိုက်လျောခြင်း တို့ကို အခြေပြုလျက် အကောင်းဆုံးအဖြေကို ရရှိသည်အထိ ကြိုးပမ်းမည်။ ဤအချက်များကို အထူးအလေးအနက်ထား၍ ပူးပေါင်းဖြေရှင်းကြလျှင် ပြည်ထောင်စုကြီး ငြိမ်းချမ်းရေးနှင့် ပြည်ထောင်စုသားအချင်းချင်း သဟဇာတဖြစ်ရေးတို့သည် မုချအောင်ပန်းဆင်နိုင်မည့် ရည်မှန်းချက်များဖြစ်သည်ဟု ယုံကြည်သည်။ ဤရည်မှန်းချက်များ ထမြောက်အောင် ကြိုးပမ်းလုပ်ဆောင်သွားမည်။"

"ဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုကြီးအဖြစ် စီးပွားရေးအင်အား ခိုင်မာတောင့်တင်းစွာ ရပ်တည်နိုင်ရေးကို လိုလားသည့်အလျောက် ပြည်နယ်အသီးသီးတွင် စီးပွားရေး ဖွံ့ဖြိုးမှုလုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဦးတည်မည်။ တိုင်းရင်းသားလူမျိုးများ၏ မွေးရာပါအခွင့်အရေးများ ခံစားပြည့်ဝရေးနှင့် ပြည်ထောင်စုကြီးတခုလုံး သာယာဝပြောရေးတို့ သဟဇာတဖြစ်စေမည့်မူကို လက်ခံကျင့်သုံး၍ ပြည်နယ်များ၏ကိုယ်ပိုင်ပြဌာန်းခွင့်ကို ဖော်ထုတ်မည်။"

ဟု အတိအလင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။

အထက်ဖော်ပြပါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မူဝါဒသဘောထားများအပေါ် အခြေခံလျက် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိ ၎င်း၏ မြန်မာပြည်အနှံ့စည်းရုံးရေးခရီးစဉ်များတွင် အလျဉ်းသင့်သလို တိုင်းရင်းသားများအရေးကို အလေးအနက်ထား၍ မကြာခဏ ပြောကြားလျက်ရှိပါသည်။ ထို့အပြင် ၂၀၀၇ ခုနှစ် နိုဝင်ဘာလ (၈)ရက်နေ့တွင် တိုင်းရင်းသားများအရေးနှင့် စပ်လျဉ်း၍ ထုတ်ပြန်ခဲ့သော ကြေညာချက်၌ . . .

" x x x in this time of vital need for democratic solidarity and national unity, it is my duty to give constant and serious considerations to the interests and opinions of as broad a range of political organizations and forces as possible, in particular those of our ethnic nationality races."

" × × × ဒီမိုကရေစီအင်အားစုများအားလုံး သွေးစည်းခိုင်မာမှုနှင့် အမျိုးသားညီညွတ်ရေး အရေးတကြီးလိုအပ်နေသော ယခုအချိန်မျိုးတွင် နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် ကျမတို့၏ တိုင်းရင်းသားလူမျိုးစာအားလုံး၏ ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို အခိုင်အမာ

အဆက်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျမအပေါ် ကျရောက်လာသော တာဝန်ဖြစ်နေပါပြီ။"

ဟု ရိုးသားတည်ကြည်စွာ ဖော်ပြခဲ့ပါသည်။

ဤသည်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးများ အားလုံး၏ အကျိုးနှင့် ပြည်ထောင်စုကြီးတစ်ခုလုံး၏ အကျိုးစီးပွားများကို အလေးထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး အနေဖြင့် တာဝန်သိသိ သစ္စာရှိရှိ ပြောကြားခဲ့ခြင်း ဖြစ်ပါသည်။ သို့သော်လည်း တိုင်းရင်းသားလူမျိုးစုများ၏ အချို့ပါတီများ၊ အဖွဲ့အစည်းများက သဘောမတူကြောင်းနှင့် ကန့်ကွက်ကြောင်း ကြေညာချက်များ ထုတ်ပြန်ခဲ့သည်ကို အာဏာပိုင်များ၏ ၂၀၀၇ ခုနှစ် နိုဝင်ဘာလထုတ် သတင်းစာများတွင် တွေ့ရှိ ဖတ်ရှုရပါသည်။

ဤကဲ့သို့ မိမိတို့သဘောထားနှင့် အယူအဆများကို လွတ်လပ်စွာ ပြောဆိုခြင်းနှင့် ကန့်ကွက်ခြင်းတို့မှာ ဒီမိုကရေစီ၏ ကျင့်စဉ်များဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောပေါက်နားလည်ပါသည်။ ထိုနည်းတူ နှစ်ဦးနှစ်ဘက် ဆွေးနွေးခြင်းတို့မှာလည်း ဒီမိုကရေစီ၏ အနှစ်သာရဖြစ်ပါသည်။

သို့ပါ၍ အဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူး၏ ယင်းကြေညာချက်အပေါ် သဘောထားအမြင်မတူ အယူအဆကွဲပြားကြသည့် အချို့သော တိုင်းရင်းသားပါတီများ၊ အဖွဲ့အစည်းများအနေဖြင့် ရန်ကုန်မြို့၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(ဌာနချုပ်) ရုံးသို့ လာရောက် ဆွေးနွေးနိုင်ကြောင်း ဖိတ်ခေါ်လိုက်ပါသည်။

၄-၂-၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏<br>အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း (၆) ရက်

## ကြေညာချက်အမှတ် – ၆ / ၀၂ / ၀၈
## (၆၁)ကြိမ်မြောက် ပြည်ထောင်စုနေ့ ကြေညာချက်

ယနေ့သည် တောင်တန်းဒေသများနေလူမျိုးများနှင့် ပြည်မတွင်နေထိုင်ကြသည့် လူမျိုးများတို့သည် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းများဖြင့် အချုပ်အခြာအာဏာပိုင် လွတ်လပ်သော မြန်မာနိုင်ငံတော်အဖြစ် တည်ဆောက်ကြရန်သဘောတူညီခဲ့သည့် နေ့ရက်ဖြစ်ပေသည်။ (တောင်တန်းဒေသ၊ ပြည်မဆိုသည့် အခေါ်အဝေါ်များကို ၁၉၄၈ ခုနှစ်မတိုင်မီက အသုံးပြုခဲ့သည်။) ဤနေ့ဤရက်ကို မြန်မာပြည်သူအားလုံးက အထူးဂုဏ်ပြုကြရမည့်အားလျော်စွာ (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဂုဏ်ပြု၍ကျင်းပခြင်းဖြစ်ပါသည်။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူ၍ လူမျိုးရေး ခွဲခြားခြင်း မရှိပါဘဲ လူမျိုးစုအားလုံးသည် စည်းလုံးညီညွတ်စွာ၊ သွေးစည်းကြစွာ မိမိတို့ လုံးဝပိုင်ဆိုင်သည့် အမိတိုင်းပြည်ကို ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်တို့အောက်မှ လွတ်မြောက်ရန် တစ်ပြိုင်နက်တည်း တိုက်ခိုက်တွန်းလှန်ကြပြီး လွတ်လပ်ရေးတိုက်ပွဲ၏နောက်ဆုံးအဆင့်အဖြစ် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် နေ့ထူးနေ့မြတ်ကြီးဖြစ်ပေသည်။

ထိုနေ့ထူးနေ့မြတ်ကြီးကို အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားတိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ အမြော်အမြင်ကြီးမားမှု၊ တိုင်းပြည်အပေါ် အမှန်တကယ်ချစ်ခင်မြတ်နိုးမှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်လေးစား ယုံကြည်မှုတို့ဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း ပင်လုံမြို့၌ စတင်၍တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ ယနေ့ထက်တိုင် ပေါ်လွင်ထင်ရှားလျက်ရှိသော "ပင်လုံညီလာခံ"မှာ နိုင်ငံရေးကို နိုင်ငံရေးနည်းလမ်းဖြစ်သည့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးခြင်းကိုကျင့်သုံး၍ အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့သည်။ သို့သော် အထူးသိမ်မွေ့ နူးညံ့သည့် နိုင်ငံရေးကိစ္စဖြစ်သည်ကြောင့် ညီလာခံမတိုင်မီတွင် အခက်အခဲမျိုးစုံကို ကျော်လွှားဖြတ်သန်းခဲ့ရပါသေးသည်။

မြန်မာ့အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားမျိုးချစ်ခေါင်းဆောင်ကြီးများ (တိုင်းရင်းသားခေါင်းဆောင်များအပါအဝင်)သည် မိမိမြန်မာနိုင်ငံတော်ကို ကိုလိုနီနယ်ချဲ့အောက်မှလည်းကောင်း၊ ဖက်ဆစ်စနစ်ဆိုး၏လက်အောက်မှလည်းကောင်း၊ လွတ်မြောက်ရန် ဇွဲ၊ သတ္တိ၊ ဝီရိယနှင့် ကိုယ်ကျိုးမဖက် ကြိုးပမ်းခဲ့ကြရပေသည်။ ဤသို့ ကြိုးပမ်းခဲ့ကြရာတွင် နိုင်ငံရေးပါတီဖွဲ့စည်းပြီး အဆိုပါနိုင်ငံရေးပါတီ၏ လမ်းညွှန်မှုကို ခံယူခဲ့ကြရသည်။ သို့နှင့် ပထမဦးစွာ တို့ဗမာအစည်းအရုံးကို စတင်တည်ထောင် ဖွဲ့စည်းခဲ့ကြသည်။ ပြည်သူလူထုတစ်ရပ်လုံးက ထောက်ခံအားပေးခဲ့ကြသည်။

တို့ဗမာအစည်းအရုံးကြီးက ထိုအချိန်အခါတွင် ဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေများအရ လက်နက်ကိုင်၍တော်လှန်မှသာ မိမိနိုင်ငံ လွတ်လပ်ရေးရနိုင်မည်ဖြစ်သောကြောင့် လက်နက်ကိုင်လမ်းစဉ်ကို ချမှတ်လိုက်ရခြင်းဖြစ်ပေသည်။ သို့လက်နက်ကိုင်လမ်းစဉ်ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် ပြည်မပြည်နယ် တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်မှုကို တည်ဆောက်ရမည်မှာ အဓိကလမ်းစဉ်တစ်ရပ်ဖြစ်ပေသည်။ ထိုအချိန်အခါကပင် နိုင်ငံခေါင်းဆောင်ကြီးများက အမြော်အမြင်ကြီးမားလှစွာဖြင့် သိရှိနားလည်ခံယူရခြင်းဖြစ်သည်။ တိုင်းရင်းသားလူမျိုးစုများ စည်းလုံးညီညွတ်စွာပါဝင်ခြင်းမရှိဘဲ၊ တည်ငြိမ်၍ အေးချမ်းသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်ဟု ကောင်းစွာနားလည်သဘောပေါက်ခဲ့ကြသည်။ သို့ကြောင့် ၁၉၃၈ ခုနှစ်တွင် မော်လမြိုင်မြို့၌ကျင်းပခဲ့သည့် တို့ဗမာ အစည်းအရုံးညီလာခံက တောင်တန်းဒေသများအရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း အရေးတယူ စိတ်ဝင်စားပုံကို ထည့်သွင်းဖော်ပြခဲ့သည်။

" . . . တို့ဗမာအစည်းအရုံးကြီးသည် ရှမ်း၊ ချင်း၊ ကချင်၊ ကရင်စသော ဗမာပြည်တိုင်းရင်းသား အားလုံးတို့ကို တသွေးတစိတ်တည်း တို့ဗမာဟု အသိအမှတ်ပြုထားရာ၊ ဗြိတိသျှနယ်ချဲ့ရှင်တို့က လွတ်လပ်စွာသွေးစုတ်နိုင်ခွင့်ရရန်ငှင်း၊ အုပ်ချုပ်ရာ၌ လွယ်ကူစေရန်ငှင်း၊ ဤကဲ့သို့ တို့ဗမာအချင်းချင်း သွေးခွဲထားခြင်းကို တို့ဗမာအစည်းအရုံးကြီးက လုံးဝမနှစ်မြို့ကြောင်း၊ × × × × × တို့ဗမာအစည်းအရုံးကြီး ရှေ့ရှုအပ်သော ကိုယ့်မင်းကိုယ့်ချင်းစခမ်းသည် မြေညီရှိ တို့ဗမာများနှင့်သာမက၊ တောင်ကုန်းဒေသများရှိ ဗမာအားလုံးနှင့်လည်း သက်ဆိုင်ပေရာ မည်ကဲ့သို့ပင် အနှောင့်အယှက် အချုပ်အချယ်များစေကာမူ တောင်ကုန်းဒေသများရှိ ချင်း၊ ကချင်၊ ကရင်၊ ရှမ်းစသော တို့ဗမာများနှင့် မြေညီရှိ တို့ဗမာအများ သွေးစည်းမှုကို အပတ်တကုတ် ကြိုးစားဆောင်ရွက်မည်ဖြစ်ကြောင်း . . . "

(တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေစာအုပ် ပထမတွဲ စာ–၅၇ မှ)

ဤသည်မှာ တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုး၍ မိမိတိုင်းပြည်ကို လွတ်လပ်သောနိုင်ငံတော်အဖြစ် တည်ဆောက်ရန် ဆန္ဒပြင်းပြပြီး မိမိနိုင်ငံတွင် တိုင်းရင်းသားများအားလုံး စည်းလုံး ညီညွတ်၍ သွေးစည်းကြမှသာ လွတ်လပ်ရေးရနိုင်မည်ဖြစ်ကြောင်းကို တိုင်းပြည်သို့ အတိအလင်း အသိပေးလိုက်ခြင်း၊ သတိပေးလိုက်ခြင်း မည်ပေသည်။

ထို့နောက် ဖက်ဆစ်တော်လှန်ရေးကြီးကို ၁၉၄၅ ခုနှစ် မတ်လ (၂၇)ရက်နေ့တွင် တိုင်းရင်းသားအားလုံး၏ သွေးစည်းမှု စည်းလုံးညီညွတ်မှုအင်အားဖြင့် ဆင်နွှဲ တိုက်ခိုက်၍ အောင်မြင်မှုကို ရယူနိုင်ခဲ့သည်။ ဤအချိန်အခါတွင် အမျိုးသားအာဇာနည် ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို ပြည်သူပြည်သားတစ်ရပ်လုံးက အမျိုးသားခေါင်းဆောင်ကြီးအဖြစ် အသိအမှတ် ပြုထားကြပြီး ဖြစ်ပါသည်။ တိုင်းပြည်တွင်လည်း ပြည်သူလူထု သွေးစည်းညီညွတ်မှု ရရှိလာခဲ့သည်။ သို့ကြောင့် ပြည်သူလူထု ညီညွတ်မှုအားကို ယှဉ်ပြိုင်ခြင်း မပြုနိုင်သည့်အားလျော်စွာ ဖက်ဆစ်များ တိုင်းပြည်တွင်းမှ ထွက်ခွာသွားခဲ့ကြရသည်။ ၎င်းအပြင် ပြန်လည်ဝင်ရောက်လာသော ဗြိတိသျှအစိုးရက ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်သောအဖွဲ့ကို ဖိတ်ကြား၍ တိုင်းပြည်လွတ်လပ်ရေးအတွက် ဆွေးနွေးခဲ့ကြရသည်။

မိမိတိုင်းပြည်လွတ်လပ်ရေးဆွေးနွေးပွဲအတွက် ဗြိတိန်နိုင်ငံသို့ မသွားမီကပင် တိုင်းရင်းသားလူမျိုးစုများ၏ ကိစ္စ အရေးကြီးသည်ကို ဗိုလ်ချုပ်အောင်ဆန်းနှင့် အခြားအမျိုးသားခေါင်းဆောင်ကြီးများသည် ကောင်းမွန်စွာ သိရှိနားလည်သဘောပေါက်ကြပြီးဖြစ်သည့်အားလျော်စွာ ဖက်ဆစ်ဆန့်ကျင်ရေးပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ဖဆပလ) က . . .

"× × × ဗမာနှင့် အခြားတိုင်းရင်းသားများ ဖြစ်ကြသော ရှမ်း၊ ကရင်၊ ကချင်၊ ချင်းစသည်တို့ကို သွေးခွဲရန် (ကိုလိုနီနယ်ချဲ့က) နည်းမျိုးစုံသုံးစွဲနေကြကြောင်း"

(တိုင်းရင်းသားလူမျိုးများအရေးနှင့် ၁၉၄၇ အခြေခံဥပဒေ ပထမတွဲ၊ စာ–၁၂၇)

ဟု ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ၁၉၄၆ ခုနှစ် ဒီဇင်ဘာလ (၃၁)ရက်နေ့တွင် . . .

"တောင်တန်းဒေသများအား မြန်မာပြည်မနှင့်အတူ လွတ်လပ်ရေးပေးရန်"

ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။

တစ်ဖန် မိမိတိုင်းပြည်လွတ်လပ်ရေးရရှိရန် ပြည်မနှင့်တောင်တန်းသားများပေါင်းစည်းရေးအတွက် ပြည်သူလူထုအစည်းအဝေးပွဲကြီးတစ်ခုဖြစ်သော နေသူရိန်အစည်းအဝေးကြီးက ၁၉၄၆ ခုနှစ် ဩဂုတ်လ (၁၉)ရက်နေ့တွင် . .

"ဗမာပြည်တွင်းရှိ တိုင်းရင်းသားလူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်ပြီး အားလုံး၏ သဘောနှင့် ညီညွတ်စွာ ထူထောင်သောနိုင်ငံ တည်ထောင်ရန်။ ဤသို့တည်ထောင်ရာ၌ ပါဝင်သော လူမျိုးအသီးသီးအား မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်သော အခွင့်အရေးများ ပေးထားရန်။"

ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ဤကြေညာချက်ပါ အချက်များဖြစ်သော "တိုင်းရင်းသား လူမျိုးတိုင်း မိမိတို့ကံကြမ္မာကို မိမိတို့ကသာ ဖန်တီးနိုင်ပြီး အားလုံး၏သဘောနှင့် ညီညွတ်စွာ" ဆိုသည့်စကားရပ်များမှာ အလွန်အဖိုးထိုက်တန်လှပြီး မိမိတို့တိုင်းပြည်၏ အနာဂတ်အတွက် ယနေ့ပြည်သူပြည်သားတို့ ထည့်သွင်းစဉ်းစား အထူးအလေးထားကြရမည့် သင်ခန်းစာယူဖွယ်အချက်များ ဖြစ်ပေသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့သည် အထက်အဆိုပါဆုံးဖြတ်ချက်နှစ်ရပ်၏လုပ်ပိုင်ခွင့်(mandate) ကို ယူဆောင်၍ ဗြိတိန်နိုင်ငံ လန်ဒန်မြို့သို့ ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီ ခေါင်းဆောင်သော အစိုးရအဖွဲ့နှင့်

ဆွေးနွေးရန် ထွက်ခွာသွားခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲများ၌ မိမိတိုင်းပြည်လွတ်လပ်ရေးရရှိပြီး အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်ခုအဖြစ် တည်ဆောက်ရန်မှာ အဓိကအချက်ဖြစ်သည်။ ထိုနည်းအတူ တိုင်းရင်းသားလူမျိုးစုများလည်း ပြည်မနှင့်အတူ တစ်ပြိုင်နက်တည်း လွတ်လပ်ရေးရရှိရေးကိစ္စသည်လည်း အခြားသောအရေးကြီးသည့်အချက်ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မြန်မာပြည်လွတ်လပ်ရေးရရှိရန်တောင်းဆိုသည့်အဖွဲ့နှင့် ဗြိတိသျှဝန်ကြီးချုပ် ခေါင်းဆောင်သောအဖွဲ့တို့သည် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြစ်သည့် ငြိမ်းချမ်းစွာ တစ်ဖက်နှင့်တစ်ဖက် အပေးအယူပြုလုပ်၍ ဒီမိုကရေစီကျင့်စဉ်များအရ အဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ (၂၇)ရက်နေ့တွင် သမိုင်းမှတ်တမ်းဝင် "အောင်ဆန်း–အက်တလီစာချုပ်"ကို အောင်မြင်စွာ ချုပ်ဆိုခဲ့ကြသည်။

အဆိုပါစာချုပ်တွင် တိုင်းရင်းသားလူမျိုးစုများအရေးနှင့်စပ်လျဉ်း၍ အထူးထည့်သွင်းဖော်ပြထားသည်ကို တွေ့ရှိရသည်။ ၎င်းမှာ . . .

> " × × × ဝန်ကြီးကွန်ဖရင့် (ပင်လုံကွန်ဖရင့်) တွင်လည်းကောင်း၊ သို့မဟုတ် ဤကိစ္စအတွက် (ကိစ္စဆိုသည်မှာ တောင်တန်းဒေသ သို့မဟုတ် နယ်ခြားဒေသနေ လူမျိုးစုများက မြန်မာနိုင်ငံ ပြည်မနှင့်အတူ လွတ်လပ်ရေးရယူရေးဖြစ်သည်။) ကျင်းပသော အထူးကွန်ဖရင့်တွင်လည်းကောင်း၊ နယ်ခြားဒေသရှိ လူများ၏ခေါင်းဆောင်များ၊ ကိုယ်စားလှယ်များကို မေးမြန်းရမည်"
>
> ("အောင်ဆန်း–အက်တလီစာချုပ်" အခန်း (၈)၊ နယ်ခြားဒေသများ အပိုဒ်–၃)

ဟူ၍ ဖြစ်ပါသည်။

ဤ "အောင်ဆန်း–အက်တလီစာချုပ်"ပါ သဘောတူဆုံးဖြတ်ချက်များအရလည်းကောင်း၊ တိုင်းပြည်ကို အမှန်တကယ်ချစ်မြတ်နိုးကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အမျိုးသားခေါင်းဆောင်ကြီးများက တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိပြီး ခိုင်မာတည်တံ့ရေး၊ တောင်တန်းဒေသနှင့် မြန်မာပြည်မတို့ တစ်ချိန်တည်းတွင် လွတ်လပ်ရေးရရှိရေးတို့ အတွက်လည်းကောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်း ပင်လုံမြို့တွင် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ (၃)ရက်နေ့မှ စတင်ကျင်းပခဲ့သော ညီလာခံကြီး၌ မြန်မာ့လွတ်လပ်ရေးသမိုင်းဝင် "ပင်လုံစာချုပ်"ကို ဖေဖော်ဝါရီလ (၁၂)ရက်နေ့တွင် အောင်အောင်မြင်မြင် ချုပ်ဆိုနိုင်ခဲ့ကြသည်။ မိမိနိုင်ငံ လွတ်လပ်ရေးအတွက် ထူးချွန်ပြောင်မြောက်စွာ ကြိုးပမ်းကြရာတွင် ဗိုလ်ချုပ်အောင်ဆန်း၏ တိုင်းပြည်ချစ်စိတ်ပြင်းပြမှု၊ အမျိုးသားစိတ်ဓာတ်ပြည့်ဝမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှု၊ ရိုးသားဖြူစင်ဖြောင့်မတ်မှု၊ ဖွဲ့ လုံးလ ဝီရိယ ရှိမှုတို့ကြောင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများက ယုံကြည်ကြသဖြင့် "ပင်လုံစာချုပ်"ကို ချုပ်ဆိုနိုင်ခြင်းဖြစ်ပေသည်။ ယင်း"ပင်လုံစာချုပ်"တွင် တိုင်းပြည်အတွက် အဓိကအရေးကြီးသည့် သဘောတူညီချက်များမှာ . . .

> " × × × နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသော မူကို သဘောတူညီကြသည်။"
>
> (ပင်လုံစာချုပ် အပိုဒ်–၅)

နှင့်

> "နယ်စပ်ဒေသများ၏ နယ်သူနယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစားနိုင်ခွင့် ရှိစေရမည်။"
>
> (ပင်လုံစာချုပ် အပိုဒ်–၇)

တို့ ဖြစ်ပေသည်။ "ပင်လုံစာချုပ်" အပိုဒ်–၅ အရ စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်ရန်ဖြစ်သည်ဟု မှတ်ချက်ပြုရပေမည်။ "ပင်လုံစာချုပ်"သည် "ပြည်ထောင်စုစိတ်ဓာတ်"ကို မွေးဖွားပေးလိုက်ခြင်း ဖြစ်ပေသည်။ "ပြည်ထောင်စုစိတ်ဓာတ်"ဆိုသည်မှာ "ပင်လုံစာချုပ်"တွင် စာဖြင့်ရေးသားထားသည့်အချက်များ၊ စာချုပ်တွင် ရေးသားထားခြင်းမရှိဘဲ အစည်းအဝေးအသီးသီးတို့၌ ခေါင်းဆောင်ကြီးများအချင်းချင်း ဆွေးနွေးကြ၍ အပြန်အလှန်သဘောတူညီမှု ရရှိသည့် အချက်များကို ပူးပေါင်း၍ "ပြည်ထောင်စုစိတ်ဓာတ်"ဟု ခေါ်ဝေါ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း (၄၈)နှစ်မြောက် ပြည်ထောင်စုနေ့တွင် . . .

"ပင်လုံစိတ်ဓာတ်ဆိုတာတော့ တိုင်းရင်းသားများ တန်းတူညီတူရေးနှင့် တန်းတူရေးအပေါ်အခြေခံတဲ့ ညီညွတ်မှုကိုရှေးရှုတဲ့ စိတ်ဓာတ်ကို ဆိုလိုတာပါ။"

ဟု ဖွင့်ဆိုခဲ့သည်။ တစ်ဖန် ၂၀၀၃ ခုနှစ် ဧပြီလ (၂၃)ရက်နေ့က ကျင်းပခဲ့သော သတင်းစာရှင်းလင်းပွဲ၌ . . .

"ပင်လုံစိတ်ဓာတ်ဟာ တိုင်းရင်းသားများရဲ့ စိတ်မှာ ရှင်သန်နေဆဲ ဖြစ်ပါတယ်။ စစ်မှန်တဲ့ ပြည်ထောင်စုတစ်ခုကို လိုလိုလားလား ထောက်ခံမယ်လို့ ကျမယုံကြည်ပါတယ်။ × × × × × ပြည်ထောင်စုစိတ်ဓာတ်ဟာ ကျမတို့ရဲ့ တိုင်းရင်းသားများအတွင်းမှာ ရှင်သန်နေတဲ့အတွက်ကြောင့် ဒီစိတ်ဓာတ်ကို သင့်တော်တဲ့ နိုင်ငံရေးစနစ်နဲ့ ကျမတို့ ပြည်သူအားလုံးကို အခြေခံအခွင့်အရေးများ အာမခံမယ့် နိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေတို့နဲ့ ပြုစုပျိုးထောင်ရပါလိမ့်မယ်။"

ဟု ပြောကြားခဲ့သည်။

မိမိတို့မြန်မာနိုင်ငံတော်တွင် အဓိက လူမျိုးစုများဖြစ်ကြကုန်သော ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း တိုင်းရင်းသားများနှင့် လူမျိုးနွယ်စုများတို့သည် စုပေါင်းနေထိုင်ကြ၍ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်လျက် ရှိကြပါသည်။ တိုင်းရင်းသား လူမျိုးများတွင် ပြောဆိုသည့်ဘာသာစကား။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာများနှင့် ကိုးကွယ်သည့်ဘာသာများ မတူ ကွဲပြား ခြားနားခြင်းတို့ကြောင့် အမှန်တကယ် တည်ငြိမ်အေးချမ်းပြီး သာယာဝပြော၍ ဖွံ့ဖြိုးတိုးတက်စေရန် ဒီမိုကရေစီ နိုင်ငံတော်ကို မလွဲမသွေ တည်ဆောက်ကြရမည် ဖြစ်ပေသည်။ သို့တည်ဆောက်ကြရာတွင်လည်း စစ်မှန်သော ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ကြရပါမည်။ အနှစ်ချုပ်၍ဆိုရပါလျှင် လက်ရှိတည်ဆောက်ထားသည့် နိုင်ငံရေးစနစ်မှ ဒီမိုကရေစီကျင့်စဉ်များသို့ ပြောင်းလဲကျင့်သုံးရန် အထူးလိုအပ်နေပါသည်။

သို့သော် ယနေ့အချိန်အခါတွင် အမိမြန်မာနိုင်ငံတွင် အုပ်ချုပ်မှုသည် တစ်ပြည်ထောင်စနစ် ဖြစ်နေပါသည်။ "ပင်လုံစာချုပ်"၏ ရည်ရွယ်ချက်များနှင့် မတူညီသည်ကိုလည်း တွေ့ရှိနေရပါသည်။ တိုင်းရင်းသား အခွင့်အရေးများလည်း ကွယ်ပျောက်၍ ဒီမိုကရေစီအခွင့်အရေးများလည်း ဆိတ်သုဉ်းနေပါသည်။ ထို့ကြောင့် ပင်လုံစိတ်ဓာတ် (ဝါ) ပြည်ထောင်စုစိတ်ဓာတ်သည်လည်း ပျက်ပြားနေပြီး၊ အမျိုးသားသွေးစည်းညီညွတ်ရေး မဆိုထားဘိ၊ အမျိုးသားစည်းလုံးညီညွတ်ရေး ဝေးကွာနေကာ၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ မှေးမှိန်လျက်ရှိပေသည်။ အဓိကအားဖြင့် ပြည်သူလူထုကြီးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အစီရင်ခံတင်ပြလိုသည်မှာ အောက်ပါတို့ ဖြစ်ပါသည်။

(၁) တိုင်းရင်းသား စည်းလုံးညီညွတ်ကြပြီး သွေးစည်းကြသဖြင့် ကိုလိုနီနယ်ချဲ့စနစ်နှင့် ဖက်ဆစ်စနစ်များကို ဖြိုခွဲ၍ အနိုင်ယူနိုင်ခဲ့သည်။

(၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာလျက် လက်နက်ကိုင်လမ်းစဉ်ကို အသုံးမပြုဘဲ "ပင်လုံစာချုပ်"ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ကြသည်။

(၃) အမျိုးသားသွေးစည်းညီညွတ်မှုကို ရယူနိုင်ခဲ့သောကြောင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေကို အောင်မြင်စွာရေးဆွဲနိုင်ခဲ့ပြီး အမိမြန်မာနိုင်ငံတော်ကို အချုပ်အခြာအာဏာပိုင် လွတ်လပ်သောနိုင်ငံအဖြစ် ပြန်လည်ရယူနိုင်ခဲ့သည်။ ထို့ကြောင့် အမျိုးသားသွေးစည်းညီညွတ်ရေးကို အလေးထားရုံမက၊ အမျိုးသားသွေးစည်းညီညွတ်ရေးရရန် ခံယူချက်လည်း ထားကြရပါမည်။

(၄) "ပင်လုံစာချုပ်"ကို ချုပ်ဆိုနိုင်ခြင်း၊ မိမိနိုင်ငံ လွတ်လပ်ရေးပြန်လည်ရရန် ကြိုးပမ်းခြင်းများတွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံ ဆွေးနွေး ဖြေရှင်းမှသာ ပြေလည်နိုင်သည်ကို၊ သင်ခန်းစာယူ၍ တစ်မျိုးသားလုံးပြန်လည်သင့်မြတ်ရေး၊ အာဃာတ ကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေးရှုရေး၊ ပွင့်လင်း ရိုးသားမှုနှင့် အပြန်အလှန် လေးစားလိုက်နာရေး၊ အစရှိသည့် မွန်မြတ်လှသော စိတ်ထားများဖြင့် မိမိတို့ တိုင်းသူပြည်သားအချင်းချင်း နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းကို ပြုလုပ်ကြရပါမည်။

(၅) ဤကဲ့သို့ တွေ့ဆုံဆွေးနွေးကြရန် သက်ဆိုင်သူများအားလုံးက ဆန္ဒကိုယ်စီရှိကြပြီး ဆွေးနွေးကြမှသာလျှင် ပြဿနာများ ပြေလည်နိုင်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် သက်ဆိုင်ရာပုဂ္ဂိုလ်များအနေဖြင့် တွေ့ဆုံဆွေးနွေးကြရန် စိတ်ဆန္ဒပြင်းပြဖို့ အထူးလိုအပ်ပါသည်။ တွေ့ဆုံဆွေးနွေးရန် ဆန္ဒ စဉ်ဆက်မပြတ်ရှိနေပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အမြဲလက်ကမ်းကြိုဆိုလျက် ရှိပါသည်။

(၆) သို့တွေ့ဆုံဆွေးနွေးကြခြင်းဖြင့် လိပ်ခဲတည်းလည်းဖြစ်နေသော နိုင်ငံရေးပြဿနာများ၊ အာဏာပိုင်များက မိမိတို့ထုတ်ပြန်ထားသည့် ဥပဒေများကို လိုက်နာကျင့်သုံးခြင်းများ စသည်တို့ကို ပြေလည်စေနိုင်ပြီး၊ တိုင်းပြည်တွင် ကုန်ဈေးနှုန်း အဆမတန်မြင့်မားနေခြင်း၊ ပြည်သူပြည်သားများ တစ်နေ့တစ်ခြား ဆင်းရဲတွင်းနက်နေခြင်း၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အကျပ်အတည်းများ အမှန်တကယ် တွေ့ကြုံနေခြင်းများမှ လွတ်မြောက်စေနိုင်ပါသည်။

ထို့ကြောင့် မိမိတိုင်းပြည် အမှန်တကယ် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်စေရန် ပျက်ပြားနေသော အမျိုးသားပြန်လည်သင့်မြတ်ရေး သို့မဟုတ် တိုင်းရင်းသားများ ပြန်လည်သင့်မြတ်ရေးကို အမြန်ဆုံး မဖြစ်မနေ ပြန်လည်တည်ဆောက် ကြရပါမည်။ သို့ပါသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၀၈ ခုနှစ်ကို အမျိုးသားပြန်လည်သင့်မြတ်ရေးနှစ်ဟု သတ်မှတ်ထားပါသည်။ ဤသို့ တိုင်းပြည်တွင် နိုင်ငံရေးအားဖြင့် အထူးလိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေးကိုအကောင်အထည်ဖော်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် အဓိကတာဝန်ကျနေပါသည်။ ထို့အပြင် နိုင်ငံရေးရာသီဥတုနှင့် ပတ်ဝန်းကျင်အခြေအနေများ သာယာစေရန်လည်း တာဝန်ရှိနေသည်ကြောင့် . . .

(၁) အမျိုးသားပြန်လည်သင့်မြတ်ရေးကို အကောင်အထည်ဖော်ရန်၊ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းကို မနှေးအမြန်ကျင်းပရန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည်လည်း ပြည်သူလူထုထဲတွင် အပါအဝင်ဖြစ်သလို၊ အခြား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားလူမျိုးစုများသည်လည်း ပြည်သူလူထု ဖြစ်ကြသဖြင့် အချင်းချင်းတွေ့ဆုံဆွေးနွေးကြရန်၊

(၂) အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ဆွေးနွေးကြရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့ ပါဝင်ရမည်ဖြစ်ပါသဖြင့် ၎င်းတို့အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(၃) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား ပြစ်ဒဏ်ကျခံနေရခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၄) မိမိတို့၏နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၅) ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ပြသခဲ့ကြသောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်းခံနေကြရသည့် သံဃာတော်အရှင်သူမြတ်များ၊ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစုများကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၆) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများအား သက်ဆိုင်ရာအာဏာပိုင်တို့က ခေတ္တဟုဆိုပြီး ယနေ့အထိ ဥပဒေမဲ့ချိပ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပြုရန်၊

(၇) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအား သက်ဆိုင်ရာအာဏာပိုင်များက တရားမဲ့စွာ အကြောင်းအမျိုးမျိုးပြ အတင်းအကျပ် နှုတ်ထွက်စေခြင်းများကို အမြန်ဆုံး ရပ်ဆိုင်းပေးရန်၊

(၈) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာစည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန် ဤပြည်ထောင်စုနေ့ နေ့ထူးနေ့မြတ် အခါသမယကြီးတွင် တောင်းဆိုလိုက်သည်။

၂၈-၁-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း (၁၂)ရက်

## အထူးကြေညာချက် – ၁ / ၀၂ / ၀၈

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၈၈ ကိုထုတ်ပြန်၍ လုပ်ငန်းတာဝန်လေးရပ်ကို ထမ်းဆောင်နိုင်ရန် နိုင်ငံတော်အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူလိုက်သည်ဟု ကြေညာခဲ့ပါသည်။ ယင်းကြေညာချက်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးလုပ်ငန်းကို မိမိတို့၏ နောက်ဆုံးတာဝန်အဖြစ် တိုင်းပြည်ရှိ ရဟန်း၊ ရှင် လူ ပြည်သူအပေါင်းကို ကတိကဝတ်ပြုခဲ့ပါသည်။

ထို့အပြင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ၂၃–၉–၈၈ ရက်နေ့တွင် . . .

> " × × × တပ်မတော်သားများနဲ့ ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ အဖွဲ့အစည်းအနေနဲ့လည်း နိုင်ငံ့ကျေးဇူးသစ္စာကို ခံယူထားတဲ့ အဖွဲ့အစည်းဖြစ်လို့ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ဝန်ခံထားရှိပြီးဖြစ်တဲ့ ကတိသစ္စာကို မည်သို့သော အကြောင်းကြောင့်မျှ ပယ်ဖျက်၊ ဖောက်ဖျက်မှာ မဟုတ်ကြောင်း ယုံကြည်ထားရှိကြစေလိုပါတယ်။ × × × "

ဟုလည်း ပြောကြားခဲ့ပါသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၈၉ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ဥပဒေအမှတ် – ၁၄/၈၉ ဖြစ်သော "ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ ပုဒ်မ – ၃ တွင် . . .

> "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။"

ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ထို့နောက် ယင်းပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့်အညီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ တပ်မတော်သားများ အပါအဝင် မဲဆန္ဒရှင် ပြည်သူလူထုက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား တစ်ခဲနက် ထောက်ခံခဲ့ကြသဖြင့် နိုင်ငံတစ်ဝှမ်းလုံးရှိ မဲဆန္ဒနယ်(၄၈၅) နေရာအနက် (၃၉၂)နေရာတွင် အနိုင်ရရှိခဲ့ပါသည်။ ရာခိုင်နှုန်းအားဖြင့် (၈၂)ရာခိုင်နှုန်းခန့် အများစု အနိုင်ရရှိခဲ့ပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ကလည်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ – ၄၁၊ ပုဒ်မခွဲ (ဂ) နှင့်အညီ မြန်မာနိုင်ငံပြန်တမ်းတွင် "ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်"အဖြစ် တရားဝင် ထည့်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ်၊ မေလ (၃၀)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ အရာရှိကြီးများအား . . .

> "ဒီရွေးကောက်ပွဲဟာ တကယ်တန်းကျရင်တော့ လွတ်လပ်မှုလည်း ရှိတယ်။ တရားမျှတမှုလည်း ရှိတယ်။ × × ×"

ဟု ပြောကြားခဲ့ပါသည်။ မြန်မာနိုင်ငံနှင့် နိုင်ငံတကာကလည်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်း အသိအမှတ်ပြုခဲ့ပါသည်။

ထို့အပြင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၅)ရက် (၅–၇–၈၉)နေ့တွင် ပြည်တွင်းပြည်ပ စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များအား ပြောကြားရာ၌ . . .

“ (constitution) ကျွန်တော်ရေး၊ ကျွန်တော် ပြည်သူ့ကိုယ်စားလှယ်မှ မဟုတ်ဘဲ၊ ကျွန်တော် ဘာလို့ရေးရမလဲ၊ ကျွန်တော် တရားခံလား၊ အဲဒီလို မလုပ်ပါနဲ့။ × × × ”

ဟု ပြည်သူ့ကိုယ်စားလှယ် မဟုတ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို မရေးဆွဲနိုင်ကြောင်းကို ရှင်းရှင်းလင်းလင်း ပြောကြားခဲ့ပါသည်။ တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကပင် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် . . .

“× × × ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲဖြစ်တယ်။ ဒီကိစ္စ ကိုယ့်အနေနဲ့ ၅–၇–၈၉ ရက်နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ နဝတ က မရေးဘူးဆိုတာ ပြောပြီးပြီပဲ၊ တရားခံလည်း အဖြစ်မခံနိုင်ဘူး။ × × ×”

“× × × အခြေခံဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ။ × × ×”

ဟု ပြည်သူလူထုသို့ ထပ်မံ၍ ကတိကဝတ် ပြုခဲ့ပါသည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ရေးဆွဲရမည်ကို ပြောဆိုခဲ့ပြီး ဖြစ်ပါသည်။

တစ်ဖန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၉၀ ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက် အပိုဒ် – ၁၂ တွင် . . .

“ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ – ၃ တွင် “လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်”ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။

ဟု ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပိုမိုခိုင်မာစေရန် ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အာဏာပိုင်တို့သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ – ၃ နှင့် ကြေညာချက် – ၁/၉၀၊ အပိုဒ် – ၁၂ တို့နှင့်အညီ ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ခေါ်ယူဖွဲ့စည်းပေးရမည့် တာဝန်ရှိပါသည်။

၎င်းပြင် ယင်းကြေညာချက် အပိုဒ် – ၂၀ တွင် . . .

“× × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။ × × ×”

ဟု လည်း အတိအလင်း ထုတ်ပြန်ထားပါသည်။ ဤသည်မှာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရန်သည် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကသာ ရေးဆွဲရမည် ဖြစ်ပါသည်။

ယင်းကြေညာချက် – ၁/၉၀၊ အပိုဒ် – ၂၀ (ခ) တွင်လည်း . . .

“နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ကြေညာချက် အမှတ် – ၁/၈၈ တွင် ပါရှိသော တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စား ဝတ် နေရေး ချောင်လည်စေရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေး စသည့် လုပ်ငန်းတာဝန်ကြီး လေးရပ်အနက် **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးတာဝန်မှအပ** ဖြစ်သော လုပ်ငန်းတာဝန်ကြီး သုံးရပ် × × ×”

ကို ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမည့် အစိုးရတစ်ရပ် မဖွဲ့စည်းမီ ကြားကာလတွင် အာဏာပိုင်တို့က ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် အာဏာပိုင်တို့၏ နောက်ဆုံးတာဝန်သာဖြစ်ကြောင်း ပိုမိုပေါ်လွင်စေပါသည်။ ၁၉၉၇ ခုနှစ် စကားရပ်များ

အစားထိုးသည့် ဥပဒေ ပုဒ်မ – ၂ (က) အရ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အား နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဟူသည့် စကားရပ်ဖြင့် အစားထိုးထားသောကြောင့် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ခဲ့သမျှ လုပ်ငန်းအရပ်ရပ်တို့မှာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတွင် ဥပဒေအရ ဆက်လက်တာဝန်ယူရန် ရှိနေပါသည်။

သို့သော်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အထက်ပါတို့ကို ဥပဒေအရ တာဝန်ရှိသည်နှင့်အညီ ဆက်လက်ဆောင်ရွက်ပေးခြင်း မရှိသေးဘဲ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၂၀၀၈ ကို ထုတ်ပြန်ပြီး “ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းအား ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း”၊ ကြေညာချက်အမှတ် – ၂/၂၀၀၈ ကို ထုတ်ပြန်၍ “ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း”တို့ကို စစ်မှန်သော တွေ့ဆုံဆွေးနွေးခြင်း မရှိဘဲ တစ်ဘက်သတ် ကြေညာခဲ့ပြန်ပါသည်။ ၁၉၉၀ ပြည့်နှစ်၊ ရွေးကောက်ပွဲရလဒ်အား မည်သို့မည်ပုံ သဘောထားသည်၊ မည်သို့သောအကြောင်းကြောင့် ဤသို့သော သဘောထားရှိသည်တို့ကို အာဏာပိုင်တို့က မဲဆန္ဒရှင် ပြည်သူလူထုအား ဦးစွာရှင်းလင်းချက်ပေးရန် အထူးတာဝန်ရှိပါသည်။

ထိုကြေညာချက်များကို စိစစ်လေ့လာကြည့်လျှင် ကြေညာချက် – ၁/၂၀၀၈ နှင့် စပ်လျဉ်း၍ ပုံမှန်လုပ်ငန်းစဉ်များဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ဦးစွာထုတ်ပြန်ခြင်း၊ ထို့နောက် ယင်းမူကြမ်းအား အတည်ပြုနိုင်ရန် ပြည်သူ့ဆန္ဒခံယူပွဲ ဥပဒေကို ပြဋ္ဌာန်းခြင်းတို့ လုံးဝ မရှိသေးပါ။ ဤကဲ့သို့ ကြေညာချက်ထုတ်ပြန်လျှင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် ထုတ်ပြန်ပြီး ဖြစ်ရပါမည်။ သို့မှသာလျှင် ပြည်သူလူထုအနေဖြင့် လေ့လာဖတ်ရှုပြီး စဉ်းစားဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ကြေညာချက် – ၂/၂၀၀၈ နှင့် စပ်လျဉ်း၍ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာ အတည်ဖြစ်ပြီးခြင်း လုံးဝမရှိသေးဘဲ ရွေးကောက်ပွဲအသစ် ကျင်းပမည်ဟု ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာလည်း အတည်ဖြစ်ပြီးခြင်း လုံးဝမရှိသေးဘဲ ရွေးကောက်ပွဲအသစ် ကျင်းပမည်ဟု ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာလည်း ပြည်သူလူထုက လုပ်ပိုင်ခွင့် အာဏာအပ်နှင်းထားသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ကြေညာချက် – ၁/၉၀ အရ ရေးဆွဲရခြင်း မဟုတ်ပါဘဲ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁)ရာခိုင်နှုန်းသာ တက်ရောက်ခဲ့သည့် အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း အမျိုးသားညီလာခံတွင် ပါဝင်ခဲ့သည့် ပုဂ္ဂိုလ်အများစုပါဝင်သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်က ရေးဆွဲခြင်းသာ ဖြစ်ပါသည်။

တစ်ဖန် “နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်”ဟု နေ့စဉ်ထုတ်သတင်းစာများတွင် ကြွေးကြော်နေသော်လည်း အာဏာပိုင်တို့က ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံသားများအားလုံး မိမိတို့၏ လွတ်လပ်သောစိတ်ဆန္ဒအရ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်သော အစီအမံများကို ခင်းကျင်းပေးထားခြင်း မရှိပါ။ ဤလုပ်ငန်းစဉ်များတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်လည်း မရခဲ့ပါ။

အာဏာပိုင်တို့က ၁၉၉၆ ခုနှစ်၊ ဇွန်လ (၇)ရက်နေ့တွင် ဥပဒေအမှတ် – ၅/၉၆ ဖြစ်သော “နိုင်ငံတော် တာဝန်ကို တည်ငြိမ်အေးချမ်းစွာ စနစ်တကျ လွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေ”ကို ပြဋ္ဌာန်းပြီး၊ တင်းကြပ်စွာ ကန့်သတ်ပိတ်ပင် တားမြစ်ထားပါသည်။ ဤဥပဒေသာ အတည်ဖြစ်နေပါက လွတ်လပ်၍ တရားမျှတသော ပြည်သူ့ဆန္ဒခံယူပွဲ မဖြစ်နိုင်ပါ။

သို့ပါ၍ ကြေညာချက်အမှတ် – ၁/၂၀၀၈ နှင့် ၂/၂၀၀၈ ထုတ်ပြန်ခြင်းသည် အာဏာပိုင်တို့က မိမိတို့ကိုယ်တိုင်ပြဋ္ဌာန်းထားသည့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် မိမိတို့ကိုယ်တိုင်ထုတ်ပြန်ထားသည့် ကြေညာချက်အမှတ် – ၁/၉၀ တို့နှင့် လုံးဝ ကိုက်ညီခြင်းမရှိ ဖြစ်နေပါသည်။ ရဟန်း ရှင် လူ ပြည်သူလူထုသို့ ပေးထားသည့် ကတိကဝတ်များနှင့်လည်း ကွဲလွဲနေပါသည်။ တပ်မတော်သားများ အပါအဝင် မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒသဘောထားများကိုလည်း မထီမဲ့မြင် ပြုရာရောက်ပါသည်။ အာဏာပိုင်တို့က ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို လျစ်လျူရှုခြင်းသည် မဲဆန္ဒရှင် ပြည်သူလူထု၏ တစ်ခဲနက်သောဆန္ဒကို လေးစားလိုက်နာမှုမရှိခြင်း ဖြစ်ပါသည်။

ဤသည်မှာ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကို မည်သို့မျှ တည်ဆောက်နိုင်မည် မဟုတ်ပါ။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ တရားဝင် ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိစေရန် ဖြစ်ပါသည်။

အာဏာပိုင်တို့က ယခုကဲ့သို့ ကြေညာခြင်းသည် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များ၊ အကြံပြုချက်များ၊ တောင်းဆိုချက်များ၊ တိုက်တွန်းချက်များကိုလည်း လျစ်လျူရှုရာ ကျပါသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ၏ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၁)ရက် ကြေညာချက်ပါ အချက်ဖြစ်သော . . .

"ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌက ဒေါ်အောင်ဆန်းစုကြည် အပါအဝင် သက်ဆိုင်ရာ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးအတွက် လိုအပ်သော အခြေအနေများကို ဖန်တီးပေးရန် မြန်မာနိုင်ငံအစိုးရအား အလေးအနက်ပြောကြားခဲ့ပါသည်။ × × ×"

ဟူသော အချက်ကို မျက်ကွယ်ပြုရာ ရောက်ပါသည်။ ထို့ကြောင့် အာဏာပိုင်တို့က ကြေညာချက်အမှတ် – ၁/၂၀၀၈ နှင့် ၂/၂၀၀၈ တို့ကို ထုတ်ပြန်ပြီးနောက်မှ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ကလည်း ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့တွင် . . .

"× × × ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး ပူးပေါင်းပါဝင်ခွင့်ရရန်၊ ပွင့်လင်းမြင်သာမှုရှိရန်၊ မြန်မာနိုင်ငံပြည်သူလူထု၏ သဘောထားအမြင်များကို ကျယ်ပြန့်စွာကိုယ်စားပြုရန်တို့ကို ထပ်မံတောင်းဆိုခဲ့ပါသည်။ × × ×"

ဟု ထုတ်ပြန်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်သည့်အားလျော်စွာ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်၊ အကြံပြုချက်၊ တိုက်တွန်းချက်များကို လေးစားလိုက်နာရန် တာဝန်ရှိပါသည်။ မည်သို့ပင်ဖြစ်စေကာမူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ကုလသမဂ္ဂအဖွဲ့အစည်းနှင့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်တို့နှင့် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အာဏာပိုင်များက ထိုကဲ့သို့ ကြေညာချက် ထုတ်ပြန်ခြင်းသည် တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထွေထွေအကြပ်အတည်းများကို ပိုမိုဆိုးဝါးစေခြင်း၊ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးရေးနှင့် ယနေ့ အချိန်အခါတွင် အထူးတလည် လိုအပ်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ကို အထောက်အကူ မပြုခြင်း၊ တိုင်းပြည် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေခြင်း၊ နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကျဆင်းစေခြင်း စသည့် ဖြစ်ပေါ်လာနိုင်မည့် အကျိုးဆက်များသည် တစ်ဘက်သတ် ဆောင်ရွက်သည့် အာဏာပိုင်တို့အပေါ်တွင် တာဝန်ရှိကြောင်း ကြေညာလိုက်သည်။

၁၅–၂–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅) ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၄) ရက်

## ကြေညာချက်အမှတ် – ၇ / ၀၂ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံသား မိဘနှစ်ပါးဖြစ်ကြသည့် တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီးဖြစ်ပြီး ကိုလိုနီလက်အောက်နှင့် ဖက်ဆစ်လက်အောက်တို့မှ တိုင်းပြည်လွတ်လပ်ရေးရရှိရန် ကိုယ်ကျိုးစွန့် အနစ်နာခံကာ ကြိုးပမ်းအားထုတ်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့မှ မွေးဖွားလာသည့် မွေးရာပါ နိုင်ငံသားတစ်ဦး ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်အား ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့်ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပြုလိမ့်မည်မဟုတ်ကြောင်းကို သတင်းဌာနများမှတစ်ဆင့် ကြားသိရပါသည်။ ဤသည်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မရှိသေးဘဲ၊ ယင်းရွေးကောက်ပွဲအတွက် ရွေးကောက်ပွဲဥပဒေလည်းမရှိသေးဘဲ ပြောပိုင်ခွင့်မရှိသည့် ပုဂ္ဂိုလ်တစ်ဦးက ပြောဆိုခြင်းဖြစ်သောကြောင့် လုံးဝ တရားမဝင်ပါ။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေး လုပ်ငန်းစဉ်များတွင် မဖြစ်မနေပါဝင်ရမည့် ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ယင်းပြောကြားချက်သည် ပုဂ္ဂိုလ်ရေးတိုက်ခိုက်ခြင်းနှင့် နိုင်ငံရေးအရ ထိုးနှက်ခြင်းဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်အား ရွေးကောက်ပွဲဝင်ခွင့်မရအောင် ကြိုတင်ဆုံးဖြတ်ခြင်းမျိုး ဖြစ်နေပါသည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ်–၂ တွင် ပါရှိသော . . .

> “× × × လူမျိုးနွယ်အားဖြင့်ဖြစ်စေ၊ အသားအရောင်အားဖြင့်ဖြစ်စေ၊ ကျား မ သဘာဝအားဖြင့် ဖြစ်စေ၊ ဘာသာစကားအားဖြင့် ဖြစ်စေ၊ ကိုးကွယ်သည့်ဘာသာအားဖြင့် ဖြစ်စေ၊ နိုင်ငံရေးယူဆချက် သို့တည်းမဟုတ် အခြားယူဆချက်အားဖြင့် ဖြစ်စေ၊ နိုင်ငံနှင့်ဆိုင်သော သို့တည်းမဟုတ် လူမှုအဆင့်အတန်းနှင့်ဆိုင်သော ဇစ်မြစ်အားဖြင့် ဖြစ်စေ၊ ပစ္စည်းဥစ္စာ ဂုဏ်အားဖြင့် ဖြစ်စေ၊ မျိုးရိုးဇာတိအားဖြင့် ဖြစ်စေ၊ အခြားအဆင့်အတန်းအားဖြင့် ဖြစ်စေ၊ ခွဲခြားခြင်း မရှိစေရ။”

ဆိုသည့်အချက်နှင့် အပိုဒ်–၂၁ တွင် ပါရှိသော . . .

> “လူတိုင်းတွင် မိမိနိုင်ငံ၏ အုပ်ချုပ်ရေး၌ ကိုယ်တိုင်ဖြစ်စေ၊ လွတ်လပ်စွာရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များမှတစ်ဆင့်ဖြစ်စေ၊ ပါဝင်ဆောင်ရွက်နိုင်ခွင့်ရှိသည်။”

ဆိုသည့်အချက်တို့ကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ တိုင်းပြည်အကျိုးအတွက် စကားပြောဆိုနေသည့်အချိန်အခါတွင် ယခုကဲ့သို့ မပြောသင့် မပြောထိုက်သည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးတို့ကို ထိခိုက်စေကြောင်း ကြေညာလိုက်သည်။

၂၅–၂–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ခင်ကျော်ဟန် (ရေနံချောင်း)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇)ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၆)ရက်

## ကြေညာချက်အမှတ် – ၈ / ၀၂ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီ ထွန်းကားသည့် ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းရေးအတွက် ခိုင်မာသော သန္နိဋ္ဌာန်ချမှတ်ကာ ကြိုးပမ်းနေပေသည်။ ယင်းသည် လွတ်လပ်ရေးဖိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော တိုင်းသူပြည်သားအားလုံး၏ လွတ်လပ်၍ သာယာဝပြောကာ လူ့ဂုဏ်သိက္ခာရှိသည့် ဘဝသစ်ကို အကောင်အထည်ဖော်ရန် ဖြစ်ပေသည်။

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့က လွတ်လပ်ရေးဖိသုကာကြီး၏သမီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ပင်လုံကျောက်တိုင်တွင် ၎င်းဖခင် ရည်မှန်းခဲ့သော စစ်မှန်သည့် ပြည်ထောင်စုကြီး ပေါ်ပေါက်လာသည်အထိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က မဆုတ်မနစ် ကြိုးပမ်းသွားမည်ဟု သန္နိဋ္ဌာန်ပြုခဲ့သည်။ ထိုပင်လုံသန္နိဋ္ဌာန်တွင် တိုင်းရင်းသား သွေးချင်းညီအစ်ကို ခေါင်းဆောင်များ၊ တပ်မတော်ခေါင်းဆောင်များ၊ နိုင်ငံရေးခေါင်းဆောင်များအားလုံး ပင်လုံညီလာခံနှင့် အလားတူသော ဒုတိယ ပင်လုံညီလာခံတစ်ခုတွင် တွေ့ဆုံကြကာ စိတ်ရင်းစေတနာအမှန် (open mind) ဖြင့် ဆွေးနွေးကြရန် ဖြစ်ပေသည်။ အနာဂတ်ပြည်ထောင်စုသစ်၏ အခြေခံအုတ်မြစ်တို့ကို ချမှတ်ကြရမည်ဟု ဖော်ပြခဲ့ပေသည်။

တစ်အူထုံ့ဆင်းပမာ ရာသက်ပန် ဥမကွဲသိုက်မပျက် ဝံသာနုရက္ခိတတရား မြဲမြံစွာဖြင့် လက်တွဲနေထိုင်သွားကြရမည် ဖြစ်ပေသည်။ ပြည်သူပြည်သားများအကြား ပြဿနာမှန်သမျှကို လက်နက်အင်အားမသုံးဘဲ တွေ့ဆုံဆွေးနွေးကြခြင်းဖြင့်သာ ပြေလည်စေရမည်ဟု အတိအလင်း သဘောထားဖော်ပြခဲ့ခြင်းဖြစ်ပေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ထိုအချိန်မှစတင်ကာ တွေ့ဆုံဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် မွန်မြတ်သောစိတ်ဓာတ်ဖြင့် အနစ်နာခံကာ ဇွဲနပဲဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့သည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။

နိုင်ငံတစ်ခု၏ နိုင်ငံရေးဟူသည် ထိုနိုင်ငံရှိ လူမျိုးများ၏ သမိုင်းရိုးရာဓလေ့ ဘာသာ၊ ထုံးတမ်းစဉ်လာများ၏ ဘောင်အတွင်း၌သာ ဖြစ်လေ့ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဆင်ခြင်တုံတရား လက်ကိုင်ထားကာ တွေ့ဆုံဆွေးနွေး အဖြေရှာရေးဟူသည် ယနေ့ကမ္ဘာတစ်ခွင် တွင်ကျယ်စွာ ကျင့်သုံးလျက် အောင်မြင်နေသည်သာမက မြန်မာ့သမိုင်း၏ လိုအပ်ချက်နှင့်လည်း ဆီလျော်ကိုက်ညီလှပေသည်။ မဝေးသေးသည့် မြန်မာ့ဖြစ်ရပ်သမိုင်းများက အထင်အရှား သာဓကဆောင်လျက် ရှိပေသည်။

မြန်မာနိုင်ငံ၏ လွတ်လပ်ပြီးခေတ်တစ်လျောက် အချင်းချင်း သံသယများကာ လူမျိုးစွဲ၊ အယူစွဲ၊ ဝါဒစွဲများဖြင့် အစိတ်စိတ်ပြိုကွဲ အပြိုင်အဆိုင်ကြဲခဲ့ကြသည့် ပဓာနအကျဆုံးသော အကြောင်းရင်းမှာ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား အမှန်တရားကို ရင်မဆိုင်ရဲသည့် သူရဲဘောနည်းသူ နိုင်ငံရေး လူသတ်သမားတစ်စုက လုပ်ကြံသတ်ဖြတ်ပစ်ခဲ့ခြင်းဖြစ်သည်။ ထိုအတွက် နိုင်ငံတွင် ခေါင်းဆောင်မှုဆုံးရှုံးရခြင်း၊ ခေါင်းဆောင်မှုဟာကွက်ဖြစ်ခြင်းတို့ ကြုံရလေတော့သည်။

တိုင်းတစ်ပါးသား အုပ်စိုးသူတို့ကို သတ္တိ ဗျတ္တိ အပြည့်အဝဖြင့် တိုက်ထုတ်ခဲ့သော အမျိုးသားခေါင်းဆောင်ကြီးကိုယ်တိုင်က သွေးချင်းများအကြား အရေးအရာများကို ချဉ်းကပ်ခဲ့ရာတွင် သခင်အောင်ဆန်းအဖြစ် ခံယူကာ ရိုးသားဖြူစင်မှုကိုခံယူရင်း တည်ကြည်စိတ်ရင်း စေတနာအမှန် (open mind) ဖြင့် စိတ်ရှည်သည်းခံကာ ဖြေရှင်းပြသခဲ့ပေသည်။ ခေတ်ပြိုင်ခေါင်းဆောင်များက ထိုစံနမူနာကောင်းကို ပစ်ပယ်ကြကာ အချင်းချင်းပြဿနာကို လက်နက်အင်အားသုံးကာ ဖြေရှင်းခဲ့ကြသောကြောင့် အင်အားသည်သာ အမှန်တရားဟုထင်ကာ ပြဿနာများ ကြီးသထက်ကြီးထွားလာခဲ့ပေသည်။ ထိုမှတစ်ဆင့် နိုင်ငံတွင် အာဏာရှင်စနစ် ပေါ်ပေါက်လာကာ တိုင်းရင်းသားပြည်သူတစ်ရပ်

လုံး ဆင်းရဲမွဲတေ ဒုက္ခပင်လယ်ဝေခဲ့ကြရလေသည်။ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံဘဝဖြင့် အပစ်ပယ်ခံရကာ လူ့ဂုဏ်သိက္ခာမဲ့ဘဝ ရောက်ကြရလေတော့သည်။

ယင်းကဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် လူ့ဂုဏ်သိက္ခာပြည့်ဝသည့် နိုင်ငံဘဝ ပြန်လည်ရရှိရေးအတွက် ပြဿနာများကို ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေး အတူလက်တွဲ ဖြေရှင်းနိုင်ရေးကို ကြိုးပမ်းနေစဉ်ပင် တိုင်းရင်းသားများအကြား လက်နက်အားကိုး လုပ်ကြံသတ်ဖြတ်မှုတစ်ခု ကြုံရပြန်လေသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ထိုအတွက် များစွာတုန်လှုပ် အံ့သြဝမ်းနည်းရပေသည်။ နိုင်ငံတွင် ဒီမိုကရေစီ ပြောင်းလဲရေးအတွက် အတိမ်းအစောင်းမခံနိုင်လောက်အောင် အရေးကြီးသည့်အချိန်တွင် ပြဿနာကို ပိုမိုဆိုးဝါးစေမည့် လက်နက်အင်အားသုံးအကြမ်းဖက် ဖြေရှင်းခြင်းမှန်သမျှကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြင်းထန်စွာ ရှုတ်ချလိုက်သည်။ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့်သာ ဖြေရှင်းကြရသည်ချည်း ဖြစ်ပေသည်။ ၎င်းမှာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းပင်ဖြစ်သည်။

၂၅-၂-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၇)ရက်

## အထူးကြေညာချက် – ၂ / ၀၂ / ၀၈

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)က ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံး၏မဲဆန္ဒနယ် ၈၂ ရာခိုင်နှုန်းခန့် အများစု အနိုင်ရရှိခဲ့ပါသည်။ ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေး အစည်းအဝေးခန်းမ၌ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် . . .

> " × × × ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဖို့ပဲဖြစ်တယ်။ ဒီကိစ္စ ကိုယ့်အနေနဲ့ ၅–၇–၈၉ ရက်နေ့က ပြောတဲ့အထဲမှာ ပါပါတယ်။ နဝတ က မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလည်း အဖြစ်မခံနိုင်ဘူး။ × × × "
>
> " × × × အခြေခံဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ။ × × × "

ဟု ပြည်သူလူထုသို့ ကတိကဝတ်ပြုခဲ့ပါသည်။

တစ်ဖန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)က ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့၌ ထုတ်ပြန်ခဲ့သော ကြေညာချက် – ၁/၉၀၊ အပိုဒ် – ၂၀ တွင် . . .

> " × × × **ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်။** × × × "

ဟု တရားဝင်ထုတ်ပြန်ခဲ့ပါသည်။ သို့သော် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်အများစုမှာ ရေးဆွဲခဲ့ရခြင်း မရှိပါ။

**၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကိုလည်း အာဏာပိုင်များက ယနေ့တိုင် မထုတ်ပြန်သေးပါ။** သို့သော် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပါသည်။ ယင်းကော်မရှင်ကို စိစစ်လေ့လာကြည့်လျှင် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ အခြေခံမူများနှင့်အသေးစိတ်အခြေခံရမည့်မူများကို ဦးဆောင်ချမှတ်ခဲ့သော အမျိုးသားညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌနှင့် ၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌတို့မှာ တစ်ဦးတည်းဖြစ်နေပါသည်။ ထို့အပြင် ယင်းကော်မရှင်၏ အချို့အဖွဲ့ဝင်များမှာလည်း အမျိုးသားညီလာခံတွင် ပါဝင်ခဲ့သူများ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်တွင် ပါဝင်ခဲ့သူများပင် ဖြစ်နေပြန်ပါသည်။

ဤသည်မှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်သူများအားလုံး ပါဝင်ခွင့်ရှိရမည်ဟူသော ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အကြံပြုချက်၊ တိုက်တွန်းချက်၊ တောင်းဆိုချက်များနှင့် ဆန့်ကျင်နေပါသည်။ ထို့အပြင် အာဏာပိုင်

တို့က ယခုကဲ့သို့ တစ်ဘက်သတ် ဆောင်ရွက်ချက်များသည် အများပြည်သူ ယုံကြည်လက်ခံနိုင်ခြင်း မရှိသည့်အပြင် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ထိခိုက်စေကြောင်း ကြေညာလိုက်သည်။

၂၇–၂–ဝ၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မတ်လ (၅)ရက်
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၁၃)ရက်

## ကြေညာချက် – ၉ / ၀၃ / ၀၈

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ) သည် ၁၉၈၉ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ဥပဒေအမှတ်–၁၄/၈၉ ဖြစ်သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ"ကို ပြဋ္ဌာန်းခဲ့သည်။ ဤဥပဒေ ပုဒ်မ–၃ တွင် . . .

"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။"

ဟူ၍ ပြဋ္ဌာန်းထားပါသည်။

ထို့နောက် ယင်းပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေနှင့်အညီ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ)သည် ၁၉၉၀ ပြည့်နှစ်၊ မေလ (၂၇)ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ ပါတီစုံ ဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ ကျင်းပရေး ကော်မရှင်ကလည်း ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ–၄၁၊ ပုဒ်မခွဲ (ဂ) နှင့်အညီ မြန်မာနိုင်ငံ ပြန်တမ်းတွင် "ရွေးကောက်တင်မြှောက်ခြင်း ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်"အဖြစ် တရားဝင် ထည့်သွင်း ကြေညာခဲ့ပြီး ဖြစ်ပါသည်။ သို့ကြောင့် ရွေးကောက်တင်မြှောက်ခြင်း ခံကြရသော ကိုယ်စားလှယ်များသည် တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြပါသည်။

တစ်ဖန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ)သည် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ကြေညာချက်အမှတ်–၁/၉၀ ကို ထုတ်ပြန်ခဲ့ပါသည်။ ယင်းကြေညာချက် အပိုဒ်–၁၂ တွင် . . .

"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ–၃ တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟူ၍ ပြဋ္ဌာန်းပါရှိပါသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။"

ဟု ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပိုမိုခိုင်မာစေရန် ရည်ညွှန်းပြီး ဖော်ပြထားခြင်း ဖြစ်ပါသည်။ ထို့ကြောင့် အာဏာပိုင်တို့သည် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ–၃ နှင့် ကြေညာချက်–၁/၉၀၊ အပိုဒ်–၁၂ တို့နှင့် အညီ ပြည်သူ့လွှတ်တော်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် မလွဲမသွေ ခေါ်ယူဖွဲ့စည်းပေးရမည့် တာဝန်ရှိပါသည်။

ထို့ကြောင့် ပြည်သူလူထုက လုပ်ပိုင်ခွင့်အာဏာ (mandate) အပ်နှင်းလိုက်သောတာဝန်အရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က အာဏာပိုင်များအား ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးပါရန် အကြံပြုခြင်း၊ တိုက်တွန်းခြင်း၊ တောင်းဆိုခြင်းများကို အာဏာပိုင်တို့က အကြိမ်ကြိမ် အခါခါ လျစ်လျူရှုခဲ့ပါသည်။ အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင် ပြဋ္ဌာန်းခဲ့သည့် "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"ကို ၎င်းတို့ကိုယ်တိုင် ချိုးဖောက်ပြီး မဲဆန္ဒရှင် ပြည်သူ လူထု၏ လိုလားတောင့်တနေသောဆန္ဒ မျက်ကွယ်ပြု၍ ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးခဲ့ခြင်း မရှိပါ။

သို့ပါ၍ "ဥပဒေပြုသူသည် ဥပဒေချိုးဖောက်သူ မဖြစ်စေရ"၊ "ဥပဒေ၏အထက်တွင် မည်သူမျှ မရှိစေရ"နှင့် "ဥပဒေအရာတွင် အားလုံးအညီအမျှ ဖြစ်ရမည်"ဟူသော မူများနှင့်အညီ တရားဥပဒေစိုးမိုးရေးအတွက် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက ဤရွေးကောက်ပွဲရလဒ်သည် တစ်နိုင်ငံလုံး၊ တစ်ပြည်လုံးနှင့် သက်ဆိုင်သောကိစ္စဖြစ်

သောကြောင့် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၉)ရက်နေ့တွင် ရန်ကုန်မြို့ တရားရုံးချုပ်သို့ သွားရောက်၍ အာဏာပိုင်များအား "၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေ ပုဒ်မ ၅ (က) (ဇ) နှင့် (ည) တို့အရ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ-၃ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည့်တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျက်ရှိသောကြောင့် ၁၈၇၇ ခုနှစ်၊ သီးခြားသက်သာခွင့်ဥပဒေ ပုဒ်မ-၅၅ အရ ယင်းတာဝန်များကို ဆက်လက်ပျက်ကွက်ချိုးဖောက်ခြင်းမပြုရန်နှင့် ယင်းဥပဒေများပါ တာဝန်ရှိသည့်အတိုင်း ဆောင်ရွက်စေရန် အမိန့်၊ ပညက်ချက် ဒီကရီကို ထုတ်ဆင့်ပေးပါရန်အပြင် အခြားရရှိခွင့်ရှိသော သက်သာခွင့်များကိုလည်း ချမှတ်ပေးပါမည့်အကြောင်း" တရားစွဲဆိုခဲ့ပါသည်။ ယင်းတရားစွဲဆိုလွှာကို တရားရုံးချုပ်က လက်မခံခဲ့ကြောင်း ကြေညာလိုက်သည်။

၄-၃-၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မတ်လ (၁၄)ရက်
၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း (၈)ရက်

## အထူးကြေညာချက် – ၃ / ၀၃ / ၀၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဦးစွာထုတ်ပြန်ခြင်းမရှိဘဲ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ကြေညာချက်အမှတ်–၁/၂၀၀၈ ကိုထုတ်ပြန်၍ "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း" ကြေညာခဲ့ပါသည်။ ထို့ကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ယနေ့တွင်ပင် ထုတ်ပြန်ပေးရမည်ဖြစ်ပါသည်။

ထို့အပြင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ဥပဒေအမှတ်–၁/၂၀၀၈ ဖြစ်သော "၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ"ကို ထုတ်ပြန်ခဲ့ပါသည်။ ဤဥပဒေ ပုဒ်မ–၃၀ တွင် . . .

> "ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသည် လိုအပ်သော နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။"

ဟု ဖော်ပြပါရှိပါသည်။ ထို့ကြောင့် ယင်းနည်းဥပဒေများကို အမြန်ဆုံး ထုတ်ပြန်ပေးရမည်ဖြစ်ပါသည်။

၁၃–၃–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မတ်လ (၂၇)ရက်
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၆)ရက်

## ကြေညာချက်အမှတ် – ၁၀ / ၀၃ / ၀၈

ယနေ့သည် (၆၃)နှစ်မြောက် လွတ်လပ်ရေးသမိုင်းဝင် ဖက်ဆစ်တို့ကိုတော်လှန်သည့် နေ့ထူးနေ့မြတ်ကြီး ဖြစ်ပေသည်။ လွန်ခဲ့သည့် ၁၉၄၅ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့တွင် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ မျိုးချစ်ခေါင်းဆောင်များက မိမိတိုင်းပြည်ကို အချုပ်အခြာအာဏာပိုင်ဆိုင်သည့် လွတ်လပ်သော နိုင်ငံတော်အဖြစ် ပြန်လည် တည်ဆောက်ရန် စည်းလုံးညီညွတ်စွာဖြင့် အုံကြွတော်လှန် တိုက်ခိုက်ခဲ့ကြပေသည်။

ကျွန်ုပ်တို့မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့တို့က ၁၈၈၅ ခုနှစ်တွင် တတိယနှင့် နောက်ဆုံးအကြိမ် တိုက်ခိုက်သိမ်းပိုက်ခဲ့ကြသောကြောင့် နိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်ရေးကြီး ဆုံးရှုံးသွားခဲ့ရပေသည်။ သို့ဆုံးရှုံးသွားခဲ့သည်ကို ပြန်လည်၍ လွတ်လပ်ရေးကြိုးပမ်းမှု တစ်ရပ်အနေဖြင့် တိုင်းပြည်ကို ဦးဆောင်ခဲ့သော "တို့ဗမာအစည်းအရုံးကြီး"က လက်နက်ကိုင်လမ်းစဉ်ကို အသုံးပြုခြင်းဖြင့်သာ လွတ်လပ်ရေးကို ပြန်လည်ရရှိနိုင်မည်ဟု အဆုံးအဖြတ်ပေးလိုက်ခြင်းကြောင့် ဇာတိသွေးဇာတိမာန်ထက်သန်သော သခင်အောင်ဆန်းအပါအဝင် ရဲဘော်သုံးကျိပ်တို့သည် တိုင်းပြည်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့ကြပြီး ဂျပန်များထံတွင် စစ်ပညာကို အထူးပင်ပန်းကြီးစွာဖြင့် သည်းခံကာ သင်ယူခဲ့ကြရသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ဂျပန်စစ်တပ်များနှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ချီတက်ဝင်ရောက်ပြီး ကိုလိုနီနယ်ချဲ့တို့အား တော်လှန်တိုက်ခိုက်ခဲ့ကြသည်။ ကိုလိုနီနယ်ချဲ့တို့ ထွက်ခွာသွားပြီးပါက မြန်မာနိုင်ငံအားလွတ်လပ်ရေးပေးမည်ဟု ဂျပန်စစ်တပ်က အကြိမ်ကြိမ် ကတိကဝတ်ပြုခဲ့သော်လည်း ထိုကတိကဝတ်များကို ချိုးဖောက်၍ အတုအယောင် လွတ်လပ်ရေးကိုသာ ပေးခဲ့သည်။ ဂျပန်စစ်တပ်သည် ဖက်ဆစ်စနစ်ကို အသုံးပြုလာပြီး ပြည်သူလူထုအား နည်းအမျိုးမျိုးဖြင့် ညှဉ်းပန်းနှိပ်စက်ခဲ့ကြကာ တိုင်းပြည်၏ သယံဇာတများနှင့် ဆန်ရေစပါးတို့ကို အမြတ်ထုတ် သွေးစုပ်ခဲ့ကြသည်။

ထို့ကြောင့် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးခေါင်းဆောင်သော ဗမာ့တပ်မတော်၊ ဗမာပြည်ကွန်မြူနစ်ပါတီ၊ ပြည်သူ့အရေးတော်ပုံ နောင်တွင် (ဆိုရှယ်လစ်ပါတီ) တို့ပါဝင်ပြီး ၁၉၄၄ ခုနှစ်၊ ဩဂုတ်လက ပူးပေါင်းဖွဲ့စည်းခဲ့သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုအောက်တွင် ဖက်ဆစ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့ကြခြင်းဖြစ်ပေသည်။ ဤအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုနှင့် အလံတော်အောက်တွင် စည်းလုံးညီညွတ်မှုရှိသော ပြည်သူလူထုသည် တပ်မတော်နှင့် ပူးပေါင်းပါဝင်ကြပြီး ဦးလည်မသုန် လိုက်နာဆောင်ရွက်ခဲ့ကြခြင်းကြောင့် ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်မှုရရှိခဲ့ခြင်းဖြစ်သည်။ မိမိနိုင်ငံ လွတ်လပ်ရေးအတွက် ထွန်းလင်းတောက်ပသော ရောင်ခြည်ကြီး ပေါ်ထွန်းလာခဲ့ပါသည်။

ဤအဖွဲ့ချုပ်ကြီးတွင် ဗိုလ်ချုပ်အောင်ဆန်းအား ဗဟိုဦးစီးအဖွဲ့ ဥက္ကဋ္ဌနှင့် ဗဟိုစစ်ကောင်စီ သဘာပတိအဖြစ် ကြီးလေးသော တာဝန်များကို ပေးအပ်ခဲ့သည်။ ၎င်းပြင် ကြေညာချက်တစ်စောင်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ကြေညာချက်တွင် ပါရှိသော အချက်အချို့များမှာ . . .

× × × ဗမာပြည်သား အလိုကျ လွတ်လပ်တဲ့ × × × နိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ရေး ဥပဒေကို ရေးဆွဲရမည်၊ ဤဥပဒေတွင် . . .

– ပုဂ္ဂလိကလွတ်လပ်ခွင့် × × ×
– လွတ်လပ်စွာတွေးတောခွင့် × × ×
– လွတ်လပ်စွာ ပြောဆိုခွင့်၊ ရေးသားခွင့်၊ ဖော်ပြခွင့် × × ×

- လွတ်လပ်စွာ အသင်းအပင်း၊ အဖွဲ့အစည်း၊ စည်းရုံးခွင့်၊ စည်းဝေးခွင့်၊ စီတန်းလမ်းလျှောက်ခွင့် × × ×
- လွတ်လပ်စွာ မိမိကြိုက်နှစ်သက်ရာ ဘာသာတရားကို ကိုးကွယ်ခွင့် × × ×
- မတရားသဖြင့် ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်းမှ လွတ်လပ်ခွင့် × × ×
- စီးပွားရေးနှင့် လူမှုရေးတွင် မတရား နှိပ်စက် ညှဉ်းဆဲမှုများမှ လွတ်လပ်ခွင့် × × ×
- ဘာသာစာ၊ စာစကား ခြားနားသူများအဖို့ မိမိဘာသာ အယူအဆအတိုင်း နေနိုင်ခွင့် × × ×
- ကရင်၊ ရှမ်း၊ ပလောင်၊ တောင်သူ၊ ကချင်၊ ချင်း၊ မွန် × × × စသော လူနည်းစုများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေး၊ အခွင့်အရေးများကို × × × စောင့်ရှောက်ပေးရေး၊

စသော ဒီမိုကရေစီ အခြေခံမှုများ ပါဝင်ခဲ့ပါသည်။

တစ်ဖန် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်ကို အမည်ပြောင်းလိုက်သည့် အမျိုးသားနိုင်ငံရေးတပ်ဦး ဖြစ်သော ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ် ဖွဲ့စည်းပုံ ဥပဒေ(ယာယီ)တွင် အမျိုးသားအင်အားစု အားလုံး ဘုံသဘောတူညီချက်ဖြင့် ရယူခဲ့သော အခြေခံတရားများမှာ . . .

(၁) တဦးချင်းဖြင့် အာဏာရှင်လုပ်သည့်စနစ်ကို မလိုလား၊
(၂) လူမျိုးအချင်းချင်း မုန်းတီးရေးကို မလိုလား၊ အချင်းချင်း ညီရင်းအစ်ကို ချစ်ခင်မှုကို လိုလားသည်၊
(၃) စစ်မက်လိုလားသောဝါဒ စစ်ဝါဒသမားများ လွှမ်းမိုးသော စနစ်ကို မလိုလား၊
(၄) အရာရှိတို့က အာဏာကို လက်ကိုင်ထား၍ ထင်ရာစိုးသည့် စနစ်ကို မလိုလား၊
(၅) သက်ဦးဆံပိုင်ရှင်ဘုရင် ထင်ရာပြုလုပ် အုပ်ချုပ်သည့် စနစ်ကို မလိုလား၊

တို့ဖြစ်ပေသည်။

(လူထုဦးလှ၏ "သတင်းစာများက ပြောပြတဲ့ စစ်တွင်း ဗမာပြည်" စာတွဲ၊ စာ–၂၆၉ မှ)

ထို့အပြင် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းပြည်၏ အနာဂတ်တပ်မတော်သည် အထက်ပါ မူဝါဒများ၊ ရည်ရွယ်ချက်များနှင့် လုံးဝဥဿုံ လိုက်လျောညီထွေ ဖြစ်စေရန်နှင့် အနာဂတ် မြန်မာနိုင်ငံတော်သည် မည်သို့သော လွတ်လပ်သည့်နိုင်ငံမျိုး ဖြစ်ရမည်တို့ကိုလည်း လမ်းညွှန်မိန့်ကြားခဲ့ပါသည်။ တပ်မတော်ဖခင်ကြီး၊ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ၁၉၄၅ ခုနှစ်၊ ဩဂုတ်လ စာတွဲအကြိမ်မြောက် နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် . . .

"× × × ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင် လုပ်ရမယ်။ အဲဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံ ထူထောင်နိုင်အောင် ကြိုးစားရမယ်။ ဒါမျိုးမလုပ်နိုင်ရင် ကျွန်တော်တို့ ဗမာပြည်က လူတွေဟာလဲ နစ်နာမယ်။ × × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်။ × × ×"

"ဗမာပြည် လွတ်လပ်ရေးရတဲ့အခါ တိုင်းသူပြည်သားတွေသာလျှင် အဓိကလိုလားပြီး၊ တိုင်းပြည်တည်ထောင်ချင်တယ်ဆိုရင် ဒီမိုကရေစီစနစ်အရမှ ဖြစ်နိုင်မယ်။ ဒီမိုကရေစီအရင်းခံဘဲ × × ×"

"× × × ကမ္ဘာမှာ တိုင်းပြည်အချင်းချင်း သင့်မြတ်စွာ တဦးအကျိုး တဦးဖြစ်ပွားစေအောင် ဆောင်ရွက်တဲ့ လူမျိုးရေး တရားမျိုးလဲ ဖြစ်ရမယ်။ ဂျပန်ပြည်မှာလို စစ်ဘက်က လက်ဝါးကြီးအုပ်ပြီး၊ တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင် စစ်ဘက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့်ရှိရမယ်။"

ဟု မိန့်ကြားခဲ့ပေသည်။

သို့ဖြစ်ရာ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း လမ်းညွှန်ခဲ့သည့်အတိုင်း အာဏာရှင်ဝါဒ မထွန်းကားရေးအတွက် တပ်မတော်သည် ပြည်သူလူထုက လွတ်လပ်စွာနှင့် တရားမျှတစွာ ရွေးကောက်တင်မြှောက်လိုက်သော ပြည်သူ့လွှတ်တော်၏ စီမံခန့်ခွဲမှုအောက်တွင်သာ ရှိရမည်။ လွှတ်တော်၏အထက်တွင် မရှိစေရပါ။ သို့မှသာ တပ်မတော်၏ဂုဏ်သိက္ခာ မြင့်မားမည်ဖြစ်ပါသည်။ ပြည်သူလူထု၏ အခွန်ဘဏ္ဍာငွေများဖြင့် လက်နက်၊ ခဲယမ်း၊ မီးကျောက်၊ ရိက္ခာ၊ လစာ၊ အဝတ်တန်ဆာတို့ဖြင့် ဖွံ့စည်းထားသော တပ်မတော်သည် ပြည်သူ့အတွက်သာ ဖြစ်ရပါမည်။ ပြည်သူသည် တပ်မတော်အတွက် မဖြစ်စေသင့်ပါ။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တပ်မတော်သည် မည်သို့သော လက်နက်ကိုင်အဖွဲ့အစည်းဖြစ်သင့်သည်ကို ၁၉၄၄ ခုနှစ်၊ မတ်လ (၁၃)ရက်နေ့တွင် ကျင်းပခဲ့သော ဗိုလ်သင်တန်း ဘွဲ့နှင်းသဘင်အခမ်းအနား၌ အောက်ပါအတိုင်း မိန့်ကြားခဲ့ပေသည်။

"× × × တို့တပ်မတော်ဟာ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံ ဒီအကျိုးကို ကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာလည်း ဗမာတနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်ဆိုတာ နားလည်ရမယ်။"

"ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်ထားတာ မဟုတ်ဘူး။ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်။ ဒီတပ်မတော်ဟာ တဖွဲ့၊ တပါတီ၊ လူတစုအတွက် တည်ထောင်ထားတာမဟုတ်။ တနိုင်ငံလုံး တမျိုးသားလုံးအတွက် ဖြစ်တယ်။"

(ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးမိန့်ခွန်းများ၊ စာမျက်နှာ-၁၀၂ မှ)

ဤအခြေခံမှုကို ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၂၁)ရက်နေ့တွင် မိတ္ထီလာမြို့၌ ကျင်းပခဲ့သည့် တပ်မတော်တပ်မှူးအားလုံးပါဝင်သော တပ်မတော်ညီလာခံတွင် . . .

"× × × နိုင်ငံ၏ အချုပ်အခြာအာဏာကို နိုင်ငံသားတို့၌ တည်စေပြီး သကာလ တရားဥပဒေပြုမှုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာရပ်တို့၏ အပြန် အလှန် ထိန်းသိမ်းမှုကို ကျင့်သုံးအပ်သော ဒီမိုကရေစီနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ စံနစ်မျိုးသာလျှင် ဤပြည်ထောင်စုမြန်မာနိုင်ငံက ခံယူလျက်ရှိကြောင်း၊ ထင်ရှားလေသည်။"

"ဤပြည်ထောင်စုမြန်မာနိုင်ငံသည် မင်းကျင့်တရားနှင့် မညီသော အစိုးရမျိုးကို ဖယ်ရှားနိုင်စေ၍ မင်းကျင့်တရားနှင့်ညီသော အစိုးရမျိုးကို ပြည်သူတို့က ရွေးကောက်တင်မြှောက်နိုင်ခွင့် ရှိစေအပ်သော ဒီမိုကရေစီနေထိုင်မှု စံနစ်မျိုးကိုသာလျှင် ယုံကြည်သည်။"

"ဤပြည်ထောင်စုမြန်မာနိုင်ငံသည် အကျဉ်းထောင်တွင်းရှိ အကျဉ်းသမားဘဝမျိုး၏ "ဒီမိုကရေစီ"မျိုးကို မယုံကြည်၊ ကြောက်လန့်မှုမှကင်းသော၊ စိုးရိမ်မှုမှကင်းသော၊ လူ့သိက္ခာနှင့်လျော်ညီသော၊ လွတ်လပ်မှုရှိသော ဒီမိုကရေစီမျိုးကိုသာ ယုံကြည်သည်။"

ဟု အတည်ပြုခဲ့ကြသည်။

(၁၉၅၈ ခုနှစ်၊ မိတ္ထီလာမြို့၌ ကျင်းပခဲ့သည့် တပ်မတော်ညီလာခံ၏
နိုင်ငံတော်ဝါဒနှင့် တပ်မတော်လုပ်ငန်းစဉ်စာတမ်း၊ စာမျက်နှာ-၂၇-၂၈ မှ)

ဖက်ဆစ်တော်လှန်ရေးတွင် ကျဆုံးခဲ့သော ခေါင်းဆောင်များနှင့် ပြည်သူများ၊ သွေးနှင့်ရေးခဲ့သော အထက်ပါမူနှင့်တရားများ ယိမ်းယိုင်လာလျှင် ဤနိုင်ငံတွင် အမျိုးသားညီညွတ်ရေး ယိုယွင်းကျဆင်းလာပြီး တိုင်းပြည်ဖွံ့ဖြိုးမှုများ ပျက်ပြားလာမည် ဖြစ်ပေသည်။ ထို့ကြောင့် ဖက်ဆစ်တော်လှန်ရေးဆင်နွှဲရာတွင် ပါဝင်ခဲ့သော တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးသွားခဲ့သော ရဲဘော်များ၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခဲ့ပြီး မနေ့ထိအသက်ရှင်ကျန်ရစ်နေသေးသော တော်လှန်ရေးရဲဘော်များ၏ တိုင်းပြည်အတွက် ပေးဆပ်ခဲ့သော ဂုဏ်ကျေးဇူးများကို မမေ့သင့် မမေ့ထိုက်သောကြောင့် ယနေ့ မှန်ကန်သောနည်းလမ်းမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးစိတ်ဓာတ်ဖြင့် စစ်မှန်သော ဒီမိုကရေစီစနစ်ကို ထူထောင်ရမည် ဖြစ်ပေသည်။

ဖက်ဆစ်တော်လှန်ရေးတွင် နိုင်ငံ့အတွက်လိုအပ်သော အခြေခံသဘောတူညီချက် (Common Ground) ရယူခဲ့သလို ယနေ့တွင်လည်း တပ်မတော်သည် နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လက်တွေ့ကျကျ ပူးပေါင်းဆောင်ရွက်နိုင်ရန်၊ တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို အဓိကထား၍ ရင်ဆိုင်နေရသော ပြဿနာများကို တွေ့ဆုံဆွေးနွေး အဖြေရှာကြရန် အချိန်ကျရောက်နေပြီဖြစ်ပါသည်။ အချိန်မနှောင်းမီ ဆောင်ရွက်ကြရန် အထူးအရေးကြီးပါသည်။ ဆွေးနွေးခြင်းမပြုပါက တိုင်းပြည်တွင် ပိုမိုခက်ခဲရှုပ်ထွေးသောအခြေအနေများ၊ တန်ဖိုးကြီးမားသော ဆုံးရှုံးမှုများနှင့် မလွဲမသွေ ရင်ဆိုင်ရနိုင်ကြောင်းတို့ကို အထူးသတိကြီးစွာထားရမည် ဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော် ယနေ့တိုင်းပြည်က ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေ အကျပ်အတည်းများနှင့် ယိုယွင်းကျဆင်းနေသော အမျိုးသားညီညွတ်ရေး ပြဿနာကြီးများမှာ အနိဋ္ဌာရုံဘက်သို့ ဦးတည်နေပြီ ဖြစ်ပါသည်။

ဤနေရာတွင် ထပ်မံတင်ပြရမည်ဆိုပါလျှင် ယနေ့တပ်မတော်သည်ပင် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဖိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ပြိုတိသျှ အရှေ့တောင်အာရှ စစ်သေနာပတိချုပ် လော့ဒ်မောင့်ဘက်တန်တို့ သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ တွေ့ဆုံဆွေးနွေးခြင်းများအရ ပေါ်ပေါက်လာခြင်း ဖြစ်ပေသည်။

ယင်းအထွေထွေအကျပ်အတည်းများကို အချိန်မီဖြေရှင်းနိုင်ရန်နည်းလမ်းမှာ ကုလသမဂ္ဂ၏ ယခင်အထွေထွေအတွင်းရေးမှူးချုပ်က အကြံပြုခဲ့သည့်အတိုင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ ဦးစွာပထမ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေး အဖြေရှာကြပြီး ထို့နောက်တွင် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များနှင့်ပါ တွေ့ဆုံဆွေးနွေးကြရန် ဖြစ်ပါသည်။ သို့တည်းမဟုတ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့ နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးနေကြစဉ် တစ်ပြိုင်တည်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီနှင့် တိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးကြရန် ဖြစ်ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်၌ . . .

> "နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေါင်းဆောင်များနှင့် အဓိပ္ပာယ်ပြည့်ဝ၍ အချိန်ကန့်သတ်မှုများပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများ စောနိုင်သမျှ အစောဆုံး စတင်နိုင်ရန်အလို့ငှာ ယခုကဲ့သို့သော ပဏာမအဆင့် ဆွေးနွေးညှိနှိုင်းမှုများသည် မကြာမီ ပြီးမြောက်သွားမည်ဟုလည်း ကျွန်မ မျှော်လင့်ထားပါသည်။"
>
> "တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် ဤတွေ့ဆုံဆွေးနွေးပွဲ လုပ်ငန်းစဉ် အောင်မြင်အောင်ကျင်းပသွားရန်အလို့ငှာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ကျွန်မ အသင့်ရှိနေပါသည်။ ယင်းတွေ့ဆုံဆွေးနွေးမှုများ အောင်မြင်ရေး အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂ၏ လိုအပ်သော အခန်းကဏ္ဍများကိုလည်း ကျွန်မ ကြိုဆိုလိုက်ပါသည်။"

ဟု အတိအလင်း ထုတ်ပြန်ခဲ့ပါသည်။

သို့သော်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း"ကို တရားဝင်ထုတ်ပြန်ခဲ့ခြင်းမရှိပါဘဲ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ကြေညာချက်အမှတ် – ၁/၂၀၀၈ ကို ထုတ်ပြန်ပြီး "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ အတည်ပြုခြင်းကို ၂၀၀၈ ခုနှစ်၊ မေလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း"နှင့် ကြေညာချက်အမှတ်–၂/၂၀၀၈ ကို ထုတ်ပြန်၍ "ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း"တို့ကို စစ်မှန်သော တွေ့ဆုံဆွေးနွေးခြင်းမရှိပါဘဲ တစ်ဘက်သတ် ကြေညာခဲ့ပြန်ပါသည်။

ဤသည်မှာ အမျိုးသားအကျပ်အတည်းကြီးကို ထပ်မံဖိတ်ခေါ်လိုက်ခြင်း ဖြစ်သဖြင့် နိုင်ငံ၏ထွက်ပေါက်အတွက် မုချဆောင်ရွက်သင့်သော အဓိကအချက်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အပါအဝင် ဒီမိုကရေစီအင်အားစုများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၏ အဆိုပြုကမ်းလှမ်းချက်များ၊ တိုက်တွန်းချက်များကို အလေးအနက်ထည့်သွင်းစဉ်းစားရန် အာဏာပိုင်တို့အပေါ်တွင် တာဝန်ကျရောက်နေပြီဖြစ်ပါသည်။ ဤသို့မဟုတ်ဘဲ မိမိဆန္ဒသဘောအတိုင်း "နိုင်လျှင်လည်း နိုင်ရမည်၊ ရှုံးလျှင်လည်း နိုင်ရမည်"ဟု အတင်းအကျပ် အင်အားသုံး ဆောင်ရွက်ပါလျှင် မြန်မာ့သမိုင်းက ပြသခဲ့သည့်အတိုင်း ပြည်သူလူထု၏ လက်တွေ့ကျကျ ဆုံးဖြတ်မှုများနှင့် ရင်ဆိုင်ရမည် ဖြစ်ပေသည်။

ထို့ကြောင့် ယနေ့အခြေအနေမှာ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အမျိုးသား ပြန်လည်သင့်မြတ်ရေး အမှန်တကယ်ရယူနိုင်မှသာလျှင် နိုင်ငံ၏ အဓိကသော့ချက် ပြဿနာကြီးဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် တစ်ရပ်ကို အများယုံကြည် လက်ခံနိုင်သော နည်းလမ်းဖြင့် ပြည်သူလူထု၏ ထောက်ခံမှုရယူပြီး အတည်ပြုနိုင်မည် ဖြစ်ပေသည်။ သို့ဖြစ်ရာ လိုအပ်နေသော အမျိုးသားပြန်လည်သင့်မြတ်ရေး ရရှိရေးအတွက် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးကို အဓိကထားပြီး တွေ့ဆုံဆွေးနွေးအဖြေရှာကြရမည် ဖြစ်ပေသည်။ အထူးသဖြင့် နိုင်ငံ၏ကံကြမ္မာကို အဆုံးအဖြတ်ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် သက်ဆိုင်သူအားလုံးသည် အယူအဆတစ်ခုကို

အသေဆုပ်ကိုင်၍ တစ်ဘက်သတ် ရပ်တည်ခြင်းမပြုဘဲ ပြင်သာပြောင်းသာသောနည်းဖြင့် အလျော့အတင်းသဘော ကိုဆောင်၍ လက်တွေ့ကျကျ အဖြေရှာရမည် ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ချမှတ်ထားသည့် "၂၀၀၈ ခုနှစ်တွင် အမျိုးသားပြန်လည်သင့်မြတ်ရေး မုချ ပေါ်ထွန်းစေရမည်" ဟူသည်နှင့် လျော်ညီစေရန် တွေ့ဆုံဆွေးနွေးရေးနည်းလမ်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး ကို အမှန်တကယ် ရယူနိုင်ကြရန် အထူးလိုအပ်ပေသည်။ တွေ့ဆုံဆွေးနွေးခြင်းသည် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် လိုအပ်သော နှစ်ဦးနှစ်ဖက် အခြေခံသဘောတူညီချက် (Common Ground) ကို ရရှိရန် အခြေအနေ ဖန် တီးခြင်းလည်း ဖြစ်ပေသည်။ လက်ရှိရင်ဆိုင်နေရသော နိုင်ငံ၏အထွေထွေအကျပ်အတည်းများကို ညှိနှိုင်းဖြေရှင်းနိုင်ရန် အတွက် သက်ဆိုင်သူများအားလုံးသည် အယူအဆတစ်ခုကို အသေဆုပ်ကိုင်၍ တစ်ဖက်သတ်ရပ်တည်ခြင်းဖြင့် မရရှိ နိုင်ပါ။ ပြင်သာပြောင်းသာနည်းဖြင့် အလျော့အတင်းသဘောကိုဆောင်၍ သူမနာ ကိုယ်မနာ ဆက်ဆံရေးကို လက် တွေ့ကျကျ ရွေးချယ်ကြရမည် ဖြစ်ပေသည်။

သို့မှသာ ဖက်ဆစ်တော်လှန်ရေးတွင် သွေးများဖြင့် သွန်းလောင်းပူဇော်ခဲ့သော နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများ၏ ဂုဏ်ကျေးဇူးကို ပြန်လည်ပေးဆပ်ရာရောက်ပါမည်။ သို့ပါ၍ နိုင်ငံ၏ အဓိကလိုအပ်ချက်ဖြစ်သော အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ဒီမိုကရေစီ ဖော်ဆောင်ရေးတို့အတွက် . . .

(၁) ၁၉၈၉ ခုနှစ် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ–၃ နှင့် ကြေညာချက်–၁/၉၀ အပိုဒ်–၁၂ နှင့်အညီ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်သူ့လွှတ်တော်တစ်ရပ်ကိုခေါ်ယူ ဖွဲ့စည်းပေးရန်၊

(၂) နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်ပေါက်ရေး လုပ်ငန်းစဉ်များတွင် အာဏာပိုင်တို့က ထုတ်ပြန် ထားသည့် ကြေညာချက်–၁/၉၀ အပိုဒ်–၂၁ နှင့် ကွဲလွဲဆန့်ကျင်မှု မဖြစ်စေရန်၊

(၃) မိမိနိုင်ငံတော်တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး ရရှိရေးအတွက် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ် ခြင်းကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု–ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည် တို့အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန် လွှတ်ပေးရန်၊ အထူးသဖြင့် ဒေါ်အောင်ဆန်းစုကြည်အား တိုင်းရင်းသားလူမျိုးစုများနှင့် ပြည်သူလူထု တစ်ရပ်လုံးက ယုံကြည်ကိုးစား အားထားကြသည့် အားလျော်စွာ နိုင်ငံရေးကိစ္စအရပ်ရပ်တွင် ပါဝင် ဆောင်ရွက်ခွင့် ရစေရန်၊

(၄) တိုင်းရင်းသားလူမျိုးစုများ မပါဝင်ဘဲ စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည် ထောင်နိုင်မည် မဟုတ်သောကြောင့် နှစ်ရှည်ပြစ်ဒဏ်ကျခံခြင်း ခံနေကြရသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်း ဆောင်တို့အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၅) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် အကျဉ်းကျခံနေကြရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၆) ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော် ပြသခဲ့သောကြောင့် ဖမ်းဆီးထိန်းသိမ်းခြင်း၊ တရားစွဲဆိုခြင်း ခံနေကြရသည့် သံဃာတော်အရှင်သူမြတ်များ၊ ၈၈ မျိုးဆက် ကျောင်းသားခေါင်းဆောင်များနှင့် ဒီမိုကရေစီအင်အားစု များကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်၊

(၇) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်လျက်ရှိသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ စည်းရုံးရေးအဖွဲ့အဆင့်ဆင့် ရုံးခန်းများအား သက်ဆိုင်ရာအာဏာပိုင်တို့က ခေတ္တဟုဆိုပြီး ယနေ့အထိ ကာလရှည်ကြာစွာ ဥပဒေမဲ့ ချိတ်ပိတ်ထားခြင်းမှ ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် စည်းရုံးလှုပ် ရှားခွင့်ပေးရန်၊

(၈) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဖွဲ့ဝင်များအား သက်ဆိုင်ရာအာဏာပိုင်များက တရားမဲ့စွာ အကြောင်းအမျိုးမျိုးပြ၍ အတင်းအကြပ် ဖိအားပေး နုတ်ထွက်စေခြင်းများကို အမြန်ဆုံး ရပ်ဆိုင်းပေး ရန်၊

(၉) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီးမှ ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

စသည်တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ပြည်သူ့ဆန္ဒနှင့်အညီ အမြန်ဆုံးဆောင်ရွက်ပေးရန် လုံးဝတာဝန်ရှိကြောင်း ကြေညာလိုက်သည်။

၄-၃-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မတ်လ (၃၁)ရက်
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၀)ရက်

## အထူးကြေညာချက် – ၄ / ၀၃ / ၀၈

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက ဒီမိုကရေစီနှင့် စပ်လျဉ်း၍ . . .

"× × × လူတွေက တင်မြှောက်ပြီး လူတွေရဲ့ အကျိုးကိုလုပ်တဲ့ လူတွေရဲ့ အစိုးရသာလျှင် ဒီမိုကရေစီ ဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာ ဖြစ်တယ်။"

"ဒီမိုကရေစီသစ်အရ လုပ်မဲ့ ဖွဲ့စည်းအုပ်ချုပ်ပုံ ဥပဒေမျိုးဟာ ဘယ်လိုဖြစ်ရမလဲဆိုရင် တိုင်းသူပြည်သား လူအများစုတွေ အာဏာပိုင်အဖြစ် အုပ်ချုပ်နိုင်အောင် သူတို့ရွေးကောက်တဲ့ ကိုယ်စားလှယ်တွေဟာ အောက်ကနေ အထက်အထိ တိုင်းပြည်အုပ်ချုပ်ရေး၊ တိုင်းပြည်အစိုးရအာဏာကို ကိုင်ထားရမယ်။ × × ×"

ဟု ၁၉၄၇ ခုနှစ်၊ မေလ (၁၉)ရက်နေ့တွင် ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံ၌ မိန့်ကြားခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေနှင့်အညီ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂၇)ရက်နေ့တွင် စတင်တည်ထောင်စဉ်ကပင် ရည်ရွယ်ချက်အချို့အဖြစ် . . .

(က) အများပြည်သူတို့၏ ဆန္ဒနှင့် ကိုက်ညီ၍ အခြေခံ လူ့အခွင့်အရေးများကို အာမခံမည့် စစ်မှန်သော ဒီမိုကရေစီအစိုးရ ဖြစ်ပေါ်လာစေရန်၊

(ခ) အာဏာရှင်ဆန်၍ ပြည်သူလူထုကို ဖိစီးနှိပ်စက်မည့် နိုင်ငံရေးစနစ်မျိုး ပြန်လည်ထွန်းကားခြင်း မရှိစေရေးအတွက် ကြိုးပမ်းရန်၊

စသည်တို့ကို ချမှတ်ထားခဲ့ပြီး ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်၊ မေလတွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပမည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)ကို လေ့လာကြည့်လျှင် . . .

(၁) နိုင်ငံတော်၏အခြေခံမူများ၌ "နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်"ဟု ချမှတ်ထားခြင်း၊

(၂) နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတ အရည်အချင်းများတွင် "စစ်ရေးအမြင် ရှိရမည်"ဟူသော အချက်ကို ထည့်သွင်းထားခြင်း၊

(၃) ဥပဒေပြုရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော်များတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းမည့် တပ်မတော်သား (၂၅)ရာခိုင်နှုန်း ပါဝင်နေခြင်း၊

(၄) လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများအဖြစ် ခန့်အပ်တာဝန်ပေးခြင်း ခံရပါက လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ပြီးဖြစ်သည်ဟု သတ်မှတ်ထားပြီး၊ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် ခန့်အပ်ထားသော တပ်မတော်သားကိုယ်စားလှယ်များကိုမူ အငြိမ်းစားယူရန် သို့မဟုတ် နုတ်ထွက်ရန် မလိုဟု သတ်မှတ်ထားခြင်း၊

(၅) ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ခန့်အပ်တာဝန်ပေးခြင်းနှင့်စပ်လျဉ်း၍ ကာကွယ်ရေး၊ ပြည်ထဲရေး၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနများအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံမှ သင့်လျော်သည့် တပ်မတော်သားများ၏ အမည်စာရင်းကို နိုင်ငံတော်သမ္မတက ရယူရခြင်း၊

(၆) ရာထူးမှနုတ်ထွက်ရမည့် အထက်ပါ တပ်မတော်သား ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် ပတ်သက်လျှင် နိုင်ငံတော်သမ္မတသည် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်ခြင်း၊

(၇) အုပ်ချုပ်ရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့တွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းမည့် တပ်မတော်သားများ ပါဝင်နေခြင်း၊

(၈) အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီကို (၁၁)ဦးဖြင့် ဖွဲ့စည်းထားရာ ဒုတိယသမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ စုစုပေါင်း(၆)ဦးတို့ဖြင့် အများစုမဲ (majority vote) ကို တစ်ပါတည်း ရယူထားခြင်း၊

(၉) တပ်မတော်သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိခြင်း၊

(၁၀) တပ်မတော်နှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်အဖွဲ့အစည်းအားလုံးသည် တပ်မတော်၏ ကွပ်ကဲမှုအောက်တွင် ရှိရမည်ဟု ထည့်သွင်းထားခြင်း၊

(၁၁) အရေးပေါ်အခြေအနေပေါ်ပေါက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်အာဏာကို ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ ရယူသုံးစွဲခွင့် ရှိခြင်း၊

(၁၂) ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ (၇၅)ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရမည်ဟု မည်သို့မျှ ပြင်ဆင်ခွင့်မရနိုင်အောင် သတ်မှတ်ထားခြင်း၊

စသည်တို့ဖြင့် "အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရမည်"ဟူသော ဒီမိုကရေစီမူများနှင့် ညီညွတ်ခြင်းမရှိဘဲ ရေးဆွဲထားသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် အထက်ပါအချက်များကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အတွင်း အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့စဉ်ကတည်းက စာတမ်းအသီးသီးတွင် ရေးသားဖော်ပြ၍ အစဉ်တစိုက် ကန့်ကွက်ခဲ့ပြီး ဖြစ်ပါသည်။

၎င်းပြင် အာဏာပိုင်တို့က ၎င်းတို့ကိုယ်တိုင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ်(၁/၉၀)၊ အပိုဒ် (၂၀) အရ ပြည်သူကရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်ကြသော်လည်း ဤဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)မှာ ပြည်သူကရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲခဲ့ရခြင်းလည်း မဟုတ်ပါ။

ဖွဲ့စည်းပုံအခြေခံဥပဒေသည် တိုင်းပြည်၏ အခြေခံအကျဆုံးနှင့် အမြင့်ဆုံး ဥပဒေဖြစ်သောကြောင့် တိုင်းပြည်၏ အသက်ပင်ဖြစ်ပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူတို့၏ တန်းတူညီမျှသော အခြေခံအခွင့်အရေးများကို အာမခံချက်ပေးရပါသည်။ သို့ပါ၍ ယခုကျင်းပမည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် တိုင်းပြည်နှင့် ပြည်သူလူထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်အကျိုးစီးပွားများအတွက် အထူးသဖြင့် ပြည်သူလူထုသည် မိမိနှင့် နောင်လာနောက်သား မျိုးဆက်များအတွက် အလေးအနက်ထားစဉ်းစား၍ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ဦးတည်လျက် ဆုံးဖြတ်ကြပြီး ဆန္ဒပြုကြရန် နှိုးဆော်လိုက်ပါသည်။ မဲရုံသို့ သွားကြပြီး ဆန္ဒပြုခြင်းသည် မိမိကိုယ်ပိုင်အခွင့်အရေးကို မဆုံးရှုံးစေရန် အသုံးပြုလိုက်ခြင်းမည်ပေသည်။

၂၀-၃-၀၈ နှင့် ၂၄-၃-၀၈ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ခင်ကျော်ဟန် (ရေနံချောင်း)

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂)ရက်
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ ပြည်သူသို့ ပန်ကြားချက်

၁။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်မည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ရေးဆွဲခဲ့ရခြင်း လုံးဝ မဟုတ်ပါ။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၎င်းတို့ဘာသာ ၎င်းတို့ စိတ်ကြိုက်ရွေးချယ်ထားသည့် ပုဂ္ဂိုလ်များဖြင့်သာ တစ်ဖက်သတ်ရေးဆွဲထားသော နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ဖြစ်ပါသည်။

၃။ ၎င်းပြင် "နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထုထံမှ ဆင်းသက်ရမည်" ဟူသော ဒီမိုကရေစီအခြေခံမူကြီးနှင့် ညီညွတ်ခြင်းမရှိသဖြင့် တိုင်းရင်းသားလူမျိုးစုများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးက အာသာပြင်းပြစွာ လိုလားတောင့်တနေသော ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအတွက် အာမခံချက်များလည်း မပေးနိုင်ပါ။

၄။ နိုင်ငံတော်ကို အုပ်ချုပ်နေသော အဖွဲ့အစည်းတစ်ခုသည် ပြည်သူလူထုထောက်ခံမှု မရရှိလျှင် တည်တံ့ခိုင်မြဲခြင်း မရှိနိုင်ကြောင်းကို မိမိနိုင်ငံသမိုင်းများနှင့် နိုင်ငံတကာသမိုင်းများက သက်သေထူလျက်ရှိပေသည်။

၅။ သို့ပါသဖြင့် လူထုလူတန်းစား အလွှာအသီးသီးမှ တိုင်းရင်းသားပြည်သူများ အားလုံးနှင့် အဖွဲ့အစည်းများက သက်ဆိုင်ရာမဲရုံများသို့ မပျက်မကွက် သွားရောက်ကြ၍ ကန့်ကွက်မဲကို ကြက်ခြေခတ်ခြင်းဖြင့် ပြတ်ပြတ်သားသား ရဲရဲရင့်ရင့် ပေးကြရန် ပန်ကြားအပ်ပါသည်။

၂၀-၃-၀၈ နှင့် ၃၁-၃-၀၈ နေ့များတွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂)ရက်
၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် (၁၂)ရက်

## ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနှင့် ပတ်သက်၍ သိရှိထားရမည့်အချက်များနှင့် လုပ်ဆောင်ရမည့်အချက်များ

၁။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်းကို (၇)ရက် ကြိုတင် ကြေညာရမည်ဖြစ်ပါသည်။

၂။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းတွင် မိမိတို့၏အမည် ပါ၊ မပါ ကြိုတင်လေ့လာရပါမည်။
(က) မပါလျှင် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ ကော်မရှင်သို့ တင်ပြနိုင်သည်။
(ခ) ဖြစ်နိုင်လျှင် သေဆုံး/ပြောင်းရွှေ့ သွားသော ဆန္ဒမဲပေးသူများစာရင်းကို ကြိုတင်ပြုစုထားပါ။

၃။ မဲရုံများနှင့် မဲရုံပတ်ဝန်းကျင်သည် လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်ခြင်း ရှိ/မရှိ ဂရုစိုက်ပါ။

၄။ မဲရုံစတင်ဖွင့်လှစ်သည့်အချိန်၌ မဲပုံးများတွင် ဆန္ဒမဲလက်မှတ်နှင့် အခြားပစ္စည်း တစ်စုံတစ်ရာ မရှိကြောင်း (၅)ဦးထက်မနည်း မဲပေးခွင့်ရှိသူများအား ပြသရမည်။ မဲပုံးကို လုံခြုံစွာ ပိတ်ခြင်း ရှိ/မရှိ စစ်ဆေးကြည့်ရှုပါ။

၅။ ဆန္ဒမဲလက်မှတ်တိုင်းတွင် ကော်မရှင်အမှတ်အသားနှင့် မဲရုံမှူးလက်မှတ် ပါ/မပါ စစ်ဆေးပါ။ ယင်းအမှတ်အသားနှင့်လက်မှတ် မပါလျှင် ပယ်မဲဖြစ်လိမ့်မည်။

၆။ လျှို့ဝှက်ဆန္ဒမဲပေးစနစ်ကို ထိခိုက်စေသည့် အမှတ်အသားပါသည်ဟု ယူဆလျှင် ဆန္ဒမဲလက်မှတ်ကို ပြန်လည်လဲလှယ်ပေးရန် တောင်းဆိုပါ။

၇။ ဆန္ဒမဲပေးရာတွင် ထောက်ခံလျှင် အမှန် (   ) အမှတ်အသားကိုလည်းကောင်း၊ ကန့်ကွက်လျှင် ကြက်ခြေခတ် (   ) အမှတ်အသားကိုလည်းကောင်း ရေးသားဖော်ပြရမည် ဖြစ်သည်။ (**မိမိ၏ လွတ်လပ်သောဆန္ဒအရ ကန့်ကွက်ကြောင်း ကြက်ခြေခတ် (   ) ခြင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် လုံးဝ ငြိစွန်းခြင်း မရှိပါ**)။

၈။ ပယ်မဲ မဖြစ်စေရန် သတိပြုပါ။ သတ်မှတ်ထားသည့် အမှတ်အသားမပါသောဆန္ဒမဲလက်မှတ်၊ ဆန္ဒမဲလက်မှတ်အတုဖြစ်ကြောင်း မဲရုံအဖွဲ့က စိစစ်ဆုံးဖြတ်ထားသောလက်မှတ်နှင့် တစ်နည်းနည်းဖြင့်ဖျက်ဆီး၍ မဲပုံးထဲထည့်ထားသည့် ဆန္ဒမဲလက်မှတ်တို့သည် ပယ်မဲဖြစ်သည်။

၉။ လျှို့ဝှက်ဆန္ဒပြုပြီးနောက် အများမြင်သာသောနေရာတွင် ထားရှိသည့် မဲပုံးထဲသို့ ဆန္ဒမဲလက်မှတ်ကို ထည့်ပါ။

၁၀။ ကိုယ်စားလှယ်အဖြစ် မဲပေးခွင့်မရှိပါ။ မျက်မမြင်များနှင့် ကိုယ်လက်အင်္ဂါ မသန်မစွမ်းသူများ မဲပေးရာတွင် လျှို့ဝှက်မဲပေးစနစ်ကို မထိခိုက်စေပဲ မဲရုံအဖွဲ့က ကူညီခြင်း ဟုတ်/မဟုတ် စောင့်ကြည့်ပါ။

၁၁။ ဆန္ဒမဲပေးချိန်မှာ နံနက်(၆)နာရီမှ ညနေ(၄)နာရီအထိ ဖြစ်သည်။

၁၂။ မဲရုံမပိတ်မီ မဲရုံပရဝဏ်အတွင်းရောက်ရှိနေသူများအတွက် ဆန္ဒမဲမပေးရသေးသူများ ရှိပါက၊ ထိုသူများအား ဆန္ဒမဲပေးချိန် (၄)နာရီ ကျော်လွန်ပြီးဖြစ်စေကာမူ ဆန္ဒမဲပေးခွင့် ပြုရမည်ဖြစ်သည်။

၁၃။ မဲရုံပိတ်ချိန်၌ (၁၀)ဦးထက်မနည်းသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများစာရင်း၌ ပါဝင်နိုင်ရန် ကြိုးပမ်းပါ။

၁၄။ (က) မဲပုံးကို စစ်ဆေးခြင်း၊ မဲပုံးကိုဖွင့်ပြီး ဆန္ဒမဲများရေတွက်ခြင်းတို့ကို ကြည့်ရှုပါ။
(ခ) ထောက်ခံမဲ၊ ကန့်ကွက်မဲနှင့် ပယ်မဲများကို ခွဲခြား၍ ရေတွက်ခြင်းနှင့် စာရင်းပြုစုခြင်းတို့ကို ကြည့်ရှုမှတ်သားပါ။
(ဂ) ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲနှင့် လက်ကျန်ဆန္ဒမဲများကို တစ်ထုတ်စီ လုံခြုံစွာ ထုတ်ပိုးခြင်းတို့ကို လေ့လာမှတ်သားပါ။

၁၅။ ကြိုတင်ဆန္ဒမဲပေးသူသည်လည်း အလားတူပင်ဖြစ်သည်။ ကြိုတင်၍ ဆန္ဒပြုပြီးနောက် စာအိတ်ကို အလုံပိတ်၍ ချက်ခြင်းပြန်အပ်ပါ။

၁၆။ အထက်ပါအချက်များကို တစ်ဦးဦးကဖြစ်စေ၊ အသင်းအဖွဲ့တစ်ခုခုကဖြစ်စေ ချိုးဖောက်ပါက မဲရုံမှူးထံ နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ တရားဝင် ချက်ခြင်းကန့်ကွက်ပါ။ (စာဖြင့်ကန့်ကွက်နိုင်လျှင် ပိုကောင်းပါသည်။)

၁၇။ ဤအချက်များကို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ နားလည်သဘောပေါက်အောင် အဆင့်ဆင့် ရှင်းလင်းဆွေးနွေးပါ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့<br>
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၁၀)ရက်
၁၃၆၉ ခုနှစ်၊ တန်ခူးလဆန်း (၅)ရက်

## အထူးကြေညာချက် – ၅ / ၀၄ / ၀၈

၁။ ''ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ'' ပြုလုပ်မည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) (၂၀၀၈ ခုနှစ်) အား အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာအာဏာပိုင်များနှင့် အာဏာပိုင်တို့က ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းများကို စုဝေးခွင့်၊ ဟောပြောခွင့်၊ စည်းရုံးခွင့် စသည့် လုပ်ပိုင်ခွင့်များ အပြည့်အဝပေးထားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကိုမူ ပိတ်ပင်တားမြစ်ထားပါသည်။

၂။ အဆိုပါဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)အား ထောက်ခံကြရန် အာဏာပိုင်တို့က ၎င်းတို့ ကျောထောက်နောက်ခံပြုထားသော အဖွဲ့များအား လက်ကမ်းစာစောင် ကြေညာချက်စသည့် စာရွက်စာတမ်းများကို လွတ်လပ်စွာ ဖြန့်ဝေခွင့် ပြုထားသော်လည်း အဖွဲ့ချုပ်မှ တရားဝင်စာရွက်စာတမ်းများကိုမူ သက်ဆိုင်ရာအာဏာပိုင်တို့က သိမ်းဆည်းရန် ကြိုးစားခြင်း၊ သိမ်းဆည်းခြင်း၊ မြို့နယ်စည်းများကို ခေါ်ယူစစ်ဆေး မေးမြန်းခြင်း၊ ဖမ်းဆီး ချုပ်နှောင်ခြင်း စသည်တို့ဖြင့် ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်နေပါသည်။

၃။ အာဏာပိုင်တို့က ရေဒီယို၊ ရုပ်မြင်သံကြားနှင့် သတင်းစာတို့တွင် နေ့စဉ် ပုံစံအမျိုးမျိုးဖြင့် အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေ(မူကြမ်း)အား ထောက်ခံကြရန် ဝါဒဖြန့်ချိ နေသော်လည်း အခြားပုဂ္ဂလိကပိုင် စာနယ်ဇင်းသမားများကိုမူ လွတ်လပ်စွာ ရေးသားဖော်ပြခွင့်မပေးဘဲ ကန့်သတ်ပိတ်ပင်ထားခြင်း၊ ချုပ်ကိုင်ထားခြင်းတို့ ရှိနေပါသည်။

၄။ ထို့အပြင် ယခုရက်ပိုင်းအတွင်း အဖွဲ့ချုပ်အဖွဲ့ဝင်များကို ချောင်းမြောင်း ရိုက်နှက်ခြင်းဖြင့် ပြည်သူလူထုကြောက်ရွံ့လာအောင် အခြေအနေကို ဖန်တီး၍လည်း ခြိမ်းခြောက်နေပါသည်။ ဤသည်တို့မှာ ယခုကတည်းက ဆန္ဒခံယူပွဲအတွက် လွတ်လပ်မှုနှင့် တရားမျှတမှု မရှိကြောင်း ပေါ်လွင်နေပါသည်။ ထို့ကြောင့် အများပြည်သူတို့အနေဖြင့် ဤပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် ပွင့်လင်း၍ လွတ်လပ်ပြီး တရားမျှတမှုအတွက် ယုံကြည် အားထားရလောက်သည့် အခြေအနေမျိုး မဟုတ်ပါ။

၅။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် ပြည်သူလူထုက စိုးရိမ်ကြောက်လန့်မှုကင်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရေးနှင့် နိုင်ငံတကာအသိုင်းအဝန်းက ယုံကြည်လေးစားမှု ရရှိရေးတို့အတွက် ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာမှ လေ့လာစောင့်ကြည့်သည့် အဖွဲ့များကို ခွင့်ပြုရန် အထူးလိုအပ်ကြောင်း ကြေညာလိုက်သည်။

၉–၀၄–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၁)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁)ရက်

## အထူးကြေညာချက် – ၆ / ၀၄ / ၀၈

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့တွင် ဥပဒေအမှတ်–၁/၂၀၀၈ ဖြစ်သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။

၂။ ယင်းဥပဒေ၏ အခန်း(၅)၊ မဲစာရင်းများပြုစုခြင်း ပုဒ်မ–၁၁ (ဃ) ၌ . . .

"အောက်ပါပုဂ္ဂိုလ်များကို မဲစာရင်းတွင် ထည့်သွင်းခြင်းမပြုရ . . .

(၁) သာသနာ့ဝန်ထမ်းများ၊
(၂) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူများ၊
(၃) ပြစ်မှုတစ်ခုခုကြောင့် တရားရုံး၏ အမိန့်၊ စီရင်ချက်အရ ထောင်ဒဏ်ကျခံနေရသူများ၊
(၄) ပြည်ပသို့ တရားမဝင် ရောက်ရှိနေသူများ၊
(၅) နိုင်ငံခြားသားများ၊"

ဟုလည်းကောင်း၊ အခန်း(၆)၊ ဆန္ဒမဲပေးခြင်း ပုဒ်မ–၁၄ (က) ၌ . . .

"ပြည်လုံးကျွတ် ဆန္ဒခံယူပွဲအတွက် ပြုစုသောမဲစာရင်း၌ ပါဝင်သူတိုင်းသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသည်။"

ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

၃။ သို့ပါ၍ . . .

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၊

(ခ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒေါက်တာသန်းငြိမ်း၊ (ကျောက်တန်းမြို့နယ် အမှတ်(၁)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)နှင့် ရန်ကုန်တိုင်းစည်းရုံးရေးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာဒေါ်မေဝင်းမြင့် (မရမ်းကုန်းမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊

(ဂ) မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင် (မတ္တရာမြို့နယ် အမှတ်(၂)မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)၊ မန္တလေးတိုင်းစည်းရုံးရေးအဖွဲ့ အတွင်းရေးမှူး ဦးကံထွန်းနှင့် မန္တလေးတိုင်း စည်းရုံးရေးအဖွဲ့ အဖွဲ့ဝင် ဒေါ်ဝင်းမြမြ၊

(ဃ) ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်ကြသော မင်းကိုနိုင်၊ ကိုကိုကြီး အစရှိသည်များ၊

(င) နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ တားဆီးခြင်း၊ ထိန်းသိမ်းခြင်းခံထားရသူများနှင့် ပြစ်ဒဏ်ချမှတ်ခံထားရခြင်းမရှိဘဲ ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း ခံနေရသူများ၊

တို့သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေအရ မဲစာရင်းတွင် ပါဝင်ရမည့်သူများ၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ ဖြစ်ကြပါသည်။ ဤပုဂ္ဂိုလ်များသည် မဲစာရင်းတွင် ၎င်းတို့၏အမည် ပါဝင်ရန်လည်းကောင်း၊ ဆန္ဒမဲပေးနိုင်ရန်လည်းကောင်း၊ ဥပဒေပြဋ္ဌာန်းချက်များအရ အာဏာပိုင်တို့၏တာဝန်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၁၁–၀၄–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၄)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၄)ရက်

## အထူးကြေညာချက် – ၇ / ၀၄ / ၀၈

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်တော့မည် ဖြစ်ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင်လည်းကောင်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေတို့တွင်လည်းကောင်း လွတ်လတ်မှုနှင့် တရားမျှတမှုများ ယခုကတည်းက မရှိကြောင်းတို့ကို ဖတ်ရှုလေ့လာ တွေ့ရှိရပါသည်။

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ ခုနှစ်)၏ "ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များ"တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်ကို တွေ့ရှိရပါသည်။ ၎င်းမှာ . . .

"ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် **<u>ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် မဲပေးသည့် ဆန္ဒမဲ၏ မဲအများဖြင့်</u>** အတည်ပြု ပြဋ္ဌာန်းလိုက်သည့် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် × × ×"ဟု ရေးသားထားသောကြောင့် ယင်းဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို လွယ်ကူစွာ အတည်ပြုနိုင်မည် ဖြစ်ပါသည်။ ဆိုလိုသည်မှာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ လေးပုံတစ်ပုံကျော်ဖြင့် လွယ်လင့်တကူ အတည်ပြုနိုင်ရန် ဖန်တီးထားပါသည်။ ယင်းမူကြမ်း၏ အခန်းအချို့မှ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ခွင့်ကိုမူ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ (၇၅)ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ **<u>ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်မဲဖြင့်သာ</u>** ပြင်ဆင်ရမည်ဟု လွယ်ကူစွာ ပြင်ဆင်ခွင့်မရအောင် ပြဋ္ဌာန်းထားပါသည်။ ဆိုလိုသည်မှာ ပြင်ဆင်ခွင့်ကိုမူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ နှစ်ပုံတစ်ပုံကျော်မဲဖြင့်သာ ပြင်ဆင်ရမည်ဟု ခက်ခဲအောင် ရေးဆွဲထားပါသည်။

၂။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေတို့မှာလည်း စံချိန်စံညွှန်းမမီသည်ကို တွေ့ရှိရပါသည်။ အဘယ်ကြောင့်ဆိုသော် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို တားမြစ်ချက်နှင့် ပြစ်ဒဏ်များ သတ်မှတ်ထားပြီး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲများမှ ပုဂ္ဂိုလ်များသည် ၎င်းတို့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဖောက်ဖျက်ခြင်း၊ စောင့်ထိန်းလိုက်နာရမည့် ကျင့်ဝတ်များကို ချိုးဖောက်ခြင်းတို့အတွက် တားမြစ်ချက်နှင့် ပြစ်ဒဏ်များ သတ်မှတ်ထားခြင်း လုံးဝမရှိပါ။ ဤသည်မှာ တစ်ဖက်သတ်ကျလွန်းပါသည်။

၃။ **မဲရုံပိတ်ပြီးသည့်အချိန်တွင် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် (၁၀)ဦးထက်မနည်းသော ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတို့ ရှေ့မှောက်တွင် ဆန္ဒမဲများအား ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲများကို ခွဲခြား၍ ရေတွက်ခြင်းနှင့် စာရင်းပြုစုခြင်းတို့ရှိသော်လည်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲအတွက် အာဏာပိုင်တို့ယုံကြည်စိတ်ချရသောပုဂ္ဂိုလ်များဖြင့် အာဏာပိုင်တို့စိတ်ကြိုက်ဖွဲ့စည်းထားသည့် ရပ်/ကျေး၊ မြို့နယ်၊ ခရိုင်၊ ပြည်နယ်/တိုင်း ကော်မရှင်အဖွဲ့များတွင် အဆင့်ဆင့်ရောက်ရှိလာသော ကန့်ကွက်မဲ၊ ထောက်ခံမဲ၊ ပယ်မဲစာရင်းများကို စုပေါင်းစာရင်းချုပ်သည့် အချိန်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူလူထု စောင့်ကြည့်လေ့လာခွင့်မရှိပါ။ ယခုကဲ့သို့ ပွင့်လင်းမြင်သာမှု မရှိခြင်းသည် မမှန်မကန်လုပ်နိုင်သော အခွင့်အရေးကို ရရှိစေပါသည်။**

၄။ ထို့အပြင် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တို့မှာ တစ်ဦးတည်းဖြစ်နေပြန်ပါသည်။ ဤသည်မှာ လွတ်လပ်မှုနှင့် တရားမျှတမှုအတွက် မဖြစ်သင့် မဖြစ်ထိုက်ပါ။ အဘယ်ကြောင့်ဆိုသော် အမျိုးသားညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ အခြေခံရမည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို ဦးဆောင်ချမှတ်ခဲ့သော အမျိုးသားညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ ဖြစ်လာသောအခါ အမျိုးသားညီလာခံတွင် ၎င်းကိုယ်တိုင်ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ခြင်းဖြစ်ပါသည်။ ယခုတစ်ဖန် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အဖြစ် ထပ်မံတာဝန်ယူခြင်းဖြင့် ၎င်းတို့ကိုယ်တိုင် ဦးစီးဦးဆောင်ရေးဆွဲခဲ့သော ဤမူကြမ်းကို အတည်ဖြစ်အောင် လုပ်မည်ဖြစ်ပါသည်။ ယင်းပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်မှာလည်း လွတ်လပ်မှုမရှိဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ယင်းကော်မရှင်အပေါ် ဩဇာအာဏာ လုံးဝသက်ရောက်လျက် ရှိပါသည်။

၅။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းပါ အချက်များကိုလည်း ဆန္ဒမဲပေးကြရမည့် နိုင်ငံသူနိုင်ငံသားများ သိရှိနိုင်ရန် နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် ရှင်းပြခြင်း၊ မြို့ပြမှသည် ကျေးလက်ဒေသအထိ ကျယ်ကျယ်ပြန့်ပြန့် ချပြခြင်းတို့ မရှိပါ။ ပြည်သူအများဖတ်ရှုလေ့လာနိုင်မည့် လုံလောက်သောအချိန်ရရန် ယင်းဖွဲ့စည်းပုံမူကြမ်းစာအုပ်ကိုလည်း စောလျင်စွာနှင့် နေရာအနှံ့ရောင်းချခြင်းတို့ကို ယခုထိတိုင် မပြုလုပ်ပါ။

၆။ အစိုးရဌာနမှဝန်ထမ်းများ၊ စက်ရုံ အလုပ်ရုံမှ အလုပ်သမားများသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပသည့်နေ့ရက်တွင် မိမိတို့နေထိုင်သော ဆန္ဒခံယူပွဲဒေသမှကျော်လွန်၍ ခရီးဝေးသွားရန်ရှိခြင်း၊ အခြားဒေသရှိ လုပ်ငန်းခွင်များသို့ ရောက်ရှိနေသူများဖြစ်ခြင်းတို့ မဟုတ်ပါဘဲလျက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေများပါပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ ယင်းဝန်ထမ်းများ၊ အလုပ်သမားများကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲနေ့တွင် မိမိတို့နေထိုင်ရာ ရပ်ကွက်မဲရုံ၌ ဆန္ဒမဲပေးခွင့်မပြုဘဲ သက်ဆိုင်ရာအာဏာပိုင်တို့က ကြိုတင်ဆန္ဒမဲ ရယူခြင်းဖြင့် ၎င်းတို့ထံမှ ထောက်ခံမဲရရှိရန် ဖိအားပေးကြိုးပမ်းနေကြောင်းတို့ကိုလည်း ကြားသိနေရပါသည်။

၇။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပမည့် ဤဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း(၂၀၀၈ ခုနှစ်)တွင် ဒီမိုကရေစီကျင့်စဉ်များ၊ ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းနေပါလျက် "ဒီမိုကရေစီထွန်းကားရေး၊ အခြေခံဥပဒေ အတည်ပြုပေး"ဟုလည်းကောင်း၊ "အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်" ဟုလည်းကောင်း၊ ဒီမိုကရေစီကို အာသာဆန္ဒပြင်းပြစွာ လိုလားတောင့်တနေသော ပြည်သူလူထုကြီးအား အာဏာပိုင်တို့၏ နေ့စဉ်ထုတ်သတင်းစာများတွင် လိမ်လည်လှည့်ဖြား၍ စာလုံးကြီးများဖြင့် ကြွေးကြော်နေပါသည်။

၈။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် ဗဟိုမှသည် အောက်ခြေအထိ အာဏာပိုင်အဖွဲ့အစည်းအသီးသီးနှင့် ၎င်းတို့ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းများအား ပြောင်မဲဆွယ် စည်းရုံးခွင့်များ ပေးထားပါသည်။ ယင်းအဖွဲ့အစည်းများကလည်း ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ မရိုးမသားပြောဆိုခြင်း၊ ဩဇာအာဏာသုံးခြင်း၊ အခွင့်အရေးပေးခြင်းတို့ဖြင့် မဲဆွယ်စည်းရုံးလျက် ရှိပါသည်။ သို့သော် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထူးကြေညာချက်၊ ပန်ကြားချက်၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင်သိရှိထားရမည့်အချက်များ စသည့် စာရွက်စာတမ်းများနှင့် စပ်လျဉ်း၍ . . .

(က) ရောဝတီတိုင်း၊ ဒေးဒရဲမြို့နယ်စည်းရုံးရေးအဖွဲ့ထံမှ သက်ဆိုင်ရာအာဏာပိုင်တို့က သိမ်းဆည်းရန်ကြိုးပမ်းခြင်း၊ ယင်းမြို့နယ်စည်းရုံးရေးအဖွဲ့ဝင်(၂)ဦးကို ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊
(ခ) ရောဝတီတိုင်း၊ ဝါးခယ်မမြို့နယ်စည်းရုံးရေးအဖွဲ့ထံမှ သိမ်းယူပြီးနောက် သက်ဆိုင်ရာ အာဏာပိုင်တို့က အပြည့်အဝ ပြန်မပေးခြင်း၊ မြို့နယ်စည်းရုံးရေးအဖွဲ့ဝင်များကို ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊
(ဂ) မကွေးတိုင်း တောင်တွင်းကြီးမြို့နယ်၊ ရန်ကုန်တိုင်း ဒလမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်နှင့် တောင်ကုတ်မြို့နယ်တို့တွင် အဖွဲ့ချုပ်၏ စာရွက်စာတမ်းများအား သိမ်းဆည်းခြင်း၊ အဖွဲ့ချုပ်အဖွဲ့ဝင်များအား ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်းတို့ ရှိနေပါသည်။

၉။ ထို့အပြင် ထောက်ခံမဲ ပေး/မပေး ကို သက်ဆိုင်ရာအာဏာပိုင်တို့က တစ်နည်းနည်းဖြင့် သိအောင် လုပ်နိုင်သည်။ ထောက်ခံမဲ မပေးပါက ကျောင်းသားများဆိုလျှင် ကျောင်းထုတ်မည်၊ အလုပ်သမား ဝန်ထမ်းများဆိုလျှင် အလုပ်ဖြုတ်မည်၊ လယ်သမား ယာသမားများကို လယ်ယာမြေသိမ်းမည်၊ ရပ်သူရွာသားများကို ဖမ်းဆီးချုပ်နှောင်မည် စသည့် ခြိမ်းခြောက်ခြင်းများလည်း ရှိနေပါသည်။ ဤကဲ့သို့သော နည်းမျိုးစုံဖြင့် သက်ဆိုင်ရာအာဏာပိုင်တို့က ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် လွတ်လပ်မှုနှင့် တရားမျှတမှုများ မရှိအောင် ကြိုးပမ်းအားထုတ်လျက် ရှိပါသည်။

မည်သို့ပင် ဆိုစေကာမူ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူလူထုကြီးအနေဖြင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် လျှို့ဝှက် ဆန္ဒမဲပေးသည့်စနစ် ဖြစ်သောကြောင့်လည်းကောင်း၊ ယင်းနည်းဥပဒေတွင် ကန့်ကွက်လျှင် ကြက်ခြေခတ် ( X ) အမှတ်အသားကို ရေးခြင်းဖြင့် မိမိ၏ဆန္ဒကို ဖော်ပြရမည်ဟု ပြဋ္ဌာန်းထားသောကြောင့်လည်းကောင်း၊ မိမိတို့ အခွင့်အရေးရှိသည့်အတိုင်း **ကြောက်ရွံ့စိုးရိမ်ခြင်းကင်းစွာဖြင့်** ဒီမိုကရေစီရရှိရေးအတွက် မဲရုံသို့သွားကြပြီး ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးဖို့ ကြက်ခြေခတ် ( X ) ၍ **မပျက်မကွက် ကန့်ကွက်မဲပေးကြပါစို့** ဟု ထပ်မံတိုက်တွန်း နှိုးဆော်လိုက်သည်။

၂၁–၀၄–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဧပြီလ (၂၅)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၅)ရက်

## ကြေညာချက်အမှတ် – ၁၁ / ၀၄ / ၀၈

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင် ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီ အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအပေါ် ရာဇဝတ်မှုကြီးများ ကျူးလွန်ခြင်းကို သက်ဆိုင်ရာအာဏာပိုင်တို့အနေဖြင့် "တရားဥပဒေစိုးမိုးရေး" ဟူသည်နှင့်အညီ စုံစမ်းဖော်ထုတ်ခြင်း၊ တရားစွဲခြင်း၊ ပြစ်မှုနှင့်ပြစ်ဒဏ် မျှတအောင်အရေးယူခြင်းတို့ကို မည်သည့်အခါမျှ လုံးဝမပြုလုပ်ခဲ့ပါ။ လမ်းကြို လမ်းကြားမှ ရာဇဝတ်မှုလေးများကိုပင် စုံစမ်းဖော်ထုတ် အရေးယူနိုင်ပါလျှင် လမ်းမအလယ်ခေါင်တွင် ပေါ်ပေါ်ထင်ထင် ဖြစ်ပွားနေသော ယခုလို ရာဇဝတ်မှုကြီးများကို ဖော်ထုတ်ခြင်းမပြုသည်မှာ အာဏာပိုင်တို့အပေါ်တွင် လုံးဝ တာဝန်ရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ ခုနှစ်)ကို ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပမည်ဟု ကြေညာသည့်နေ့မှစ၍ ယနေ့အထိ ကျူးလွန်ခဲ့သော ရာဇဝတ်မှုအချို့မှာ အောက်ပါတို့ ဖြစ်ကြပါသည်။

(က) ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၆)ရက်နေ့ ည (၁၁း၀၀)နာရီခန့်တွင် တောင်ကုတ်မြို့၊ ကိုင်းရှည်တံတားထိပ်၌ တောင်ကုတ်မြို့နယ်စည်းရုံးရေးအဖွဲ့ဝင် ကိုမိုးနိုင်စိုးအား အမည်မသိ ဆိုင်ကယ်စီး လူ(၃)ဦးက တုတ်များဖြင့် ဝိုင်းရိုက်ရာ သွေးအိုင်ထဲ လဲကျခဲ့ရပါသည်။ ပြည်သူများထွက်လာသောအခါ ထိုသူများ ထွက်ပြေးသွားကြပါသည်။ ကိုမိုးနိုင်စိုးမှာ ဦးနှောက်နှင့်အာရုံကြောတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပါသည်။ ယင်းဖြစ်ရပ်အား (၂၇–၂–၀၈)နေ့တွင် တောင်ကုတ်ရဲစခန်း၌ အမှုဖွင့်တိုင်ကြားခဲ့သော်လည်း ယနေ့တိုင် အရေးယူခြင်းမရှိသေးကြောင်း ကြားသိရပါသည်။

(ခ) ၂၀၀၈ ခုနှစ်၊ မတ်လ (၆)ရက်နေ့ ည(၁၂း၀၀)နာရီခန့်တွင် တောင်ကုတ်မြို့နယ်စည်းရုံးရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းဖေအား အမည်မသိလူတစ်ဦးက အသင့်ပါလာသောဓားဖြင့် ထိုးခဲ့သဖြင့် ရောင်တိမ်းခဲ့ရကြောင်း သတင်းရရှိပါသည်။

(ဂ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကြည့်မြင်တိုင်မြို့နယ် စည်းရုံးရေးအဖွဲ့၏ ယခင်ဥက္ကဋ္ဌဖြစ်သူ ဦးမြင့်အေးမှာ ၂၀၀၈ ခုနှစ်၊ မတ်လ (၂၇)ရက်နေ့ ည(၉း၀၀)နာရီခန့်တွင် ၎င်း၏အိမ်သို့ပြန်စဉ် ပဒုမ္မာကွင်းအနီး၌ အရိုက်ခံရပါသည်။ ထို့ကြောင့် ရန်ကုန်ဆေးရုံကြီး ဦးနှောက်နှင့်အာရုံကြောတွင် တက်ရောက်ကုသခဲ့ရပြီး ဦးခေါင်းတွင် (၅)ချက်ချုပ်ခဲ့ရကြောင်း သတင်းရရှိပါသည်။

(ဃ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လှိုင်သာယာမြို့နယ် စည်းရုံးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်လှိုင်သည် ၂၀၀၈ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့ ည(၇း၃၀)နာရီခန့်တွင် မိမိအိမ်ရှေ့၌ လမ်းလျှောက်နေစဉ် အမည်မသိ လူတစ်ယောက်က နောက်မှနေ၍ ဦးမြင့်လှိုင်၏ ဦးခေါင်းအား ရိုက်ပြီး ထွက်ပြေးသွားပါသည်။ ဦးမြင့်လှိုင်၏ ညာဘက်ဦးခေါင်း (၃)ချက်ချုပ်ခဲ့ရကြောင်း သတင်းရရှိပါသည်။

(င) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လှိုင်သာယာမြို့နယ် လူမှုအထောက်အကူပြုအဖွဲ့မှ ဦးတင်ယုသည် ၂၀၀၈ ခုနှစ်၊ ဧပြီလ (၄)ရက်နေ့တွင် မိမိ၏ လုပ်ငန်းသို့သွားရန် တံတားဖြူကားမှတ်တိုင်၌ သမီးဖြစ်သူနှင့်အတူ ကားစောင့်နေစဉ် အမည်မသိ ဆိုင်ကယ်စီး လူ(၁)ဦးက တစ်တောင်ခန့်ရှိ နှစ်ပတ်လည်နှင့် ဦးတင်ယု၏ခေါင်းအား ရိုက်ခဲ့ပါသည်။ ထိုရိုက်သောသူအား စကားပြောစက်ပါရှိသည့် ဆိုင်ကယ်စီးလူက နောက်မှတင်ဆောင်၍ မောင်းနှင်သွားပါသည်။ ထို့ကြောင့် ယာဘက်မျက်လုံးနှင့် နဖူးတို့တွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့ပြီး ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာဌာနတွင် သွားရောက်ကုသခဲ့ရပါသည်။ ဦးခေါင်းမှာ (၂၁)ချက်

ချုပ်ခဲ့ရပြီး မျက်စိအထူးကုဆေးရုံသို့ ဆက်လက်သွားရောက်ကုသရာ မျက်စိမှာ ကောင်းစွာမမြင်ရကြောင်း ကြားသိရပါသည်။

(စ) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရန်ကုန်တိုင်းလူငယ် အကူအညီပေးရေးအဖွဲ့မှ ကိုထွေးသိန်းကိုလည်း (၁၆–၄–၀၈)နေ့တွင် အမည်မသိ လူတစ်ဦးက ခါးပတ်ဖြင့် ရိုက်ခဲ့ကြောင်း သတင်းရရှိပါသည်။ တစ်ဖန် ဒဂုံမြို့သစ်မြို့နယ် လူငယ်လုပ်ငန်းအဖွဲ့မှ တာဝန်ခံ(၁)ဖြစ်သူ ကိုသီဟန်ကိုလည်း (၁၆–၄–၀၈)နေ့ ည(၇း၀၀) နာရီခန့်တွင် ဂိတ်ဟောင်းအနီး မြစပယ်(၂)လမ်းထိပ်၌ လူတစ်စုက သံတုတ်ဖြင့်ရိုက်ရာ နီးရာအိမ်ထဲသို့ ဝင်ပြေးခဲ့ရကြောင်း သတင်းရရှိပါသည်။

(ဆ) ရခိုင်ပြည်နယ်၊ စစ်တွေမြို့တွင် ( NO ) ပါသော တီရှပ်ဝတ်သူ အဖွဲ့ချုပ်အဖွဲ့ဝင် (၂၀)ခန့်ကို ဖမ်းဆီးချုပ်နှောင်ထားကြောင်းနှင့် စစ်ကြောမေးမြန်းသည့်အခါ ရိုက်နှက်ညှဉ်းပန်းမှုများ ရှိကြောင်းတို့ကိုလည်း ကြားသိရပါသည်။

၂။ အထက်ပါ အကြောင်းအရာများကို ထောက်ရှုခြင်းအားဖြင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ မူကြမ်းအား ကန့်ကွက် မဲ ထည့်ကြရန် လှုံ့ဆော်မှုများ မလုပ်နိုင်အောင်နှင့် ၎င်းတို့ကိုယ်တိုင်လည်း ကန့်ကွက်မဲများ မပေးကြစေရန်၊ အခြားသူများကိုလည်း ကန့်ကွက်မဲ မပေးရဲအောင် ခြိမ်းခြောက်နေကြောင်း၊ မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရေးအတွက် နလုံးရည်ဖြင့် အစဉ်တစိုက်ကြိုးပမ်းနေသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအပေါ် နိုင်ငံရေးကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်အားကိုး၍ အကြမ်းဖက်မှုအမျိုးမျိုးဖြင့် နှိမ်နင်းနေသည်မှာ **မင်းမဲ့တိုင်းပြည်ပမာ** ဖြစ်နေကြောင်းတို့ကို ကြေညာလိုက်သည်။

၁၈–၀၄–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၁)ရက်
၁၃၇၀ ခုနှစ်၊ တန်ခူးလပြည့်ကျော် (၁၁)ရက်

## (၁၀၈) ကြိမ်မြောက် အလုပ်သမားနေ့ ကြေညာစာတမ်း
## ကြေညာချက်အမှတ် – ၁၂ / ၀၅ / ၀၈

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့် အားလျော်စွာ နှစ်စဉ် မေလ (၁)ရက်နေ့ကို အလုပ်သမားနေ့ဟု သတ်မှတ်ထားပေသည်။ ၎င်းပြင် မြန်မာနိုင်ငံက ပြဋ္ဌာန်းချက်(၁၉)ချက်ကိုလည်း သဘောတူ လက်မှတ်ရေးထိုးခဲ့ပြီး ဖြစ်ပေသည်။

အဆိုပါ သဘောတူညီချက်များအရ ၁၉၆၂ ခုနှစ်အထိ ကဏ္ဍအသီးသီးအလိုက် အလုပ်သမားစည်းရုံးရေးအဖွဲ့များကို ဖွဲ့စည်းနိုင်ခဲ့ပေသည်။ ဤနှစ်တွင် တပ်မတော်က တိုင်းပြည်အာဏာကို သိမ်းပိုက်ပြီးနောက် အလုပ်သမားများအတွက် ပြဋ္ဌာန်းထားသော အက်ဥပဒေများကို အသက်မဝင်နိုင်အောင် ၁၉၆၄ ခုနှစ်တွင် "ပြည်သူ့အလုပ်သမားများ၏ အခြေခံရပိုင်ခွင့်နှင့် တာဝန်များ ပြဋ္ဌာန်းသည့် ဥပဒေ"ကို ထုတ်ပြန်ခဲ့ပေသည်။ သို့ကြောင့် အလုပ်သမားအခွင့်အရေးများ ယနေ့တိုင်ဆုံးရှုံးခဲ့ရပေသည်။

ပိုမို၍ ဆိုးဝါးလာသည်မှာ အတင်းအဓမ္မ လုပ်အားပေးမှုများ ပေါ်ပေါက်လာပြီး၊ ရပ်စဲသွားခြင်းလည်း လုံးဝမရှိပါ။ ၎င်းပြင် ကလေးစစ်သားများပြဿနာ ပေါ်ပေါက်နေပြန်ပါသည်။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က အစည်းအဝေးများတွင် အထက်ပါကိစ္စ (၂)ရပ်နှင့်ပတ်သက်၍ ရပ်ဆိုင်းရန် ဆုံးဖြတ်ချက်ချပြီး တောင်းဆိုခဲ့ပေသည်။ သို့သော် ရပ်ဆိုင်းခြင်း မရှိသည်ကို တွေ့ရှိနေရပေသည်။ ဆုံးဖြတ်ချက်များမှာ . . . .

(၁) နိုင်ငံတကာတရားရုံး (International Court of Justice) ၌ တရားစွဲနိုင်ရန်လည်းကောင်း၊

(၂) ကုလသမဂ္ဂ လုံခြုံရေးကောင်စီသို့ တင်ပြရန်လည်းကောင်း၊

တို့ဖြစ်ပါသည်။ ဤဆုံးဖြတ်ချက်များကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ အုပ်ချုပ်ရေးအဖွဲ့နှင့် နားလည်မှုယူပြီး ဆောင်ရွက်ဖြေရှင်းပေးမည်ဟု ကတိပြုခဲ့ပါသည်။

မြန်မာနိုင်ငံ၌ အလုပ်သမားကိစ္စများကို လေ့လာ အရေးယူဆောင်ရွက်ရန် အလုပ်သမားအဖွဲ့ချုပ်၏ ဆက်သွယ်ရေးရုံးခွဲကို ၂၀၀၂ ခုနှစ်၊ မေလတွင် စတင်ဖွင့်လှစ်ခဲ့ပေသည်။ ဤအဖွဲ့ခွဲသည် အတင်းအဓမ္မ လုပ်အားပေးကိစ္စအချို့ကို တားမြစ်ဆောင်ရွက်နိုင်ခဲ့ပေသည်။

သို့သော် အထက်ဖော်ပြပါ ဆုံးဖြတ်ချက် (၂)ချက်နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်မှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ အလုပ်သမားဝန်ကြီးနှင့် တွေ့ဆုံဆွေးနွေးကြပြီး အဆိုပါအချက် (၂)ချက်ကို ရပ်ဆိုင်းထားကာ ဆက်သွယ်ရေးရုံးအဖွဲ့ကို မြန်မာနိုင်ငံတွင် ဆက်လက် ထားရှိရန် သဘောတူခဲ့ကြသည်ဟု ကြားသိရပေသည်။

အဆိုပါ အလုပ်သမားအဖွဲ့ချုပ် ကိုယ်စားလှယ်အဖွဲ့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံခဲ့ပါသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က အောက်ပါအချက်များကို အကြံပြုခဲ့ပေသည်။

၁။ မြန်မာနိုင်ငံတွင် ဖွင့်လှစ်ထားရှိသောရုံးခွဲ ဆက်လက်တည်ရှိနေရန် လိုအပ်ပါသည်။ (အလုပ်သမားရေးရာကိစ္စများ ဆောင်ရွက်နိုင်ရေးအတွက်)၊

၂။ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့အကြား အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခြင်းအပေါ် နောက်ဆက်တွဲ ထပ်ဆင့် သဘောတူညီချက်အရ . . .

(က) တိုင်ကြားသော အတင်းအဓမ္မလုပ်အားပေး စေခိုင်းမှုကိစ္စများကို ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန်၊

(ခ) တိုင်ကြားသူများ၊ ၎င်းတို့ကိုယ်စားလှယ်များ၊ အခြားဆက်နွယ်သူများကို နည်းအမျိုးမျိုးဖြင့် တန်ပြန်အရေးယူနေသည့် ကိစ္စရပ်များအား ထိရောက်စွာ တားဆီးပေးရန်။

၃။ အလုပ်သမားအဖွဲ့အစည်းများ၊ လွတ်လပ်စွာ ဖွဲ့စည်းခွင့်ရှိရေး ဆောင်ရွက်ပေးရန်။

၄။ သက်ဆိုင်ရာအာဏာပိုင်များတွင် လူထုအား အတင်းအဓမ္မလုပ်အားပေး စေခိုင်းခွင့်မရှိကြောင်းနှင့် အတင်းအဓမ္မလုပ်အားပေးစေခြင်းများ ရှိပါကလည်း လွတ်လပ်စွာ တိုင်တန်းနိုင်ကြောင်း၊ ကျယ်ကျယ်ပြန့်ပြန့် လူထုသိရှိနိုင်ရန် ပညာပေးရေး လုပ်ငန်းများကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က ဆောင်ရွက်ပေးရန်။

၅။ ဤသို့ဆောင်ရွက်ရာတွင် ပွင့်ပွင့်လင်းလင်း၊ မြင်သာထင်သာရှိစေရေးအတွက် ရေဒီယို၊ ရုပ်မြင်သံကြား၊ သတင်းစာ၊ ဂျာနယ် အစရှိသည့် သတင်းဌာနများကို အသုံးပြု၍ ဆောင်ရွက်ပေးရန်။

တို့ဖြစ်ပါသည်။

ယနေ့ မြန်မာနိုင်ငံတွင် အလွန်အရေးကြီးသော အချိန်အခါ ဖြစ်ပေသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ ခုနှစ်) ကို အတည်ပြုနိုင်ရေးအတွက် ဆန္ဒခံယူပွဲ ကျင်းပရန် ရက်ပိုင်းသာ လိုတော့ပေသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် အခြေခံလူတန်းစားများဖြစ်သော တောင်သူလယ်သမားများ၊ အလုပ်သမားများ၏ ဆိုင်ရာအခွင့်အရေးများကို တိတိကျကျ ဖော်ပြထားခြင်း မရှိပေ။

သို့ပါသောကြောင့် အဆိုပါ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အလုပ်သမားထုတစ်ရပ်လုံးနှင့် တောင်သူလယ်သမားများသည် ပြည်သူလူထုနှင့်အတူလက်တွဲ၍ ကြက်ခြေခတ် ( X ) ခြင်းဖြင့် ကန့်ကွက်မဲပေးကြရန် ကြေညာလိုက်သည်။

၂၉-၄-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၆)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်

## အထူးကြေညာချက် – ၈ / ၀၅ / ၀၈

၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်နေ့တွင် ပြင်းထန်စွာ တိုက်ခတ်ခဲ့သော နာဂစ် မုန်တိုင်းဒဏ်ကြောင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်သူများ သိန်းဂဏန်းနှင့်ချီ၍ သေဆုံးဒဏ်ရာရခြင်း၊ အများအပြား ပျောက်ဆုံးနေခြင်း၊ ရေ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးများ မကြုံစဖူး ပြတ်တောက်ခြင်း၊ စားဝတ်နေရေး စရိတ်စကများ အဆမတန် လွန်စွာမြင့်မားလာခြင်း၊ ကျန်းမာရေးများ ပိုမိုဆိုးရွားလာခြင်း စသည်တို့အပြင် တိုင်းပြည်၏ အခြေခံအဆောက်အအုံများ (Infrastructure) ဆိုးရွားစွာ ပျက်စီးဆုံးရှုံးရခြင်းတို့ကို တွေ့မြင်ကြားသိနေရပါသည်။ ယခုကဲ့သို့ ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာများနှင့် အခြေခံအဆောက်အအုံများ ထိခိုက်နစ်နာခဲ့ရသည်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လွန်စွာ စိတ်ထိခိုက်ရပါသည်။

ပြည်သူလူထုအနေဖြင့် စားဝတ်နေရေး အကြပ်အတည်းများနှင့် နေ့စဉ် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေမျိုးတွင် ယခုကဲ့သို့ ပြင်းထန်သော သဘာဝဘေးဒဏ်ကို ထပ်မံ ကြုံတွေ့ခံစားရခြင်းသည် ဘူးလေးရာ ဖရုံဆင့်သကဲ့သို့ ပြည်သူလူထုအား နက်ရှိုင်းသော ဆင်းရဲဒုက္ခအတွင်းသို့ သက်ဆင်းစေပါသည်။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များအနေဖြင့် မိမိတို့ စည်းရုံးရေးနယ်မြေအလိုက် ပြည်သူလူထုနှင့်အတူ ပူးပေါင်းလက်တွဲပြီး လမ်းပန်းဆက်သွယ်ရေးအတွက် ဝိုင်းဝန်းရှင်းလင်းပေးခြင်း၊ ရေ မီး တို့ကို ဖြည့်ဆည်းပေးခြင်း၊ စားသောက်ကုန်နှင့် ဆေးဝါးပစ္စည်းတို့ကို လှူဒါန်းပေးခြင်း၊ ကျန်းမာရေးကူညီစောင့်ရှောက်ပေးခြင်း၊ စသဖြင့် တတ်စွမ်းသမျှ ငွေအား၊ ပစ္စည်းအား၊ လုပ်အားတို့ဖြင့် ပံ့ပိုးဆောင်ရွက်ပေးကြရန် မေတ္တာရပ်ခံပါသည်။

အဆိုပါ ပြည်နယ်၊ တိုင်းတို့အား သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် အာဏာပိုင်တို့က ကြေညာခဲ့သော်လည်း ယခုအချိန်ထိ သက်ဆိုင်ရာ အာဏာပိုင်များက သဘာဝဘေးဒဏ် ခံစားနေကြရသော ပြည်သူလူထုအား လက်တွေ့တွင် ထိရောက်စွာ ကူညီပေးသည်ကို တွေ့မြင်ရခြင်း မရှိသေးပါ။ သဘာဝဘေးဒဏ်ခံစားနေကြရသော ပြည်သူလူထုထံသို့ လိုအပ်သည့် အကူအညီများကို အချိန်နှင့် တပြေးညီ စောလျင်စွာ အမြန်ဆုံး မရောက်ရှိပါလျှင် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များမှာ အချိန်နှင့်အမျှ တနေ့တခြား ပိုမိုဆိုးဝါးပျက်စီးဆုံးရှုံးစေပါသည်။ ဤဘေးဒုက္ခကြီး ဆိုက်ရောက်နေချိန်တွင် ပြည်သူလူထု၏ လူမှုဘဝ ဒုက္ခများကို အရေးမထားဘဲ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကိစ္စကိုသာ အလေးထားပြီး ဆောင်ရွက်နေသည်မှာ လွန်စွာမနှစ်မြို့ဖွယ်ရာ ဖြစ်စေပါသည်။

**ထို့ကြောင့် ပြည်သူလူထု၏ အတိဒုက္ခများကို ထောက်ထားညှာတာ၍ အခြေခံအဆောက်အအုံများကို လျင်မြန်စွာ ပြန်လည်တည်ဆောက်ရန်နှင့် ပြည်သူလူထု၏ အခက်အခဲများကို ပံ့ပိုးပေးရန်အတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီများကို အမြန်ဆုံး လိုအပ်လျက်ရှိကြောင်း ပြည်သူတို့ကိုယ်စား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးမေတ္တာရပ်ခံ ပန်ကြားလိုက်ပါသည်။** သာမန် ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ဤအမျိုးသားအကြပ်အတည်းကြီးကို မည်သို့မျှ ဖြေရှင်းနိုင်မည် မဟုတ်ပါ။ ဤနိုင်ငံတကာအကူအညီများကို လေဘေးဒဏ်ကြောင့် အတိဒုက္ခရောက်ကြရသော ပြည်သူများလက်ဝယ်သို့ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် ရောက်ရှိစေရေးအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကလည်း ပူးပေါင်း ကူညီ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လေးနက်စွာ ကြေညာလိုက်သည်။

၅–၅–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၇)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လဆန်း (၃)ရက်

## အထူးကြေညာချက် – ၉ / ၀၅ / ၀၈

၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်နေ့တို့တွင် ပြင်းထန်သော နာဂစ်မုန်တိုင်းကြီး တိုက်ခိုက်ခဲ့သောကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၈ ခုနှစ်၊ မေလ (၃)ရက်နေ့တွင် ကြေညာချက်အမှတ်–၄/၂၀၀၈ ဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့အား သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် ကြေညာခဲ့ပြီး ဖြစ်ပါသည်။

ယင်းမုန်တိုင်းဒဏ်ကြောင့် ပြည်သူများ သိန်းဂဏန်းနှင့်ချီ၍ သေဆုံးဒဏ်ရာရခြင်း၊ အိုးအိမ်စည်းစိမ်ဥစ္စာများ မကြုံစဖူး အဆမတန်ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရခြင်းတို့ ရှိခဲ့ပါသည်။ ထို့ကြောင့် ကာယကံရှင်များ၏ ဆွေမျိုးမကင်းသူများ၊ မိတ်ဆွေသင်္ဂဟများ၊ တိုင်းရင်းသားလူမျိုးစုများအပါအဝင် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုကြီးမှာ ပူပင်သောကများ လွှမ်းစွာကျရောက်နေကြပါသည်။ ဤအခြေအနေများကြောင့် ပြည်သူလူထု အများစုကြီးမှာ မဲပေးချင်သည့် စိတ်ဆန္ဒမျိုး လုံးဝမရှိကြပါ။ အာဏာပိုင်တို့က ထိုအခွင့်အလမ်းကို အမိအရဆုပ်ကိုင်ပြီး မိမိတို့နှင့် မိမိတို့အား ကျောထောက်နောက်ခံပြုထားသည့် အဖွဲ့အစည်းများဖြင့် ထောက်ခံမဲများရရှိအောင် ပြည်သူလူထု၏ အထူးတလည်ကြုံတွေ့နေကြရသော စားဝတ်နေရေး အခက်အခဲ အကျပ်အတည်းများကို လျစ်လျူရှု၍ ဆန္ဒခံယူပွဲကို ဆက်လက်ကျင်းပရန် တစ်ဇွတ်ထိုးစီစဉ်လျက်ရှိပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က ၂၀၀၈ ခုနှစ်၊ မေလ (၆) ရက်နေ့တွင် ကြေညာချက်အမှတ်–၈/၂၀၀၈ ကို ထုတ်ပြန်၍ “ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်(၄၀)နှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်(၇)မြို့နယ်မှအပ ကျန် ပြည်နယ်နှင့် တိုင်း ဒေသအားလုံးတွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်က ယခင်သတ်မှတ်ခဲ့သည့်အတိုင်း ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း”နှင့် ရွှေ့ဆိုင်းလိုက်သည့် အထက်ပါ မြို့နယ်များအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲများကို ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ မပြီးစီးမီ အချိန်တိုအတွင်း ၂၀၀၈ ခုနှစ်၊ မေလ (၂၄)ရက်နေ့၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ဤသည်မှာ အာဏာပိုင်တို့က မုန်တိုင်းဘေးဒဏ်ကြောင့် ပြည်သူလူထုအများစုကြီး မဲမပေးနိုင်သည့် အခွင့်အလမ်းကို အကြောင်းပြုပြီး နိုင်ငံရေးအမြတ်ထုတ်ခြင်း ဖြစ်ပါသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ယခုကဲ့သို့ နေရာကွက်၍ မရွှေ့ဆိုင်းသင့်ဘဲ တစ်ပြည်လုံး ရွှေ့ဆိုင်းသင့်ပါသည်။ ပြည်သူလူထုအများစု ယခုလို ဒုက္ခသုက္ခ ရောက်နေချိန်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပခြင်းသည် ကာလ ဒေသ အခြေအနေများနှင့် လုံးဝကိုက်ညီခြင်း မရှိပါ။ ထို့ကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ပွင့်လင်းရာသီ၌သာ တစ်ပြည်လုံး အတိုင်းအတာဖြင့် တစ်ပြိုင်နက်တည်း ကျင်းပသင့်ကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တောင်းဆိုလိုက်သည်။

ထို့အပြင် ပြည်သူလူထုအများစုကြီး၏ အသက် အိုးအိမ် စည်းစိမ်ဥစ္စာတို့ကို အာဏာပိုင်တို့က အလေးအနက်မထားဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုသာ အရေးထားနေခြင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက်ရှုတ်ချလိုက်သည်။

မုန်တိုင်းဒဏ်ခံကြရသော ပြည်သူလူထုအများစု၏ လက်ရှိအခြေအနေမှာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီများကို ချက်ချင်း အထူးလိုအပ်လျက် ရှိပါသည်။ အာဏာပိုင်တို့က ပြည်သူလူထု၏မျက်နှာကို ထောက်ထားငဲ့ညှာ၍ ယင်းအကူအညီများကို ပထမဦးစားပေးအဖြစ် အမြန်ဆုံးလက်ခံခြင်းမပြုဘဲ ပြည်လုံးကျွတ်ဆန္ဒ

ခံယူပွဲကိုသာ ဦးစားပေး ကြိုးပမ်းနေခြင်းကိုလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူလူထုကိုယ်စား လေးလေး နက်နက် ပြစ်တင်ဝေဖန်လိုက်သည်။

၇–၅–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် (၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

စာအမှတ် – ၀၂၂ (စည်း) / ၀၅ / ၀၈
ရက်စွဲ – ၂၀၀၈ ခုနှစ်၊ မေလ (၈)ရက်

အကြောင်းအရာ ။ ။ **မုန်တိုင်းဒဏ် ကယ်ဆယ်ရေးကော်မတီ ဖွဲ့စည်းခြင်း။**

၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်နေ့တို့တွင် မကြုံစဖူး ပြင်းထန်စွာ တိုက်ခိုက်ခဲ့သော မုန်တိုင်းဒဏ်ကြောင့် ရောဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပြည်သူလူထု၏ အသက်ပေါင်းမြောက်မြားစွာ ဆုံးရှုံးခဲ့ပြီး အိုးအိမ် စည်းစိမ်ဥစ္စာများလည်း အဆမတန် ထိခိုက်ပျက်စီး ခဲ့ကြရပါသည်။

ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ပြည်သူလူထု၏ လူမှုဒုက္ခအဝဝတို့ကို တတ်စွမ်းသမျှ ဖြည့်ဆည်းကူညီ ပံ့ပိုးပေးနိုင်ရန်အတွက် အောက်ပါ မုန်တိုင်းဒဏ် ကယ်ဆယ်ရေးကော်မတီကို ဖွဲ့စည်းလိုက်သည်။ အဖွဲ့ဝင်ဦးရေကို အခြေအနေနှင့် အချိန်အခါအရ လိုအပ်သလို ထပ်မံဖြည့်ဆည်းမည် ဖြစ်ပါသည်။ အဖွဲ့ဝင်များ၏ အမည်များကို အက္ခရာစဉ်အလိုက် ဖော်ပြထားခြင်းဖြစ်သည်။ အမျိုးအမီးများအတွက် သီးသန့်အက္ခရာစဉ် ပြုထားသည်။

## မုန်တိုင်းဒဏ် ကယ်ဆယ်ရေးကော်မတီ

| | |
|---|---|
| ဦးအုန်းကြိုင် | ဥက္ကဋ္ဌ |
| ဒေါက်တာသန်းဝင်း | ဒု–ဥက္ကဋ္ဌ |
| ကိုခင်ထွန်း | အဖွဲ့ဝင် |
| ဦးစိန်လှဦး | အဖွဲ့ဝင် |
| ဦးစိုးဝင်း | အဖွဲ့ဝင် |
| ဦးလှသိန်း | အဖွဲ့ဝင် |
| ဦးဝင်းမြင့် | အဖွဲ့ဝင် |
| ဒေါက်တာဝင်းနိုင် | အဖွဲ့ဝင် |
| ဒေါက်တာမျိုးညွန့် | အဖွဲ့ဝင် |
| ကိုမြင့်ဌေး | အဖွဲ့ဝင် |
| ဦးသိန်းဦး | အဖွဲ့ဝင် |
| ဒေါက်တာအေးကြူ | အဖွဲ့ဝင် |
| ကိုအေးထွန်း | အဖွဲ့ဝင် |
| ဒေါ်မြင့်မြင့်စိန် | ၊ |
| ဒေါ်မေနှင်းကြည် | ၊ ဤကော်မတီ၏ အဖွဲ့ဝင်များအပြင် ဘဏ္ဍာရေး တာဝန် |
| ဒေါ်လှဲ့လှဲ့ | ၊ ကိုပါ ထမ်းဆောင်ကြရန် ဖြစ်သည်။ |
| ဒေါ်အေးအေးမာ | ၊ |

၈–၅–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ

ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ဖြန့်ဝေခြင်း . . .

- ကရင်ပြည်နယ်၊ ပဲခူးတိုင်း၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်း စည်းရုံးရေးအဖွဲ့များ၊
- သက်ဆိုင်ရာပုဂ္ဂိုလ်များ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လဆန်း (၆)ရက်

## အထူးကြေညာချက် – ၁၀ / ၀၅ / ၀၈

၂၀၀၈ ခုနှစ် မေလ (၂)ရက်နှင့် (၃)ရက်နေ့တို့တွင် ပြင်းထန်သော နာဂစ်မုန်တိုင်းကြီး တိုက်ခတ်သောကြောင့် ပြည်သူများ သိန်းဂဏန်းနှင့်ချီ၍ သေဆုံးဒဏ်ရာရခြင်း၊ အိုးအိမ်၊ စည်းစိမ်ဥစ္စာများ မကြုံစဘူး အဆမတန် ထိခိုက်ပျက်စီး ဆုံးရှုံးခဲ့ရခြင်းတို့ ရှိခဲ့ပါသည်။

ထို့အပြင် ယင်းမုန်တိုင်းကြီးဒဏ်ကြောင့် ကံအားလျော်စွာ အသက်မသေ ရှင်သန်ခဲ့ကြရသော ပြည်သူလူထုအများစုကြီးမှာလည်း အစာရေစာ ပြတ်လပ်ခြင်း၊ သောက်သုံးရေ မလုံလောက်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှု မပြည့်ဝခြင်းတို့ကြောင့် ဝမ်းရောဂါများ စတင်ဖြစ်ပွားလာခြင်း စသည့်နောက်ဆက်တွဲ အကျိုးဆက်များမှာ ကပ်ရောဂါဆိုးကြီးပမာ ဖြစ်လာနေပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် မိမိတိုင်းသူပြည်သားများ၏ အသက်ဘေးအန္တရာယ်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ဆက်လက်အသက်ရှင်နိုင်ရေးတို့အတွက် တာဝန်ရှိခဲ့သည်။ သို့ပါလျက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအကူအညီများကို အာဏာပိုင်တို့က အကန့်အသတ် အတားအဆီး အမျိုးမျိုး ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် အသေအပျောက်များ တစ်နေ့တစ်ခြား တိုးပွားလာနေပါသည်။ ယင်းတို့ အသေအပျောက်အပျက်အစီးများ တိုးပွားလာခြင်းနှင့် ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာ၊ လုံခြုံမှု မရှိခြင်းတို့အတွက် အာဏာပိုင်တို့တွင် လုံးဝတာဝန်ရှိပါသည်။ ထိုသို့တာဝန်ရှိပါလျက် အာဏာပိုင်တို့သည် ပြည်သူလူထုအား ကယ်ဆယ်ရေးလုပ်ငန်းများကို ထိရောက်စွာဆောင်ရွက်ခြင်းမရှိပဲ နိုင်ငံရေးကိစ္စဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကိုသာ ဦးစားပေးနေပါသည်။

အာဏာပိုင်တို့၏ လက်ရှိလုပ်ကိုင်နေသော သာမန်ကယ်ဆယ်ရေးလုပ်ငန်းများဖြင့် ယခုဖြစ်ပျက်နေသည့် အနေအထားတို့မှာ လုံးဝလုံလောက်မှုမရှိပါ။ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက အလျင်မြန်ဆုံး ကူညီနိုင်မှသာ သက်သာရာရမည့် အခြေအနေမျိုးဖြစ်ပါသည်။ ယခုပင်လျှင် အခြေအနေတို့မှာ လွန်စွာနောက်ကျနေပြီးဖြစ်ပါသည်။

သို့ပါ၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများနှင့် ကျွမ်းကျင်သော ပုဂ္ဂိုလ်များကို ဖြစ်သည့်နည်းလမ်းများဖြင့် အမြန်ဆုံး ချက်ချင်းရောက်အောင် ပေးပို့ကြပါရန်နှင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးကြပါရန် ပြည်သူလူထုက ၎င်းတို့ကိုယ်စားလုပ်ပိုင်ခွင့်အာဏာ အပ်နှင်းထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ထပ်မံ၍ အလေးအနက် ပန်ကြားအပ်ပါသည်။ ကုလသမဂ္ဂအနေဖြင့် ပြည်သူပြည်သားများကို ကာကွယ်ပေးရန်တာဝန် (responsibility to protect civilly) ရှိသောကြောင့် လက်တွေ့ကျကျဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုက်သည်။

၁၀–၅–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့

ခင်ကျော်ဟန် (ရေနံချောင်း)

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၂၁)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၂)ရက်

## အထူးကြေညာချက် – ၁၂ / ၀၅ / ၀၈

မြန်မာနိုင်ငံတွင် မကြုံစဖူး အပြင်းထန်ဆုံးသော နာဂစ်မုန်တိုင်းကြီးဒဏ်အား ကယ်ဆယ်ရေးဟူသည့် အမျိုးသားရေးအကျပ်အတည်းကြီးကို ပံ့ပိုး ကူညီဖြေရှင်းပေးရန်ရောက်ရှိလာမည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ခရီးစဉ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လှိုက်လှဲစွာ ကြိုဆိုလိုက်ပါသည်။

နာဂစ်မုန်တိုင်းကြီးဒဏ်ကြောင့် မယုံနိုင်လောက်အောင် မရှုမလှ သေကြေ ပျက်စီးသွားသော ဒေသများမှ ပြည်သူများအား ယနေ့ထိတိုင် ကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ပြည့်ပြည့်ဝဝ မဆောင်ရွက်နိုင်သေးသည်ကို တွေ့မြင် ကြားသိ နေရပါသည်။ ငွေကြေးအင်အား၊ ပစ္စည်းအင်အားနှင့် ကျွမ်းကျင်မှုအင်အား မပြည့်စုံမှု၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုနှင့် မှတ်သုန်ရာသီ ဝင်ရောက်လာမှုတို့ကိုပါ ကြုံတွေ့နေကြပြန်ရာ ကလေးငယ်အများစုအပါအဝင် သန်းနှင့်ချီသော ပြည်သူများမှာ ရက်ပိုင်းအတွင်း ကြုံတွေ့လာရနိုင်သော မုန်တိုင်း၏နောက်ဆက်တွဲ ကပ်ရောဂါဆိုးများ ကျရောက်ကာ အသက်ဆုံးရှုံးရမည့်ရက်ကို စောင့်ဆိုင်းနေရသလို ဖြစ်နေပါသည်။

ထို့အပြင် မုန်တိုင်းဒဏ်သင့်ဒေသများမှာ မြန်မာနိုင်ငံ၏ အသက်သွေးကြောဖြစ်သော ဆန်စပါးနှင့် ရေထွက်ပစ္စည်းများ အများဆုံးထွက်ရှိရာဒေသများ ဖြစ်နေပြန်ပါသည်။ ထိုဒေသများကို အမြန်ဆုံး ပုံမှန်ပြန်ဖြစ်လာအောင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက ကယ်ဆယ်ခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ထူထောင်ခြင်းတို့သည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် "သေရေး ရှင်ရေး တမျှ" အရေးကြီးလှပါသည်။

လူသန်းပေါင်းများစွာတို့၏ အသက် အိုးအိမ် စည်းစိမ် ဉစ္စာတို့ကို ကယ်ဆယ်ရေးနှင့် မြန်မာနိုင်ငံ၏ အနာဂတ်ကို ကယ်တင်ရေးဟူသော အလွန်ကြီးမားလှသည့် ယင်းလုပ်ငန်းတာဝန်ကြီးမှာ လူတစ်ဦးတစ်ယောက်တည်းဖြင့်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုတည်းဖြင့်ဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံတည်းဖြင့်ဖြစ်စေ၊ ဒေသန္တရဆိုင်ရာအသင်းအဖွဲ့တစ်ခုတည်းဖြင့်ဖြစ်စေ၊ ဆောင်ရွက်၍ လုံးဝ ရနိုင်မည် မဟုတ်ပါ။

သို့ဖြစ်၍ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းက မေတ္တာတရား၊ ဂရုဏာတရားများ ရှေ့ထားကာ ငွေကြေးအင်အား၊ ပစ္စည်းအင်အား၊ စက်ကိရိယာအင်အားနှင့် ကျွမ်းကျင်မှု လူအင်အား စသည်တို့ဖြင့် လူသားချင်း စာနာထောက်ထား၍ စီးပွားရေးကပ်ဘေး၊ ကပ်ရောဂါဘေးနှင့် အခြား အခြားသော ဘေးအသီးသီးတို့မှ လွတ်မြောက်အောင် အမြန်ဆုံး ပါဝင်ကူညီကြပါရန်၊ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ကလည်း ဒုက္ခပင်လယ်ဝေနေသော မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတို့အပေါ် အစွမ်းကုန် ကူညီ ပံ့ပိုး ဖြေရှင်းပေးပါရန်တို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အလေးအနက် မေတ္တာရပ်ခံလိုက်သည်။

၂၀–၅–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ မေလ (၂၇)ရက်
၁၃၇၀ ခုနှစ်၊ ကဆုန်လပြည့်ကျော် (၈)ရက်

## (၁၈)နှစ်မြောက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကြေညာစာတမ်း
## ကြေညာချက်အမှတ် – ၁၃ / ၀၅ / ၀၈

ယနေ့သည် ကျောင်းသားကျောင်းသူ၊ ရဟန်းရှင်လူ၊ ပြည်သူအပေါင်းတို့၏ အသက် သွေး ပေါင်းများစွာ စွန့်လွှတ်ရင်းနှီး၍ တစ်ခဲနက် လူထုဆန္ဒပြခဲ့ကြသည့် ၁၉၈၈ ခုနှစ် ဒီမိုကရေစီရေး လှုပ်ရှားမှုကြီးမှ ပေါ်ပေါက်လာရသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ (၁၈)နှစ်ပြည့်မြောက်သောနေ့ ဖြစ်ပေသည်။

"နိုင်ငံတော် အချုပ်အခြာအာဏာသည် ပြည်သူတို့ထံမှ ဆင်းသက်ရမည်"ဆိုသည့် ဒီမိုကရေစီ အခြေခံမူအရ ကျင်းပပြုလုပ်ခဲ့သည့် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဖြစ်ကြောင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ၁၉၉၀ ပြည့်နှစ်၊ မေလ (၃၀)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကာကွယ်ရေးဌာနမှ အရာရှိကြီးများအား ကာကွယ်ရေးဌာန စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ . . .

> "ဒီရွေးကောက်ပွဲဟာ တကယ်တမ်းကျတော့ လွတ်လပ်မှုလည်းရှိတယ်၊ တရားမျှတမှုလည်းရှိတယ်။ × × × × × × အဓိက အရေးကြီးတဲ့ လွတ်လပ်၍ တရားမျှတတဲ့ ပါတီစုံရွေးကောက်ပွဲလုပ်ငန်းကို ကျွန်တော်တို့ ဆောင်ရွက်ပေးပြီးဖြစ်တယ်။ × × ×"

ဟု ပြောကြားခဲ့သည်။

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲသည် နိုင်ငံတကာကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်နှင့်အညီ ကျင်းပပေးခဲ့သော ရွေးကောက်ပွဲအမျိုးအစားမဟုတ်ပါ။ မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ် တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲကဲ့သို့သော ရွေးကောက်ပွဲလည်း မဟုတ်ပါ။ နိုင်ငံတော်အာဏာကို သိမ်းယူခဲ့သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၏ ၁၉၈၉ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေအမှတ်–၁၄/၈၉ ဖြစ်သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"အရ ကျင်းပပေးခဲ့သော ရွေးကောက်ပွဲဖြစ်ပေသည်။

ဤ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတော်အချုပ်အခြာအာဏာပိုင် မဲဆန္ဒရှင်ပြည်သူလူထုသည် နိုင်ငံတစ်ဝှမ်းလုံးရှိ မဲဆန္ဒနယ်(၄၈၅)နေရာအနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃၉၂)ဦးကို ရွေးချယ်တင်မြှောက်ခဲ့ပေသည်။ ထို့အပြင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဓိက မဟာမိတ်ပါတီများဖြစ်သော အမျိုးသားဒီမိုကရေစီပါတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၃)ဦးနှင့် မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁)ဦးတို့ကိုလည်း ရွေးချယ်တင်မြှောက်ခဲ့ပေသည်။

ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုသည့် ဥပဒေကြောင်းဆိုင်ရာလုပ်ငန်းကိုလည်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်က ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ–၄၁၊ ပုဒ်မခွဲ(ဂ) နှင့်အညီ "ရွေးကောက်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်"အဖြစ် ထည့်သွင်း ကြေညာခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ရာ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း(၂)၊ ပုဒ်မ (၃)တွင် ပြဋ္ဌာန်းထားသည့် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်" ဟူသည်နှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပေသည်။ သို့သော် အာဏာပိုင်တို့သည် မိမိတို့ပြဋ္ဌာန်းထားသော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒသဘောထားတို့ကို လေးစားလိုက်

နာခြင်းမရှိပဲ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် ကြေညာချက်အမှတ် (၁/၉၀)ကို ထုတ်ပြန်ခဲ့သည်။ ဤကြေညာချက်(၁/၉၀)ကို လိုက်နာရမည်ဟူလည်း နိုင်ငံရေးပါတီများအား လက်မှတ်ရေးထိုးစေခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဤကြေညာချက်ကို မလိုက်နာပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းခံရမည်ဟူသောအချက်ကို ဝန်ခံချက်လက်မှတ်ရေးထိုးစေခဲ့ပါသည်။

ယင်းကြေညာချက်အမှတ်–၁/၉၀၊ အပိုဒ်(၁၂)၌လည်း . . .

"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃)တွင် "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်"ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။ × × ×"

ဟု လည်းကောင်း၊ အပိုဒ် (၂၀)တွင် . . .

"× × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည်။ × × ×"

ဟုလည်းကောင်း အတိအလင်း ကြေညာခဲ့သည်။

အခြေခံဥပဒေနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် ပြည်တွင်း၊ ပြည်ပ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များအား ပြောကြားရာ၌ . . .

"Constitution ကျွန်တော်ရေး၊ ကျွန်တော် ပြည်သူ့ကိုယ်စားလှယ်မှမဟုတ်ဘဲ၊ ကျွန်တော်ဘာလို့ ရေးရမလဲ၊ ကျွန်တော် တရားခံလား၊ အဲဒီလို မလုပ်ပါနဲ့။"

ဟုပြောကြားခဲ့သည်။ ထို့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက ၁၉၉၀ ပြည့်နှစ်၊ မေလ (၁၀)ရက်နေ့တွင် ကာကွယ်ရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ တိုင်းမှူး၊ တပ်မှူးများနှင့် တွေ့ဆုံ၍ . . .

"× × × အခြေခံဥပဒေအသစ်ကို ရေးချင်လည်းရေးနိုင်ကြောင်း၊ အဟောင်းကိုပြင်၍ သုံးမည်ဆိုပါကလည်း သုံးနိုင်ကြောင်း"

ဟုလည်း ပြောကြားခဲ့သည်။

တစ်ဖန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကပင် ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၃)ရက်နေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် ပြည်နယ်/တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့များ၏ ညှိနှိုင်းအစည်းအဝေးတွင် . . .

"× × × ပါတီစုံရွေးကောက်ပွဲပြီးရင် ဘာလုပ်ကြမလဲ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဖို့ပဲဖြစ်တယ်။ ဒီကိစ္စ ကိုယ့်အနေနဲ့ (၅–၇–၈၉) ရက်နေ့ကပြောတဲ့အထဲမှာ ပါပါတယ်။ န–ဝ–တ က မရေးဘူးဆိုတာ ပြောပြီးပြီပဲ။ တရားခံလည်း အဖြစ်မခံနိုင်ဘူး။ × × ×"

"× × × အခြေခံဥပဒေကို အရွေးခံရတဲ့ ပါတီအဖွဲ့အစည်းတွေက လွှတ်တော်ကိုယ်စားလှယ်တွေ ညှိနှိုင်းပြီး လုပ်ကြရမယ့်ကိစ္စ × × ×"

ဟုလည်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကသာ ရေးဆွဲရမည်။ ရေးဆွဲနိုင်သည်ကို လူသိရှင်ကြား ပြောဆိုခဲ့ပြီးဖြစ်သည်။

သို့သော်လည်း လက်တွေ့၌ လွှတ်တော်၏အာဏာစက်ဖြင့် တရားနည်းလမ်းတကျ အခြေခံဥပဒေရေးဆွဲရေးကို အာဏာပိုင်တို့က ဆောင်ရွက်ခဲ့ခြင်းမရှိပေ။ ၁၉၉၂ ခုနှစ်၊ ဧပြီလ (၂၄)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)သည် အမျိုးသားညီလာခံအား (၆)လအတွင်း ခေါ်ယူကျင်းပမည်ဖြစ်ကြောင်း၊ ကြေညာချက်အမှတ်–၁၁/၉၂ ကို ထုတ်ပြန်ခဲ့ပေသည်။

၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့ပြီး၊ အမျိုးသားညီလာခံကိုယ်စားလှယ်(၇၀၂)ဦးအနက် ရွေးချယ်ခံရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၁၀၇)ဦးသာ ညီလာခံသို့ တက်ရောက်ခွင့်ရရှိခဲ့ပြီး၊ ကျန် ညီလာခံကိုယ်စားလှယ်(၇၀)ရာခိုင်နှုန်းကျော်မှာ အာဏာပိုင်တို့စိတ်ကြိုက် ရွေးချယ်ခဲ့သော

ပုဂ္ဂိုလ်များသာ ဖြစ်နေပေသည်။ ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလ (၂၉)ရက်နေ့၌ အာဏာပိုင်တို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ကိုယ်စားလှယ်များအားလုံးကို ညီလာခံတက်ရောက်ရန် ပယ်ဖျက်ခဲ့သည်။ ထို့နောက် ဆက်လက်ကျင်းပခဲ့သော အမျိုးသားညီလာခံကို ၁၉၉၆ ခုနှစ်၊ မတ်လ (၃၁)ရက်နေ့တွင် အာဏာပိုင်တို့က ရပ်နားထားခဲ့သည်။

၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၃၀)ရက်နေ့တွင် အာဏာပိုင်တို့က နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းစဉ်(၇)ရပ်ကို ထုတ်ပြန်၍ ပထမအဆင့်အနေဖြင့် ၁၉၉၆ ခုနှစ်မှစတင်၍ ရပ်ဆိုင်းထားသော အမျိုးသားညီလာခံကို ၂၀၀၄ ခုနှစ်၊ မေလ (၁၇)ရက်နေ့တွင် ပြန်လည်ကျင်းပခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ ညီလာခံကိုယ်စားလှယ်(၁၀၈၆)ဦး ပါဝင်သော်လည်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၁၃)ဦးသာ ပါဝင်ပေသည်။ ပြည်သူလူထုအား (၁)ရာခိုင်နှုန်းသာကိုယ်စားပြုနိုင်သော အမျိုးသားညီလာခံကို ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ (၂၉)ရက်နေ့အထိ ကျင်းပခဲ့ပြီး ၂၀၀၇ခုနှစ်၊ အောက်တိုဘာလ (၁၈)ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြေညာချက်အမှတ်–(၂/၂၀၀၇)ကို ထုတ်ပြန်ကာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဖွဲ့စည်းပေးလိုက်သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပါဝင်ခြင်းမရှိဘဲ အာဏာပိုင်တို့က စိတ်ကြိုက်ရွေးချယ်ထားသည့် ပုဂ္ဂိုလ်(၅၄)ဦး ပါဝင်သော ကော်မရှင်က ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့မှ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉)ရက်နေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲအတည်ပြုခဲ့ပေသည်။ ယင်းအတည်ပြုခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဦးစွာထုတ်ပြန်ခြင်းမပြုဘဲ၊ အာဏာပိုင်တို့က ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက်နေ့တွင် ကြေညာချက်အမှတ်–၁/၂၀၀၈ ကိုထုတ်ပြန်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ အတည်ပြုခြင်းကို မေလတွင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ ကြေညာချက်အမှတ်–၂/၂၀၀၈ ကိုထုတ်ပြန်၍ "ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းနှင့်အညီ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၂၀၁၀ ခုနှစ်တွင် ကျင်းပပေးမည်ဖြစ်ကြောင်း"တို့ကို တစ်ဖက်သတ် ကြေညာခဲ့ပြန်သည်။

၂၀၀၈ ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် ကြေညာချက်အမှတ်–(၄/၂၀၀၈)ကို ထုတ်ပြန်၍ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာကာ ထိုနေ့တွင်မှ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ ခုနှစ်)စာအုပ်ကို တစ်အုပ်လျှင် (၁၀၀၀ိ/–) တစ်ထောင်ကျပ်နှုန်းဖြင့် စတင်ရောင်းချခဲ့သည်။ အများပြည်သူတို့ မဝယ်နိုင်သည့် နှုန်းထားဖြစ်ပေသည်။ ဝယ်ယူနိုင်သည့် ပြည်သူလူထုမှာလည်း အလွယ်တကူ ဝယ်ယူနိုင်ခြင်းမရှိ၍ မဝယ်ယူကြပေ။ ဤသည်မှာ အာဏာပိုင်တို့က ဆန္ဒခံယူပွဲ၌ "နိုင်လျှင်လည်း နိုင်ရမည်။ ရှုံးလျှင်လည်း နိုင်ရမည်"ဟု ကြိုတင်ချမှတ်ထားသည့် စီမံချက်ကို ဖုတ်ပူမီးတိုက် အကောင်အထည်ဖော်ကာ ၎င်းတို့၏မရိုးသားမှုကို ပြည်တွင်းပြည်ပအား ဖွင့်ချပြသခဲ့ခြင်းဖြစ်ပေသည်။

အာဏာပိုင်တို့က အမျိုးသားညီလာခံကို (၁၄)နှစ်ကျော် ကျင်းပအချိန်ဆွဲယူခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအား လေ့လာဖတ်ရှုပြီး စဉ်းစားဆုံးဖြတ်နိုင်ရန် လုံလောက်သောအချိန် မရှိဘဲ အဆုံးအဖြတ်ပေးရမည့် ပြည်သူလူထု၏သဘောထားကို တစ်လအတွင်းတောင်းခံခဲ့ခြင်းမှာ နိုင်ငံတကာဆန္ဒခံယူပွဲစံနှုန်းနှင့် ညီညွတ်ရန်မဆိုထားဘိ တစ်ပါတီစနစ်ကျင့်သုံးမည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ၁၉၇၃ ခုနှစ် မြန်မာနိုင်ငံဆန္ဒခံယူပွဲအဆင့်ကိုပင် မမီပါ။ ဖွဲ့စည်းပုံအခြေခံမူကြမ်းကို ရှင်းလင်းတင်ပြခြင်းလည်းမရှိ ပြည်သူတို့၏ဆန္ဒသဘောထားနှင့် အကြံပြုချက်များကိုလည်း တောင်းခံခဲ့ခြင်းလည်း မရှိဘဲ အချိန်တိုအတွင်း ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပခဲ့ခြင်းသည် အများယုံကြည်လက်ခံနိုင်သော နည်းလမ်းမဟုတ်ပေ။ မည်သည့် စည်းကမ်း စံနှုန်း စံထားများနှင့်လည်း လုံးဝဥဿုံ ညီညွတ်ခြင်း မရှိပေ။

အထူးသဖြင့် နာဂစ်မုန်တိုင်းဘေးဒဏ်ကျရောက်လာပြီး ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များ၊ ကြီးမားစွာ ပျက်စီးဆုံးရှုံးနေရချိန်တွင် ကိုယ်ကျိုးအခြေခံ အာဏာနိုင်ငံရေးကိုသာ အလေးထားပြီး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို တစ်ဇွတ်ထိုးဆက်လက်ကျင်းပခဲ့ခြင်းသည် "ပြည်သူအတွက် လိုအပ်မှုသည် ပုဂ္ဂလိက လိုအပ်မှုထက် အရေးကြီးသည်"ဟူသော ဥပဒေဆိုင်ရာ ဆိုရိုးစကားကို ဆန့်ကျင်ခြင်းပင်ဖြစ်သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈ ခုနှစ်)"ဆိုသည်မှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက တရားဝင်ရေးဆွဲခဲ့ခြင်းမဟုတ်ပါ။ ထို့အတူ အခြေခံဥပဒေမူကြမ်းနှင့်ပတ်သက်၍ ပြည်သူလူထုထံမှ အကြံဉာဏ်နှင့် သဘောထား တောင်းခံခဲ့ခြင်းလည်းမရှိပါ။ တစ်လကျော်အတွင်း အာဏာပိုင်တို့သည် မိမိပြဋ္ဌာန်းထား

သော ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေများကို ဆန့်ကျင်ချိုးဖောက်ပြီး ထောက်ခံမဲရရှိရေးအတွက် အကြပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်း၊ မလျော်သြဇာသုံးခြင်း၊ စသည်တို့ကို အာဏာသုံးလုပ်ဆောင်ခဲ့ခြင်းကြောင့် ပြည်သူလူထု၏ စစ်မှန်သော အဆုံးအဖြတ် မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်၍ တရားမျှတမှု မရှိသော ပြည်သူ့ဆန္ဒခံယူပွဲ မဟုတ်ပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ပြည်သူလူထု၏ လွတ်လပ်သောဆန္ဒကိုအခြေခံသည့် အဆုံးအဖြတ်ကို လေးစားနာခံမည် ဖြစ်သော်လည်း အာဏာပိုင်တို့၏ အတုအယောင် လူထုဆန္ဒခံယူပွဲကို လက်ခံနိုင်မည် မဟုတ်ပေ။ ပြည်သူလူထု၏ ဆန္ဒအဆုံးအဖြတ်ကို အမှန်တကယ်လေးစား လက်ခံကြမည်ဆိုလျှင် အာဏာပိုင်တို့ကိုယ်တိုင် တရားဝင်ထုတ်ပြန်ကြေညာခဲ့သော ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလာဒ်ကို အာဏာပိုင်တို့က ထုတ်ပြန်ထားသည့် ဥပဒေများ၊ နည်းဥပဒေများ၊ ကြေညာချက်များအရ "တရားဥပဒေ စိုးမိုးရေး" ဟူသော ကြွေးကြော်ချက်နှင့်အညီ ဦးစွာ အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ပါတီစုံ ဒီမိုကရေစီ ရွေးကောက်ပွဲ ကျင်းပပြီးစီးခဲ့သည့် (၈)နှစ်မြောက်နေ့တွင် . . .

"× × ×အာဏာပိုင်တွေဟာ မိမိတို့ သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှုလိုက် လိုချင်တဲ့ ရလဒ် ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေ ကျင်းပလိုက်နဲ့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့ အနာဂတ်နဲ့ ကစားရာရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့ အနာဂတ်ဆိုတာ ကစားရမဲ့အရာ မဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမဲ့ အရာသာဖြစ်တယ်။ ဒါကြောင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်ရွေးကောက်ပွဲသစ်ကျင်းပရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝ လက်ခံမှာ မဟုတ်ဘူးလို့ ဆုံးဖြတ်ထားတာ ဖြစ်ပါတယ်။"

"× × × တိုင်းပြည်ရဲ့အကျိုးကို အမှန်တကယ် လိုလားတယ်ဆိုရင် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို အမြန်ဆုံး အကောင်အထည် ဖော်ပေးဖို့လိုပါတယ်။ ပထမခြေလှမ်းအနေနဲ့ ပြည်သူ့လွှတ်တော် ခေါ်ပေးရပါလိမ့်မယ်။"

ပြည်သူတို့၏ မျှော်လင့်ချက်ဖြစ်သော ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးရေးအတွက် ရွေးကောက်ပွဲသက်တမ်း(၁၈)နှစ်တင်းတင်းပြည့်ခဲ့သော ဤနေ့ဤရက်အထိ မိမိတို့၏ အသက်၊ ကိုယ်ပိုင်လွတ်လပ်ခွင့်၊ မိသားစုရပ်တည်ရေးကို စွန့်လွှတ်အနစ်နာခံကာ၊ ကြိုးပမ်းခဲ့ကြသော၊ ကြိုးပမ်းနေဆဲဖြစ်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များ၊ အဖွဲ့ဝင်လူငယ်များအပါအဝင် ဒီမိုကရေစီအင်အားစုများအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အထူးဂုဏ်ပြု မှတ်တမ်းတင်အပ်ပေသည်။

ထို့အတူ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးနှင့် ယနေ့မြန်မာပြည်သူတို့ကြုံတွေ့နေရသော နာဂစ်မုန်တိုင်းဘေးဒဏ် ကူညီရေးကိစ္စတွင် မြန်မာပြည်သူများဘက်မှရပ်တည်ပြီး ထောက်ခံကူညီနေကြသော ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်သူအပေါင်းတို့အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တစ်ချိန်တည်းတွင် မြန်မာနိုင်ငံ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တိုင်းပြည်နှင့်ပြည်သူလူထုအကျိုးကို ရှေးရှု၍ ကောင်းမွန်သော နိုင်ငံရေးအခြေအနေများကို ဖန်တီးရန်အတွက် . . .

(က) ယနေ့ တိုင်းပြည်ကရင်ဆိုင်နေကြရသော အဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စအပါအဝင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အထွေထွေအကြပ်အတည်းများကို ထိရောက်စွာဖြေရှင်းနိုင်ရန် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (ယခု နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)က ထုတ်ပြန်ထားသည့် ဥပဒေများအရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူဖွဲ့စည်းပေးရန်၊

(ခ) မိမိတို့နိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများရရှိရန် တစ်စိုက်မတ်မတ် ကြိုးပမ်းအားထုတ်မှုကြောင့် နေအိမ်များတွင် ထိန်းသိမ်းခြင်းခံနေကြရသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒု-ဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်။

(ဂ) တိုင်းရင်းသားလူမျိုးများမပါဝင်ဘဲ စစ်မှန်သော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့်၊ ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွှန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များကို ပြစ်ဒဏ်ချထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်။

(ဃ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ကန့်သန့်ချက်များမရှိစေဘဲ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်။

(င) နိုင်ငံရေးပါတီများ မှတ်တင်ခြင်းဥပဒေနှင့်အညီ၊ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ ခေတ္တဟုဆိုပြီး ယနေ့အထိ ငါးနှစ်တိုင်တိုင် ကာလရှည်စွာ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံးပြန်လည် ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် ပေးရန်။

(စ) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးခွင့်ပေးရန်။

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အမြန်ဆုံးဆောင်ရွက်ပေးရန် လေးနက်စွာ ကြေညာလိုက်သည်။

၂၀–၅–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့**
**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**

**ရန်ကုန်မြို့**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇွန်လ (၉) ရက်
၁၃၇၀ ခုနှစ်၊ နယုန်လဆန်း (၆) ရက်

## ကြေညာချက်အမှတ် – ၁၄ / ၀၆ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့မှ စ၍ ဖမ်းဆီးထိန်းသိမ်းခံထားရသည်မှာ (၅)နှစ်ကျော်ခဲ့ပြီ ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ်ကို ထပ်မံတိုးချဲ့ခဲ့သည်ဟု သတင်းကြားသိရပါသည်။

ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ် တိုးချဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေသည့်အပြင် တရားမျှတမှုမရှိကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အယူခံတင်သွင်းမည်ဖြစ်ပါသည်။

အလားတူပင် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၀ (ခ) အရလည်းကောင်း၊ ကျောက်တန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်း၊ မရမ်းကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမေဝင်းမြင့်တို့ကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေ ပုဒ်မ ၁၀ (က) အရလည်းကောင်း ထိန်းသိမ်း တားမြစ်ခြင်းတို့မှာ ဥပဒေနှင့် ဆန့်ကျင်ထိန်းသိမ်းထားခြင်း ဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ် တိုးချဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်သည်ဟု မှတ်ယူပါလျှင် ဒေါ်အောင်ဆန်းစုကြည်၏ ဥပဒေနှင့်အညီ အယူခံမှုကိုလည်း လက်ခံဖွင့်လှစ်ပေးပါရန်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ် တိုးချဲ့ခြင်းသည် တည်ဆဲ ဥပဒေပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်နေသည်ကို ဥပဒေအရ လျှောက်လဲရန် အဆင်သင့်ရှိကြောင်း ကြေညာလိုက်သည်။

၆–၆–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက် အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇွန်လ (၁၀) ရက်
၁၃၇၀ ခုနှစ်၊ နယုန်လဆန်း (၇) ရက်

## အထူးကြေညာချက်အမှတ် – ၁၃ / ၀၆ / ၀၈

၁။ ၂၀၀၈ ခုနှစ်၊ မေလ (၁၀)ရက်နေ့နှင့် (၂၄)ရက်နေ့တို့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့သော "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈)ခုနှစ်" ဆိုသည်မှာ ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့် အာဏာပိုင်တို့၏ ကတိကဝတ်များနှင့်အညီ တရားဝင်ရေးဆွဲခဲ့ခြင်း မဟုတ်ပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ တစ်ခုတည်းကသာ ၎င်းတို့စိတ်ကြိုက် ရွေးချယ်ထားသည့် ပုဂ္ဂိုလ်များဖြင့် တစ်ဖက်သတ်ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ဖြစ်ပါသည်။ ယင်းမူကြမ်းကို ပြည်သူလူထုအား မဆိုထားဘိ တရားဝင်တည်ရှိနေသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား ပြန်လည်သုံးသပ် စဉ်းစားဆွေးနွေးရန် အခွင့်အလမ်းလည်း မပေးခဲ့ပါ။ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဒီမိုကရေစီအင်အားစုများကိုလည်း ဝေဖန်သုံးသပ်ခွင့် မပေးပါ။

၂။ အထက်ပါတို့ကို ရေးသားဖော်ပြရခြင်းမှာ အောက်ပါ ဥပဒေ၊ ကြေညာချက်တို့နှင့် ဆန့်ကျင်နေသောကြောင့် ဖြစ်ပါသည်။

(က) ၁၉၈၉ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် ဥပဒေအမှတ်–၁၄/၈၉ ဖြင့် အာဏာပိုင်တို့ကိုယ်တိုင် ပြဋ္ဌာန်းထားသော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ" ပုဒ်မ (၃) တွင် . . .

"လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်။"

(ခ) ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၇)ရက်နေ့တွင် အာဏာပိုင်တို့ကိုယ်တိုင် ထုတ်ပြန်ထားသော ကြေညာချက်အမှတ် (၁/၉၀)၊ အပိုဒ် (၁၂) တွင် . . .

"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ (၃)တွင် 'လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်' ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။"

(ဂ) အပိုဒ် (၂၀) တွင် . . .

"× × × ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များဖြစ်သည်။ × × ×"

၃။ ထို့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ဆန္ဒခံယူပွဲမကျင်းပမီ မဲဆန္ဒပေးကြရမည့် ပြည်သူလူထုအား နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြခြင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားတို့တွင် ရှင်းပြခြင်း စသည်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းချပြခဲ့ခြင်း မရှိပါ။ မဲဆန္ဒရှင်များ ဖတ်ရှုလေ့လာနိုင်ရန် ဤဖွဲ့စည်းပုံမူကြမ်းစာအုပ်ကိုလည်း ပြည်နယ်/တိုင်းနှင့် မြို့နယ်အနှံ့တွင် ရောင်းချခြင်းတို့ မပြုလုပ်ခဲ့ပါ။ ပြည်သူလူထု၏ ဆန္ဒသဘောထားနှင့် အကြံပြုချက်များကိုလည်း တောင်းခံခဲ့ခြင်းမရှိဘဲ အာဏာပိုင်တို့စိတ်ကြိုက် တစ်ဖက်သတ် ရေးဆွဲထားသည့်အတိုင်း ထောက်ခံမဲပေးရန်အတွက်သာ ထုတ်ပြန်ခဲ့သည်။ သို့သော် အရေးကြီးသည့် ကိစ္စတစ်ရပ်ဖြစ်သည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူလူထု ဖတ်ရှုလေ့လာနိုင်ရန် လုံလောက်သောအချိန်မရဘဲ တိုတောင်းလှသော တစ်လကျော်အချိန်အတွင်း ပြည်လုံးကျွတ်

ဆန္ဒခံယူပွဲကို ကျင်းပခဲ့ခြင်းဖြစ်သည်။ တရားမျှတမှုမရှိဘဲ၊ အတင်းအဓမ္မ ထောက်ခံမှုရရှိရန် အစီအစဉ်တကျ ပြုလုပ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပေသည်။

၄။ (၁၄)နှစ်ကျော်ကျင်းပခဲ့သော အမျိုးသားညီလာခံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာ၌ အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အမျိုးသားညီလာခံ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ က ဦးဆောင်ချမှတ်ခဲ့ပါသည်။ ထိုပုဂ္ဂိုလ်ကပင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင် ဥက္ကဋ္ဌ ဖြစ်လာသောအခါ ၎င်းကိုယ်တိုင်ချမှတ်ခဲ့သည့် အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများအတိုင်း ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲခဲ့ပြန်သည်။ တစ်ဖန် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေးအတွက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ အဖြစ် ထပ်မံတာဝန်ယူခြင်းဖြင့် ၎င်းကိုယ်တိုင်ရေးဆွဲခဲ့သော ဤဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို မတရားသောနည်းများဖြင့် အတည်ဖြစ်အောင်ပြုလုပ်ရန် အခွင့်အလမ်း ပိုမိုရရှိစေကြောင်း ပေါ်လွင်နေပါသည်။ ယင်းကော်မရှင်၏ အချို့အဖွဲ့ဝင်များမှာလည်း အမျိုးသားညီလာခံတွင် ပါဝင်ခဲ့သူများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရေးကော်မရှင်တွင် ပါဝင်ခဲ့သူများ ဖြစ်နေပြန်ပါသည်။ ဤသည်မှာ အများယုံကြည်လက်ခံနိုင်ရန် တရားမျှတသော နည်းလမ်းမဟုတ်ပါ။ ယင်းပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်မှာလည်း လွတ်လပ်မှုမရှိဘဲ အာဏာပိုင်တို့က ယင်းကော်မရှင်အပေါ်တွင် ဩဇာအာဏာ လုံးဝသက်ရောက်လျက် ရှိပါသည်။

၅။ တစ်ဖန် အာဏာပိုင်တို့သည် မိမိတို့ပြဋ္ဌာန်းထားသော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေတို့ကို ဆန့်ကျင်ချိုးဖောက်ပြီး ထောက်ခံမဲရရှိရေးအတွက်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ပြည်သူလူထုအပေါ် အကျပ်ကိုင်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အလွဲပြောဆိုခြင်း၊ မလျော်ဩဇာသုံးခြင်း စသည့် နည်းလမ်းများကို အထင်အရှားလုပ်ဆောင်ခဲ့သည်။ ဆန္ဒခံယူပွဲ၏ ဥပဒေကြောင်းရိုးဖြစ်သော လျှို့ဝှက်မဲပေးစနစ်ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းတို့လည်း ရှိခဲ့ပါသည်။ ပြည်နယ်/တိုင်း၊ မြို့နယ်နှင့် ရပ်/ကျေး စည်းရုံးရေးအဖွဲ့များမှ ပေးပို့သော အစီရင်ခံစာနှင့် အထောက်အထားများအနက် အဓိကကျသော အချက်အချို့မှာ အောက်ပါတို့ ဖြစ်ပါသည်။

(က) အာဏာပိုင်တို့အနေဖြင့် ဗဟိုမှသည် အောက်ခြေအာဏာပိုင်အဖွဲ့အစည်း အသီးသီးနှင့် ၎င်းတို့အား ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းများအား မိမိတို့စိတ်တိုင်းကျ ပြောင်မဲဆွယ်ခွင့်များ ပေးထားပြီး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကိုမူ စာရွက်စာတမ်းများသိမ်းဆည်းခြင်း၊ ခေါ်ယူစစ်ဆေးမေးမြန်းခြင်း၊ ဖမ်းဆီးခြင်း၊ ဥပဒေအမှတ်(၅/၉၆) နှင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေများဖြင့် ခြိမ်းခြောက်ခြင်း စသည့် ကန့်သတ် တားမြစ် ပိတ်ပင်မှုများ ရှိခဲ့ပါသည်။

(ခ) ကြိုတင်ဆန္ဒမဲများကို မဲရုံနယ်မြေအလိုက် ခွဲတန်းဖြင့်ပေးထားပြီး ယင်းခွဲတန်းအတိုင်း ထောက်ခံမဲများ ရရှိအောင် စီမံထားခြင်း၊ ခရီးဝေးသွားရန်ရှိခြင်း၊ နာမကျန်းဖြစ်ခြင်း၊ မသန်မစွမ်းဖြစ်ခြင်း၊ သက်ကြီးရွယ်အိုဖြစ်ခြင်းတို့ မဟုတ်ပါဘဲ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များကို ချိုးဖောက်၍ ဝန်ထမ်းများ၊ အလုပ်သမားများ၊ အရပ်သူအရပ်သားများနှင့် လေဘေးဒုက္ခသည်များထံမှ ထောက်ခံမဲများကို အတင်းအကြပ် ကြိုတင်ရယူထားခြင်း၊

(ဂ) ကန့်ကွက်မဲထည့်သူများကို ထောင်သုံးနှစ်ကျမည်၊ ဒဏ်ငွေတစ်သိန်းဆောင်ရမည်၊ တရားစွဲဆိုခြင်းခံရမည်၊ လယ်ယာမြေအသိမ်းခံရမည်၊ စီးပွားရေးလုပ်ငန်းများထိခိုက်မည်၊ အလုပ်ပြုတ်မည်၊ ကျောင်းထုတ်မည်၊ ကန့်ကွက်မဲပေးခြင်းကို တစ်နည်းနည်းဖြင့် သိအောင်လုပ်ထားသည် စသည်ဖြင့် ခြိမ်းခြောက်ခြင်း၊

(ဃ) မဲရုံအချို့တွင် ယူနီဖောင်းဝတ်ထားသောရဲများ၊ အာဏာပိုင်တို့ ကျောထောက်နောက်ခံပြုထားသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ ရှိနေခြင်း၊

(င) ရဲများက ထောက်ခံမဲပေးသူများသာ မဲရုံတွင်နေရန်၊ ကန့်ကွက်မဲပေးသူများ မဲရုံမှပြန်ရန် အတင်းအဓမ္မနှင်ထုတ်ခြင်း၊

(စ) ကော်မရှင်အဖွဲ့ဝင်များက အမှန်ခြစ်ပေးထားသော ထောက်ခံမဲများကိုသာ မဲဆန္ဒရှင်များက မဲပုံးထဲသို့ထည့်ပေးရခြင်း၊

(ဆ) အိမ်ထောင်စု တစ်စုလျှင် တစ်ဦးတည်းကသာ ကိုယ်စားပြု၍ ထောက်ခံမဲခြစ်ပေးပြီး ထည့်စေခြင်း၊

(ဇ) ဆန္ဒမဲပေးခွင့်ရှိသူများကို လူဦးရေအလိုက် အုပ်စုဖွဲ့ပေးပြီး ထိုအုပ်စုတွင် အာဏာပိုင်တို့၏ ကိုယ်စားလှယ်က ခေါင်းဆောင်လုပ်၍ ကိုယ်စားပြုပြီး ထောက်ခံမဲများ ထည့်စေခြင်း၊

(ဈ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းကိုယူ၍ ကော်မရှင်အဖွဲ့ဝင်များက ကိုယ်စားပြုပြီး ထောက်ခံမဲများ ခြစ်ပြီးထည့်ခြင်း၊

(ည) ကော်မရှင်အဖွဲ့ဝင်များကိုယ်တိုင် ထောက်ခံမဲများကို အပိုထပ်ထည့်ခြင်း၊

(ဋ) မဲရုံအချို့ကို ဥပဒေပါပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ သတ်မှတ်ချိန် ညနေ(၄း၀၀)နာရီမတိုင်မီ စောစီးစွာ ပိတ်ခြင်း၊

(ဌ) ထောက်ခံမဲ၊ ကန့်ကွက်မဲ၊ ပယ်မဲများကို ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် စောင့်ကြည့်လေ့လာခွင့် မရခြင်း၊

(ဍ) မဲရုံအချို့တွင် ကန့်ကွက်မဲများကို မီးရှို့ပစ်ခြင်းနှင့် ဖျောက်ဖျက်ပစ်ခြင်း။

၆။ ထို့အပြင် "ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေ"၏ အခန်း(၉) ဆန္ဒမဲများကြေညာခြင်း ပုဒ်မ (၂၃) တွင် . . .

"ကော်မရှင်သည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီးစီးသည့်အခါ × × × × × တစ်ပေါင်းတည်း စာရင်းချုပ်၍ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ၊ ဆန္ဒမဲပေးသူဦးရေ၊ ထောက်ခံဆန္ဒမဲပေးသူဦးရေနှင့် ယင်းတို့၏ နှိုင်းယှဉ်ချက်ကို ရာခိုင်နှုန်းဖြင့် ကြေညာရမည်။"

ဟု ပြဋ္ဌာန်းထားသောကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်သည် ၂၀၀၈ ခုနှစ်၊ မေလ (၁၅)ရက် (၁၅–၅–၂၀၀၈)နေ့တွင် ကြေညာချက်အမှတ်(၁၀/၂၀၀၈)ကို ထုတ်ပြန်၍ "ထောက်ခံသည့် ရာခိုင်နှုန်းမှာ ၉၂ ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း ပြီးခဲ့သည့် ဆန္ဒခံယူပွဲရလဒ်အား ကြေညာအပ်ပါသည်"ဟု ကြားဖြတ်ထုတ်ပြန်ခဲ့ခြင်းမှာ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် ညီညွတ်ခြင်းမရှိပါ။ မုန်တိုင်းသင့်ဒေသများဖြစ်သည့် ဧရာဝတီတိုင်းမှ (၇)မြို့နယ်နှင့် ရန်ကုန်တိုင်းမှ (၄၀)မြို့နယ်တို့တွင် ဆန္ဒမဲပေးရန် ကျန်ရှိနေသော ပြည်သူလူထုအပေါ် ကြိုတင်၍ မတရား ဩဇာလွှမ်းမိုးခဲ့ခြင်းပင် ဖြစ်ပေသည်။

၇။ ဧရာဝတီတိုင်းမှ လေဘေးသင့်ခံရသော (၇)မြို့နယ် အခြေအနေနှင့် ပတ်သက်၍ မူလစာရင်းကောက်ယူထားသော မဲဆန္ဒရှင်အများအပြားသည် ၂၀၀၈ ခုနှစ်၊ မေလ (၂)ရက်နှင့် (၃)ရက်နေ့တို့တွင် ပြင်းထန်စွာတိုက်ခိုက်ခဲ့သော နာဂစ်မုန်တိုင်းကြီးဒဏ်ကြောင့် ဒေသခံပြည်သူလူထု သိန်းကျော်၍ သေဆုံးခြင်း၊ ပျောက်ဆုံးခြင်း၊ အိမ်ထောင်စုစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကဒ်များမှာ ပျက်စီးပျောက်ဆုံးခြင်း စသည်တို့ကြောင့် အမှန်တကယ် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်များစာရင်းကို အချိန်တိုကာလအတွင်း မည်သို့မျှ မှန်ကန်စွာ ပြန်လည်စာရင်းပြုစုနိုင်ခြင်း မရှိပါ။ သို့ပါ၍ ဧရာဝတီတိုင်းတွင် ထောက်ခံမဲများရရှိခြင်းသည် မည်သည့်နည်းနှင့်မျှ တရားမျှတမှုမရှိကြောင်း ထင်ရှားစေပါသည်။

၈။ ထို့ကြောင့် ဆန္ဒခံယူပွဲသည် လွတ်လပ်၍ တရားမျှတမှု မရှိသောကြောင့် ဆန္ဒမဲပေးသူ ပြည်သူလူထု၏ စစ်မှန်သောအဆုံးအဖြတ်ကို မဖော်ထုတ်နိုင်ခဲ့ပေ။ ဖွဲ့စည်းပုံအခြေခံဥပဒေဟူသည် အုပ်ချုပ်သူနှင့် အုပ်ချုပ်ခံပြည်သူလူထုတို့အကြား နှစ်ဦးနှစ်ဖက် သဘောတူညီစွာ ချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်တစ်ရပ် ဖြစ်ပါသည်။ ယခုမူ မဲဆန္ဒရှင်ပြည်သူလူထု၏ လွတ်လပ်သောသဘောဆန္ဒကို တရားနည်းလမ်းတကျ ရယူခဲ့ခြင်းမရှိသောကြောင့် ဥပဒေသဘောအရ ပျက်ပြယ်ပြီးဖြစ်ပါသည်။ ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်ချက်မှ ပဋိညာဉ်တစ်ရပ် မပေါ်ထွက်လာနိုင်ပါ။

၉။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း (၂၀၀၈ ခုနှစ်) ကို အတည်ပြုနိုင်ရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်သည် ၂၀၀၈ ခုနှစ်၊ မေလ (၂၆)ရက် (၂၆–၅–၀၈)နေ့တွင် ကြေညာချက်အမှတ်(၁၂/၂၀၀၈)ကို ထုတ်ပြန်၍ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်ကို ကြေညာခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၀၈ ခုနှစ်၊ မေလ (၂၉)ရက် (၂၉–၅–၀၈)နေ့တွင် ကြေညာချက်အမှတ်(၇/၂၀၀၈)ကို ထုတ်ပြန်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြု ပြဋ္ဌာန်းလိုက်ကြောင်း ကြေညာခြင်းတို့မှာ အထက်ပါ ဥပဒေပြဋ္ဌာန်းချက်များနှင့် ကြေညာချက်များကို အာဏာပိုင်တို့ကိုယ်တိုင် ဆန့်ကျင်ချိုးဖောက်၍ ပြုလုပ်ခဲ့သောကြောင့် လုံးဝ တရားဝင်မှုမရှိပါ။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေနှင့်အညီ မဲဆန္ဒရှင်ပြည်သူလူထုက လွတ်လပ်၍

တရားမျှတသော ရွေးကောက်ပွဲဖြင့် တစ်ခဲနက်ထောက်ခံပြီး လုပ်ပိုင်ခွင့်အာဏာ (Mandate) ပေးထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝ လက်မခံပါ။

၆–၆–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ၊

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇွန်လ (၁၈) ရက်
၁၃၇၀ ခုနှစ်၊ နယုန်လပြည့်

## အထူးကြေညာချက်အမှတ် – ၁၄ / ၀၆ / ၀၈

မြန်မာနိုင်ငံသမိုင်းတွင် မကြုံစဖူး အလွန်ပြင်းထန်သော နာဂစ်မုန်တိုင်းကြီး ၂၀၀၈ ခုနှစ် မေလ (၂)နှင့် (၃) ရက်နေ့တို့တွင် တိုက်ခိုက်ခဲ့သောကြောင့် အထူးသဖြင့် ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် လူသိန်းချီ၍ သေဆုံးခြင်း၊ မြောက်မြားစွာပျောက်ဆုံးခြင်း အိုးမဲ့ အိမ်မဲ့ ပစ္စည်းဥစ္စာ ဆုံးရှုံးခြင်းတို့ များစွာဖြစ်ပေါ်ခဲ့ပါသည်။

ဧရာဝတီတိုင်းသည် မြန်မာပြည်၏ စပါးကျီ ဖြစ်ပါသည်။ ယင်းတိုင်းတွင် လယ်ယာကဏ္ဍ ၄၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်ခဲ့ရပြီး မြန်မာ့လယ်ယာကဏ္ဍ၏ ၂၀ ရာခိုင်နှုန်းခန့် ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်ခဲ့ကြောင်း ကျွမ်းကျင်သူပညာရှင်များက သုံးသပ်ကြပါသည်။ လယ်ယာလုပ်ငန်းအတွက် ကျွဲ၊ နွား အများအပြားလည်း သေဆုံးခဲ့ကြရပါသည်။ ထို့အပြင် ရေလုပ်ငန်း၊ ဆားလုပ်ငန်းများလည်း ပျက်စီးဆုံးရှုံးခဲ့ကြပြီး နေအိမ်များ၊ ဆေးရုံ၊ စာသင်ကျောင်း၊ လမ်း၊ တံတား စသည့် တိုင်းပြည်၏အခြေခံအဆောက်အအုံများ (infrastructures) လည်း ပျက်စီးခဲ့ကြရပါသည်။ တစ်ဖန် အသက်မသေဘဲ ရှင်ကျန်ရစ်ခဲ့ကြသော ပြည်သူလူထုနှင့် မိဘမဲ့ကလေးများ၏ အသက်ရှင်သန်နိုင်ရေး၊ ဘဝလုံခြုံမှုရှိရေး၊ စိတ်ဓာတ်မြင့်တင်ရေး တို့အတွက် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး စသည့်လုပ်ငန်းများကိုလည်း ပြန်လည်ပြုစု ပျိုးထောင်ပေးကြရပါသည်။

ယခုကဲ့သို့ မုန်တိုင်းဒဏ်သင့် ပြည်သူလူထု၏ အလွန့်အလွန်ကြီးမားလှသော ရုပ်ပိုင်းဆိုင်ရာများ ပျက်စီးဆုံးရှုံးခဲ့ကြပြီး၊ စိတ်ပိုင်းဆိုင်ရာများသည် ထိခိုက်နေကြသောကြောင့် ကျွမ်းကျင်သော နိုင်ငံတကာအကူအညီများ များစွာ အမြန် အထူးတလည်လိုအပ်နေပါသည်။ ယင်းတို့ကို ဖြည့်ဆည်း ပံ့ပိုး အကူအညီပေးနိုင်ရန်၊ တစ်ဦးတည်း တစ်ဖွဲ့တည်း တစ်နိုင်ငံတည်းက မည်သို့မျှ (မည်သို့မှ) ဖြည့်ဆည်းဆောင်ရွက်နိုင်မည် မဟုတ်ပါ။ ငွေကြေး၊ အရင်းအနှီးများလည်း များစွာလိုအပ်နေသောကြောင့် မိမိတိုင်းပြည် တစ်ခုတည်းအနေဖြင့် လုံးဝဆောင်ရွက်နိုင်စွမ်း မရှိပါ။ ထို့အပြင် တိုင်းသူပြည်သားများမှာလည်း နဂိုမူလကပင် ဆင်းရဲဒုက္ခ အလွန်ကျရောက်နေပြီး လူနေမှုအဆင့်အတန်းများလည်း များစွာနိမ့်ကျနေပါသည်။ ထို့ကြောင့် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကျွမ်းကျင်၍ အတွေ့အကြုံရှိပြီးသည့် လူအင်အား၊ ငွေကြေးအင်အား၊ စက်ပစ္စည်းကိရိယာ အင်အား သဘာဝဘေးဒဏ်ကယ်ဆယ်ရေးလုပ်ငန်းများတွင် အတွေ့အကြုံရှိပြီးသည့် ကျွမ်းကျင်သော ပညာရှင်များ၏ အင်အားတို့ဖြင့် လက်တွဲ၍ ပူးပေါင်းဆောင်ရွက်ကြရန် အထူးတလည်လိုအပ်ပါသည်။

မိမိတို့တိုင်းပြည်တွင် တန်ဖိုးအားဖြင့် ကျပ်ကုဋေပေါင်းများစွာ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြောင့် တိုင်းပြည်၏ဝင်ငွေ၊ ရင်းနှီးမြှုပ်နှံမှု၊ အလုပ်အကိုင်၊ အခွန်တော်ရငွေနှင့် ငွေကြေးလည်ပတ်မှု စသော စီးပွားရေးနယ်ပယ်တစ်ခုလုံးကို ဆိုးကျိုးသက်ရောက်နေပြီ ဖြစ်ပါသည်။ ယနေ့ဆိုလျှင် ငွေကြေးဖောင်းပွမှု အဆမတန်မြင့်မားနေပြီး အခြေခံစားသောက်ကုန်ဈေးနှုန်းများလည်း အလွန်အမင်း မြင့်တက်နေပါပြီ ဖြစ်ပါသည်။ ယင်းအကျပ်အတည်းကိစ္စများသည် နိုင်ငံရေးနှင့် ဆက်စပ်နေသောကြောင့် မည်သည့်နိုင်ငံတွင်မဆို နိုင်ငံရေးကိစ္စကို ချန်လှပ်ပြီး အဖြေရှာ၍ ရမည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် မည်သည့်နိုင်ငံတွင်မဆို ပဓာန အဓိကကျသည့်အချက်မှာ နိုင်ငံရေးစနစ်ပင်ဖြစ်ပေသည်။

တိုင်းပြည်တွင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး လူမှုရေးစသည့် အနိဋ္ဌာရုံများ ယခုကဲ့သို့ ကျရောက်နေချိန်ဖြစ်သဖြင့် ဤအမျိုးသားရေး အကျပ်အတည်း (national crisis) နှင့် တိုင်းပြည်ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံရေးပြုပြင်ပြောင်းလဲကြရမည် ဖြစ်ပါသည်။ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုသည် ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် တိုက်ရိုက်အချိုးကျလျက်ရှိပါသည်။ "ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)ခုနှစ်" ကို ပြည်လုံးကျွတ်ဆန္ဒယူပွဲ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မဟုတ်သောကြောင့်

မဲဆန္ဒရှင် ပြည်သူလူထုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝ လက်မခံနိုင်ပါ။ ထို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အကြံပြုလိုသည်မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့ကြသော နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးစုများ ဒီမိုကရေစီအင်အားစုများနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ပြန်လည်တည်ဆောက်ကြကာ နိုင်ငံရေးအဖြေရှာကြရမည် ဖြစ်ပါသည်။

ဤသို့ အဖြေရှာရန် အကောင်းဆုံးနည်းလမ်းမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်းစီ (ယခင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့) က ပြဋ္ဌာန်းခဲ့သော "ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ"မှာ ယနေ့တိုင် တရားဝင်လျက်ရှိနေပြီး၊ ယင်းဥပဒေအရ မဲဆန္ဒရှင် ပြည်သူလူထုက တစ်ခဲနက်ထောက်ခံထားသည့် တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များလည်း ရှိနေကြသောကြောင့် ဤအမျိုးသားရေး အကျပ်အတည်းကြီးကို ထိရောက်စွာ ဝိုင်းဝန်းကူညီ ဖြေရှင်းနိုင်ရန် ယင်းဥပဒေပုဒ်မ – ၃ အရ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လေးနက်စွာ ထပ်မံတောင်းဆိုလိုက်သည်။

၁၆–၆–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၇၀ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂) ရက်
၂၀၀၈ ခုနှစ်၊ ဇွန်လ (၃၀) ရက်

## အထူးကြေညာချက်အမှတ် – ၁၅ / ၀၆ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ၂၅–၆–၀၈ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံသို့ ၂၀၀၈ ခုနှစ်၊ ဇွန်လ (၂၆)ရက်နေ့၌ ပေးပို့ခဲ့သည့် စာပါအကြောင်းအရာများကို သိသာရန် ထုတ်ပြန်လိုက်ပါသည်။

"(စ)" အကြောင်းအရာ။ ။ ဒေါ်အောင်ဆန်းစုကြည်၏ (၆၃)နှစ်မြောက်မွေးနေ့တွင် ဖမ်းဆီး ထိန်းသိမ်း ခံရသူများ ပြန်လည်လွှတ်ပေးရန်ကိစ္စ။

၁။ အထက်အကြောင်းအရာပါ ကိစ္စနှင့်ပတ်သက်၍ (၁၉–၆–၀၈)နေ့က အဖွဲ့ချုပ်ရုံး၌ ကျင်းပသော ဒေါ်အောင်ဆန်းစုကြည်၏ (၆၃)နှစ်မြောက် မွေးနေ့တွင် ဗုဒ္ဓဘာသာထုံးတမ်းစဉ်လာအရ သံဃာတော်အရှင်သူမြတ်တို့အား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ခိုများ၊ ဂျိုးငှက်များ လွှတ်ပေး၍ နှစ်ရှည်လများ နေအိမ်တွင် အကျယ်ချုပ်ခံနေရခြင်းမှ ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်ပါစေကြောင်း၊ ကျန်းမာပါစေကြောင်း အဖွဲ့ချုပ် အဖွဲ့ဝင်များက ဆုတောင်းကြပါသည်။

၂။ ဤသို့ အဖွဲ့ချုပ် အဖွဲ့ဝင်များက အဖွဲ့ချုပ်ရုံး၏ တံခါးအနီးနှင့် ရုံးရှေ့မျက်နှာစာတွင် ဆုတောင်းနေကြစဉ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စွမ်းအားရှင်ဆိုသူများသည် လမ်းတစ်ဖက်တွင် ကြိုတင်စီစဉ်ထားသည့် မော်တော်ယာဉ်(၄)စီးဖြင့် ရောက်ရှိလာပြီး၊ ကားပေါ်မှဆင်းကာ အဖွဲ့ချုပ် အဖွဲ့ဝင်အချို့ကို ရိုက်နှက် ထိုးကြိတ် ဖမ်းဆီး၍ မော်တော်ယာဉ်များပေါ်သို့ အတင်းအဓမ္မ ခေါ်ဆောင်သွားကြပါသည်။

၃။ လုံခြုံရေးအဖွဲ့အစည်းများဖြစ်သော ရဲ၊ အထူးသတင်းတပ်ဖွဲ့နှင့် လုံထိန်းတပ်ဖွဲ့ဝင်များဖြစ်ကြသော လုံခြုံရေးစီမံကွပ်ကဲသူများ ရှေ့မှောက်တွင် လူမှုရေးအသင်းအဖွဲ့ဟုဆိုသော ကြံ့ခိုင်ရေးအသင်းဝင်များနှင့် စွမ်းအားရှင်ဆိုသူများက မိမိတို့ကိုယ်တိုင် လုံခြုံရေးတာဝန်ရှိသူများသဖွယ် အဖွဲ့ချုပ် အဖွဲ့ဝင်များအား အကြမ်းဖက် ရိုက်နှက် ထိုးကြိတ် ဖမ်းဆီးနေခြင်းကို မည်သူမျှ ဟန့်တားခြင်း၊ ထိန်းသိမ်းခြင်း မပြုခဲ့ကြပါ။ ယခုကဲ့သို့ ဖမ်းဆီးခြင်းမှာ ဥပဒေနှင့် ညီညွတ်ခြင်း မရှိပါ။ တရားဥပဒေစိုးမိုးရေး ဟူသည်နှင့်လည်း ဆန့်ကျင်နေပါသည်။

၄။ အဖွဲ့ချုပ် အဖွဲ့ဝင်များက ပြန်လည်တုံ့ပြန်ခြင်း လုံးဝမပြုကြသည့်အပြင် အဖွဲ့ချုပ် တာဝန်ရှိသူများက အဖွဲ့ဝင်များအား ထိန်းသိမ်းဆောင်ရွက်ခဲ့ကြသဖြင့် ပြဿနာမှာ ကြီးထွားမလာဘဲ၊ အေးချမ်းစွာ ပြီးဆုံးသွားပါသည်။ သို့ပါ၍ (၁၉–၆–၀၈)နေ့က ဥပဒေနှင့် ညီညွတ်ခြင်း မရှိဘဲ ဖမ်းဆီး ထိန်းသိမ်း ချုပ်နှောင်ထားသူများအားလုံးကို အမြန်ဆုံးပြန်လည်လွှတ်ပေးပါရန် အဖွဲ့ချုပ်က အလေးအနက် တောင်းဆိုအပ်ပါသည်။

၂၅–၆–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

**ခင်ကျော်ဟန် (ရေနံချောင်း)**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဇူလိုင်လ (၁၉) ရက်
၁၃၇၀ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၂) ရက်

## ကြေညာချက်အမှတ် – ၁၆ / ၀၇ / ၀၈

ယနေ့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၁)နှစ်မြောက် အာဇာနည်နေ့ ဖြစ်ပေသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တကယ့်မျိုးချစ် အာဇာနည်ခေါင်းဆောင်ကြီးများသည် တိုင်းပြည်လွတ်လပ်ရေးရရှိရန် အားထုတ်ကြိုးပမ်း၍ တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်တည်ဆောက်ခဲ့ကြပေသည်။ ခေါင်းဆောင်ကြီးများ၏ အားသွန်ခွန်စိုက်ကြိုးပမ်းမှု၊ အမြော်အမြင်ကြီးမားမှုတို့ကြောင့် တိုင်းပြည်လွတ်လပ်ရေးရရှိရန် ရောင်ခြည်သန်းနေသော အချိန်လည်း ဖြစ်ပေသည်။ ကိုယ်ကျိုးရှာ၊ လက်ပါးစေ၊ လူရမ်းကား၊ အကြမ်းဖက်သမားတို့သည် တိုင်းပြည်လွတ်လပ်ရေးရမည်ကို မရှုစိမ့်နိုင်ကြပေ။ လွတ်လပ်ရေးအောင်ပန်းကို လက်တစ်ကမ်းသာလိုသော အချိန်ကလေးတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးတို့အား အကြမ်းဖက်သမားတို့က ရက်စက်ယုတ်မာစွာ လုပ်ကြံ သတ်ဖြတ်ခဲ့ကြပေသည်။ “အာဇာနည်တိုင်း သမိုင်းမသေ” ဆိုသည်နှင့်အညီ ဗိုလ်ချုပ်နှင့်တကွ အာဇာနည် ခေါင်းဆောင်ကြီးများအား တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အမြဲတစေ အောက်မေ့သတိရ တမ်းတလျက် ရှိကြပေသည်။

သို့သော် ဤသို့ လွမ်းဆွတ်တသ အမျက်ဒေါသထနေရုံဖြင့် ကျွန်ုပ်တို့တာဝန်ကား မပြီးသေးပေ။ အတိတ်၏ အဖြစ်အပျက်တို့ကို သင်ခန်းစာယူ၍ ပစ္စုပ္ပန်နှင့် အနာဂတ်ကို တည်ဆောက်ကြရပေဦးမည်။ ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ ရည်ရွယ်မျှော်မှန်းခဲ့သော စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်နိုင်ရန် အမျိုးသားညီညွတ်ရေးကို ခိုင်မြဲအောင် ပြန်လည်တည်ဆောက်၍ ဇွဲ၊ လုံ့လ၊ ဝီရိယ၊ သတ္တိတို့ဖြင့် တစ်စိုက်မတ်မတ်ကြိုးစားကြရပေမည်။ သို့မှသာ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကျေးဇူးတရားများကို တုံ့ပြန်ပေးဆပ်ရာ ရောက်ပေမည်။

ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေးအတွက် အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ တပ်မတော်၏ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားလမ်းညွှန်ချက်များကို တလေးတစား တန်ဖိုးထား၍ လိုက်နာကြရန် အထူးလိုအပ်ပေသည်။ အဆိုပါ မိန့်ကြားချက်များ၊ လမ်းညွှန်ချက်များသည် မြန်မာနိုင်ငံတည်ရှိနေသည်နှင့်အမျှ အမြဲတစေ လေးစားလိုက်နာကြရပေမည်။

အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက . . .

(က) **နိုင်ငံရေးနှင့် စပ်လျဉ်း၍** . . .

“× × × နိုင်ငံရေးဆိုသည်မှာ အဆန်းမရှိပါ။ နိုင်ငံရေးဆိုသည်မှာ ကျွန်တော်တို့ မျက်ဝါးထင်ထင် မြင်နေရသည့် သံသရာပင်ဖြစ်ပါသည်။ × × ×”

(ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားချဲလင့်ချ်၊ စာ–၇၉ မှ)

“နိုင်ငံရေးမည်သည် ယုတ်မာညစ်ထေးသည်ဟု ဆိုရမည်လော။ စင်စစ်မှာ နိုင်ငံရေးသည် ယုတ်မာညစ်ထေးသည်မဟုတ်၊ နိုင်ငံရေးကို ညစ်ထေးအောင် လုပ်သူတို့သာလျှင် ယုတ်မာခြင်းသာဖြစ်ပေ၏။ × × ×”

“× × × နိုင်ငံရေးဆိုသည်မှာ ကျွန်ုပ်တို့ နေ့စဉ်နှင့်အမျှ လူ့လောကတွင် တွေ့ကြုံနေကြရသော ကိစ္စဖြစ်ပေ၏။ တနည်းအားဖြင့်ဆိုသော် နိုင်ငံရေးဆိုသည်မှာ လူ့ကိစ္စဟု ဆိုရပေမည်။ ကျွန်ုပ်တို့ စားမှု၊ သောက်မှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှု အစုစုသည် နိုင်ငံရေးပင်ဖြစ်၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို မဆင်ခြင် မတွေးတောမိစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့နှင့် အမြဲတစေ ဆက်သွယ်

နေ၏။ ကျွန်ုပ်တို့သည် နိုင်ငံရေးကို ရှောင်ရှားစေကာမူ နိုင်ငံရေးသည် ကျွန်ုပ်တို့၏ အိမ်၊ ရုံး၊ အလုပ်ရုံ စသည်တို့၌ ပေါ်ပေါက်လျက်ရှိ၏။ × × ×"

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ (၂၀)ရက်နေ့တွင် ပြောကြားခဲ့သော အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းမှ)

၎င်းပြင် ဗိုလ်ချုပ်၏ အောက်ပါမိန့်ခွန်းဖြစ်သော . . .

"× × × "လွတ်လပ်ရေး" "အချုပ်အချာအာဏာပိုင်ရေး" ဆိုသည့် စကားလုံးတို့၏ အဓိပ္ပာယ်မှာလည်း ယခင်ကကဲ့သို့ "အကြွင်းမဲ့မှု" သဘောများမရှိတော့ဘဲ ပြောင်းလဲလာခဲ့ပြီကို ကျွန်တော်တို့ သဘောပေါက်ကြရပြီ။ × × ×"

(ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားခဲ့လင့်ချ်၊ စာ-၉၇/၉၈ မှ)

"× × × ကျွန်တော်တို့သည် လူမျိုးစုံ သွေးစည်းရေးဝါဒကို နားလည်အောင် ကြိုးစားရမည်။ မှန်ကန်သော လူမျိုးစုံသွေးစည်းရေးဝါဒကို ပြုစုပြိုးထောင်ပေးရမည်။ အဘယ်ကြောင့်ဆိုသော် အခြားနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အဘက်ဘက်တွင် ကမ္ဘာ့အကောင်းဆုံးတို့၏ အကျိုးအမြတ်တို့ကိုရကာ ကျွန်တော်တို့ဘဝမှာလည်း အတိုင်းအဆမရှိ ပိုမိုမြင့်မား ကြွယ်ဝလာစရာရှိသည်။ သို့မဟုတ်ဘဲ ကိုယ့်ချည်းသာနေမည်ဆိုက အကျပ်အတည်းများထဲမှ လွတ်မြောက်နိုင်မည်မဟုတ်ဘဲ နောက်ပိတ်ဆုံး၌ ပျက်စီးခြင်းကိုပင် ကြုံတွေ့ရဘွယ်ရာ ရှိပေသည်။ × × ×"

(ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားခဲ့လင့်ချ်၊ စာ-၉၉ မှ)

တို့ကို အထူးဂရုပြုရမည် ဖြစ်ပေသည်။

(ခ) **ဒီမိုကရေစီနှင့် စပ်လျဉ်း၍** . . .

"× × × အများပြည်သူတို့ ဆန္ဒနှင့်လုပ်ကိုင်ရတဲ့ ဒီမိုကရေစီဝါဒ ခေတ်မစားနိုင်တဲ့ ဖက်ဆစ်ဝါဒဆင်တူရိုးမှားတွေပေါ်လာနိုင်တယ်။ ဒီဝါဒမျိုးတွေပေါ်လာရင် တိုင်းသူပြည်သားတွေဟာ လွတ်လပ်ရေးဆိုတာကို မရနိုင်တော့ဘူး။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်။ × × × ဒီမိုကရေစီဝါဒသာ လွတ်လပ်ရေးနှင့် ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။ အဲဒါကြောင့် ဒီဝါဒကိုသာ ကျွန်တော်တို့ ရည်ရွယ်ရမယ်။ × × ×"

"× × × စစ်ဖက်က လက်ဝါးကြီးအုပ်ပြီး တိုင်းပြည်လွှတ်တော်က ဘာမှအစိုးမရတဲ့ စစ်အာဏာရှင်ဝါဒမျိုး မရှိရအောင် စစ်ဖက်ကို တိုင်းပြည်လွှတ်တော်က အုပ်စိုးနိုင်ခွင့် ရှိရမယ်။"

(၁၉၄၅ ခု၊ ဩဂုတ်လ စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များအစည်းအဝေးတွင် ပြောကြားသော မိန့်ခွန်းမှ)

"× × × လူတွေက တင်မြှောက်ပြီး လူတွေရဲ့အကျိုးကိုလုပ်တဲ့ အစိုးရသာလျှင် ဒီမိုကရေစီဖြစ်နိုင်မယ်။ အခြားဟာတွေ ဒီမိုကရေစီအစစ် မဖြစ်နိုင်ဘူး။ အတုတွေသာဖြစ်တယ်။"

"× × × ဒီမိုကရေစီတိုင်း ဒီမိုကရေစီတာ မဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြားတာတွေလဲ အများကြီးဘဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာ ဘာလဲ။ လူလူချင်း၊ လူတန်းစားအချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူ ကျပ်ပြည့်တင်းပြည့် မရှိသမျှကာလပတ်လုံး ဒီမိုကရေစီ ကျပ်ပြည့်တင်းပြည့် မဟုတ်သေးဘူး။"

(ဖ ဆ ပ လ ပဏာမ ပြင်ဆင်မှုညီလာခံ၌ ပြောကြားခဲ့သော မိန့်ခွန်းမှ)

(ဂ) **စီးပွားရေးနှင့် စပ်လျဉ်း၍** . . .

"× × × ကျွန်တော်တို့၏ စီးပွားရေး၊ လူမှုရေး ဝါဒ၏ ရည်ရွယ်ချက်တခုမှာ "ပုဂ္ဂလိကလုပ်ငန်းကို အားပေးရန်"ပင် ဖြစ်ပါသည်။ × × ×"

(ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားခဲ့လင့်ချ်၊ စာ-၂၀၀ မှ)

၎င်းပြင် မိမိနိုင်ငံသည် ဆန်စပါးကို အဓိက စိုက်ပျိုး၊ ရောင်းချ၊ စားသုံးသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ ပိုလျှံသောစပါးကို မည်သို့ကိုင်တွယ်သင့်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက . . .

"၁။ ပိုလျှံသောစပါးကိုသာ ပြည်ပသို့ရောင်းချရေး။

၂။ အစိုးရက စပါးရောင်းဝယ်ရေးလုပ်ငန်းမှ ရရှိသောအမြတ်ငွေကို ကြေညာရေး။

၃။ ရရှိသောအမြတ်များကို လယ်သမားများအတွက် တိုက်ရိုက်အကျိုးရှိသော လုပ်ငန်းတို့တွင်သာ သုံးစွဲရေး။

၄။ စပါးဝယ်ယူရာတွင် အတင်းအဓမ္မ မဝယ်ယူရေး။"

(ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားချဲလင့်ချ်၊ စာ–၁၄၀ မှ)

ဟု မိန့်ကြားခဲ့ပေသည်။

"× × × စီးပွားရေး၊ ဘဏ္ဍာရေး နယ်ပယ်တွင် နိုင်ငံအသီးသီး ကောင်းကျိုးအတွက် လွတ်လပ်စွာ ပူးပေါင်းဆက်ဆံမှုကို ကျွန်ုပ်တို့ အားပေးရလိမ့်မည်။ ၎င်းနှင့်ဆန့်ကျင်လျှင် ရှုတ်ချရပေလိမ့်မည်။ × × ×"

"တတိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့် ရှိကြမှာဘဲ။ ဗမာကတမျိုး၊ ကရင်ကတဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြား လုပ်နေကြရင် အကျိုးရှိမှာမဟုတ်ဘူး။ × × ×"

(၁၉၄၆ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ပြောကြားခဲ့သော အလယ်ပစ္စယံ ညီလာခံမိန့်ခွန်းမှ)

(ဃ) **တပ်မတော်နှင့် စပ်လျဉ်း၍ . . .**

"× × × တို့တပ်မတော်ဟာ တနိုင်ငံလုံး၊ တမျိုးသားလုံးရဲ့အတွက်ဖြစ်တယ်။ ဒါကြောင့် ဒီနိုင်ငံ ဒီအကျိုးကို ကာကွယ်ရမယ့် ဗမာ့တပ်မတော်ဟာလဲ ဗမာတနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်ဆိုတာ နားလည်ရမယ်။"

"ဒီတပ်မတော်ဟာ လူတဦးတယောက်အတွက် တည်ထောင်ထားတာမဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက်ဖြစ်တယ်။ ဒီတပ်မတော်ဟာ တဖွဲ့၊ တပါတီ၊ လူတစုအတွက် တည်ထောင်တာ မဟုတ်၊ တနိုင်ငံလုံး၊ တမျိုးသားလုံးအတွက် ဖြစ်တယ်။"

"× × × ငါတို့စစ်တပ်ဟာ နိုင်ငံသူနိုင်ငံသားတွေကို ညှဉ်းဘို့မဟုတ်၊ လက်နက်အားကိုး တန်ခိုးပြဘို့မဟုတ်၊ စစ်တပ်ဟာ နိုင်ငံရဲ့အစေခံဖြစ်ရမယ်။ နိုင်ငံဟာ စစ်တပ်ရဲ့အစေခံ မဖြစ်ရဘူး။ × × ×"

(၁၉၄၄ ခု၊ မတ်လ ၁၃ ရက် မင်္ဂလာဒုံ ဗိုလ်သင်တန်းကျောင်းဆင်းပွဲ၌ ဗမာ့တပ်မတော်စစ်သေနာပတိနှင့် စစ်ဝန်ကြီးအနေဖြင့် ပြောကြားသောမိန့်ခွန်းမှ)

"ဗမာ့လွတ်လပ်ရေးတပ်မတော်သည် အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် ပတ်သက်၍ အလျဉ်းစွက်ဖက်ခြင်းပြုလုပ်လိမ့်မည်မဟုတ်။ ဗမာ့လွတ်လပ်ရေးတပ်မတော် ဗိုလ်များနှင့် တပ်သားများသည် ပါတီနိုင်ငံရေး၊ အုပ်ချုပ်ရေး ကိစ္စများနှင့်ပတ်သက်၍ ပါဝင်စွက်ဖက်ခြင်း အလျဉ်းမရှိစေရ။ ပါဝင်စွက်ဖက်သော တပ်သားနှင့် တပ်ဗိုလ်အား ကျပ်တည်းစွာ အပြစ်ပေးလိမ့်မည်ဖြစ်ကြောင်း။ ငါတို့သည် ဗမာပြည်၏လွတ်လပ်ရေးကို ရှေးရှု၍ ဗမာပြည်၏ ညီညွတ်ရေးကိုသာ အဓိက ထားကြရမည်။"

(ဗိုလ်ချုပ်အောင်ဆန်း၏ နိုင်ငံရေးဂွနဝင်စာအုပ်၊ စာမျက်နှာ–၉၃ မှ)

(င) **တန်းတူညီမျှရေးနှင့် စပ်လျဉ်း၍ . . .**

"မည်သူမဆို ဘာသာ၊ သာသနာ အရေးတွင် လွတ်လပ်စွာ မိမိတို့ကိုးကွယ်လိုရာ ဘာသာကို ကိုးကွယ်ခွင့်ရှိရမည်။ နိုင်ငံတော်အစိုးရသည် ဘာသာရေးတွင် ကြားနေရမည်။"

"လူမျိုးကွဲပြားမှုကိုလည်းကောင်း၊ ဘာသာကွဲပြားမှုကိုလည်းကောင်း၊ ယောကျ်ား၊ မိန်းမ၊ လိင် ကွဲပြားမှုကိုလည်းကောင်း အခြေပြု၍ နိုင်ငံတော်အတွင်း ရာထူး၊ ဌာနန္တရ အလုပ်အကိုင်များရှိရေးတွင် ချုပ်ချယ်မှုများ မရှိစေရ။"

"ပညာများကို လူမျိုးမရွေး၊ ဘာသာမရွေး၊ ကျား၊မ မရွေး သင်ကြားနိုင်ခွင့် ရရှိရမည်။"

"လူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုဆက်ဆံရေးနှင့် ပတ်သက်သော အခွင့်အရေးများကို တတ်နိုင်သမျှ ဥပဒေအားဖြင့် အသိအမှတ်ပြုရမည်။"

(ဗိုလ်ချုပ်အောင်ဆန်း၏ ရှားပါးမိန့်ခွန်းများ၊ စာမျက်နှာ–၁၅၄/၁၅၆ မှ)

ဗိုလ်ချုပ်သည် (၃၂)နှစ် အသက်အရွယ် မကွယ်လွန်မီက ငယ်ပင်ငယ်ငြားသော်လည်း ဉာဏ်ပညာအလွန်ထက်မြက်ခြင်း၊ အမြော်အမြင်ကြီးမားခြင်း၊ ဗဟုသုတကြွယ်ဝပြည့်စုံခြင်း၊ စွမ်းဆောင်ရည်ပြည့်ဝခြင်းတို့ကြောင့် ၎င်းသက်ရှိထင်ရှားရှိခဲ့စဉ်က နိုင်ငံရေး၊ ဒီမိုကရေစီရေး၊ စီးပွားရေး၊ တန်းတူညီမျှရေး၊ တပ်မတော်တို့နှင့် စပ်လျဉ်း၍ ပြောကြားခဲ့သော အထက်ပါ လမ်းညွှန်မိန့်ကြားချက်များအရ လိုက်နာဆောင်ရွက်နိုင်ကြပါလျှင် ယနေ့မြန်မာနိုင်ငံတော်သည် ငြိမ်းချမ်း သာယာဝပြော၍ ခေတ်မီဖွံ့ဖြိုးပြီး၊ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ် ဂုဏ်ယူဖွယ်ရာ ဖြစ်နေပေမည်။ မိမိတို့ တိုင်းပြည်တွင်လည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အနိဋ္ဌာရုံ အထွေထွေအကျပ်အတည်းကြီးများကိုလည်း ကြုံတွေ့ရမည် မဟုတ်တော့ပေ။

ဤနေရာတွင် ဗိုလ်ချုပ်အောင်ဆန်းက အမျိုးသားရေးဝါဒနှင့် စပ်လျဉ်း၍ ၎င်း၏ခံယူချက်အကြောင်း ပြောထားသည်တို့ကို ဖော်ထုတ်ရပေမည်။

> "ကျွန်တော်သည် လူမျိုးစုံဝါဒသမားတစ်ယောက် ဖြစ်ပါသည်။ သို့သော် အောက်ခြေလွတ်ခံနိုင်လောက်အောင် ကိုယ့်ကိုယ်ကို တဦးတည်းပိုင်သော လူမျိုးစုံဝါဒသမားတစ်ယောက်ကား မဟုတ်ပါ။ ကျွန်တော်သည် အမျိုးသားရေးစစ်စစ်၏ ကောင်းကျိုးရော၊ ဆိုးကျိုးကိုပါ အသိအမှတ်ပြုသူတဦး ဖြစ်ပါသည်။ × × ×"
>
> "× × × အမျိုးသားရေးဝါဒသည် ကိုယ့်လူမျိုးနှင့် အခြားလူမျိုးများအား ချစ်မြတ်နိုးရေးကို အားပေးသမျှ တနည်းအားဖြင့် အခြားလူမျိုးအား မုန်းတီးစိတ်မထားရန် အားပေးသမျှ ကျွန်တော်သည် လုံးဝ အမျိုးသားရေးဝါဒသမားတယောက် ဖြစ်ပါသည်။ အမျိုးသားရေးဝါဒသည် ကျွန်တော်တို့အား အမျိုးသားရေး တရားမျှတမှု၊ လူမှုရေးတရားမျှတမှုတို့ကို သက်ဝင်ယုံကြည်စေလျက် ပြည်တွင်းမှာဖြစ်စေ၊ ကမ္ဘာမှာဖြစ်စေ ဖိနှိပ်ချုပ်ချယ်သည်ဆိုသော စနစ်ကို ဆန့်ကျင်တိုက်ခိုက်ရန် တောင်းဆိုနေသမျှ ကျွန်တော်သည် လုံးဝ အမျိုးသားရေးဝါဒသမား ဖြစ်ပါသည်။ × × ×"
>
> (ဗိုလ်ချုပ်အောင်ဆန်း၏ ဘားမားချဲလင့်ချ်၊ စာ–၂၄၇ မှ)

တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးစီးပွားအတွက် ဤကဲ့သို့ ဗိုလ်ချုပ်အောင်ဆန်း မျှော်မှန်းခဲ့သော လမ်းစဉ်နှင့်ပတ်သက်၍ ၁၃–၂–၈၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကြီးမြို့နယ်၊ စည်းရုံးရေးအဖွဲ့ရုံး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က . . .

> "အောင်ဆန်းလမ်းစဉ်ဆိုတာ နိုင်ငံအတွက်အကောင်းဆုံးလမ်းစဉ်ပဲ။ လမ်းစဉ်တစ်ခုရယ်လို့မဟုတ်ဘူး။ နိုင်ငံအတွက်အကောင်းဆုံးလမ်းစဉ်၊ ဒီလမ်းစဉ်ဟာ ကျွန်မတို့ တချိန်လုံးအဖြေရှာနေရမယ်။ ဒီနှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောင်နှစ်အတွက် ကောင်းတဲ့လမ်းစဉ် ဖြစ်ချင်မှ ဖြစ်မယ်။ နောက်နှစ်အတွက် ကောင်းတဲ့လမ်းစဉ်ဟာ နောင် (၁၀)နှစ်ကြာရင် ကောင်းတဲ့လမ်းစဉ် ဖြစ်ချင်လည်းဖြစ်မယ်။ ဒါပေမယ့် ဒီလမ်းစဉ်တွေအားလုံးမှာ တူညီတဲ့ သဘောတခုရှိတယ်။ လမ်းစဉ်တိုင်း လမ်းစဉ်တိုင်းဟာ နိုင်ငံအကျိုးအတွက်၊ အများပြည်သူအကျိုးအတွက် ဦးတည်ပြီးတော့ ခင်းလိုက်တဲ့လမ်းစဉ်ဟာ အောင်ဆန်းလမ်းစဉ်ပဲ။"

ဟု ပြောကြားခဲ့ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အသက်၊ သွေး၊ ချွေး စသည်တို့ဖြင့် အရင်းအနှီးကြီးကြီးပေး၍ တည်ဆောက်ထားခဲ့သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ကိုအခြေခံ၍ အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်ကြမှသာလျှင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ဂုဏ်ပြုရာ၊ ကျေးဇူးဆပ်ရာ၊ သစ္စာစောင့်သိရာ ရောက်ပေမည်။

ထို့ကြောင့် တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး၊ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ ယုံကြည်ချက်၊ ခံယူချက်၊ လမ်းညွှန်ချက်များနှင့်အညီ အမျိုးသားညီညွတ်ရေးတို့ကို အခြေခံသည့် စစ်မှန်သော ဒီမိုကရေစီ ပြည်ထောင်စုမြန်မာနိုင်ငံတော် တည်ဆောက်နိုင်ရေးအတွက် တိုင်းရင်းသားလူမျိုးစုများ အပါအဝင် တစ်မျိုးသားလုံးက အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်ကြရန် အထူးလိုအပ်ပေသည်။

သို့ပါ၍ ဗိုလ်ချုပ်နှင့် ခေါင်းဆောင်ကြီးများ ဦးဆောင်လမ်းပြခဲ့သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ငြိမ်းချမ်းသာယာသော နိုင်ငံရေးပတ်ဝန်းကျင်ကို ဖန်တီးပြီး အမျိုးသားညီညွတ်ရေးကို ခိုင်ခိုင်မာမာ တည်ဆောက်နိုင်ရန်အတွက် . . .

(က) ယနေ့ တိုင်းပြည်တွင် အမှန်တကယ် ရင်ဆိုင်ကြုံတွေ့နေကြရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် အထွေထွေအကျပ်အတည်းများကို ထိရောက်စွာ ဖြေရှင်းနိုင်ရန်လည်းကောင်း၊ တိုင်းပြည်သမိုင်းတွင် ချမှတ်ပြဋ္ဌာန်းထားသောဥပဒေကို မလိုက်နာသည့် အမဲကွက်ကြီးထင်၍ မကျန်နေစေရန်လည်းကောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံးခေါ်ယူ ဖွဲ့စည်းပေးရန်၊

(ခ) မိမိနိုင်ငံတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရန် အစဉ်တစ်စိုက် ကြိုးပမ်းအားထုတ်နေသူများဖြစ်ကြ၍ နိုင်ငံတော်၏ လုံခြုံရေးနှင့် တည်ငြိမ်ရေးကို မည်သို့မျှ ထိပါးနှောင့်ယှက်မည် မဟုတ်ခြင်း၊ နေအိမ်များတွင် ထိန်းသိမ်းထားခြင်းမှ ပြန်လည်လွှတ်ပေးရမည့်အချိန်မှာ ကျော်လွန်နေခြင်းတို့ကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်တို့အား ခြွင်းချက်မရှိ ဥပဒေနှင့်အညီ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(ဂ) (၁) တိုင်းရင်းသားလူမျိုးများ မပါဝင်ဘဲ စစ်မှန်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်မဟုတ်သောကြောင့် တိုင်းရင်းသားပြန်လည်စည်းရုံးမှုကို ပိုမိုကောင်းမွန်လာစေရေးအတွက် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင်နှင့် အခြားတိုင်းရင်းသားခေါင်းဆောင်များအား ဖမ်းဆီးချုပ်နှောင်ထားခြင်းမှ ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(၂) ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အနိုင်ရရှိခဲ့ပြီး ဖျက်သိမ်းခြင်းခံထားရသော တိုင်းရင်းသားနိုင်ငံရေးပါတီများ အပါအဝင် နိုင်ငံရေးပါတီများကို ပြန်လည်မှတ်ပုံတင်ခွင့်ပေး၍ လွတ်လပ်စွာ စည်းရုံးခွင့်ပေးရန်၊

(ဃ) အကျဉ်းကျခံနေကြရသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ (တိုင်းရင်းသားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အပါအဝင်)ကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(င) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်များကျခံနေကြရသော (၈၈) မျိုးဆက် ကျောင်းသားများ အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံး ပြန်လည်လွှတ်ပေးရန်၊

(စ) နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့်အညီ တရားဝင်ရပ်တည်နေသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အဆင့်ဆင့်သော စည်းရုံးရေးအဖွဲ့ရုံးများကို ခေတ္တဟုဆိုပြီး (၅)နှစ်ကျော်သည်အထိ ချိတ်ပိတ်ထားခြင်းမှ အမြန်ဆုံး ပြန်လည် ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးရန်၊

တို့ကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တိုင်းရင်းသားပြည်သူလူထု၏ ဆန္ဒနှင့်အညီ အမြန်ဆုံး အကောင်အထည်ဖော်ပေးပါရန် လေးနက်စွာ ကြေညာလိုက်သည်။

၂-၇-၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၄)ရက်
၁၃၇၀ ခုနှစ်၊ ဝါခေါင်လဆန်း (၃)ရက်

## ကြေညာချက်အမှတ် – ၁၇ / ၀၈ / ၀၈

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၃ ခုနှစ်၊ မေလ (၃၀)ရက်နေ့မှစ၍ ဖမ်းဆီးထိန်းသိမ်းခံထားရသည်မှာ (၅)နှစ်ကျော်ခဲ့ပြီး ဖြစ်ပါသည်။

၂၀၀၈ ခုနှစ်၊ မေလ (၂၇)ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ်ကို ထပ်မံတိုးချဲ့ခဲ့သည်ဟု ကြားသိရပါသည်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် နေအိမ်အကျယ်ချုပ် တိုးချဲ့ခြင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်းကို အယူခံမှုတင်သွင်းပြီး ဥပဒေအရ လျှောက်လဲရန် ပြင်ဆင် ဆောင်ရွက် ခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ဒေါ်အောင်ဆန်းစုကြည်အတွက် အယူခံမှုတင်သွင်းနိုင်ရန် ဗဟိုအဖွဲ့ထံ (၁၀–၆–၂၀၀၈)ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့ခဲ့သော်လည်း အကြောင်းပြန်ကြားမှုမရှိသဖြင့် (၂–၇–၂၀၀၈) ရက်စွဲဖြင့် ဥက္ကဋ္ဌ၊ ဗဟိုအဖွဲ့ထံသို့ ထပ်မံနှိုးဆော်စာ ပေးပို့ခဲ့သော်လည်း အကြောင်းတစ်စုံတစ်ရာ ပြန်ကြားမှုမရရှိခဲ့ပါ။

ဒေါ်အောင်ဆန်းစုကြည်အတွက် အယူခံတင်သွင်းမှုသည် ၎င်းအား ကန့်သတ်တားဆီးထားသည့် ဥပဒေပြဋ္ဌာန်းချက်များအရ ရရှိသည့် အယူခံအခွင့်အရေး ဖြစ်ပါသည်။ ဒေါ်အောင်ဆန်းစုကြည်ရရှိသည့် ဥပဒေအရ အယူခံအခွင့်အရေးကို ဗဟိုအဖွဲ့က ငြင်းပယ်နေခြင်းသည် လူ့အခွင့်အရေးကို ချိုးဖောက်ခြင်းဖြစ်ကြောင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် အာဏာပိုင်တို့ ကြွေးကြော်နေသော "တရားဥပဒေစိုးမိုးရေး"ဟူသည်တို့နှင့် ဆန့်ကျင်နေကြောင်းတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာလိုက်သည်။

၁–၈–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်–၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၅)ရက်
၁၃၇၀ ခုနှစ်၊ ဝါခေါင်လဆန်း (၄)ရက်

## ကြေညာချက်အမှတ် – ၁၈ / ၀၈ / ၀၈

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) ပဋိညာဉ်စာတမ်းတွင် ဒီမိုကရေစီကျင့်စဉ်များ၊ တရားဥပဒေစိုးမိုးရေး၊ အစိုးရကောင်း ပေါ်ပေါက်ရေး၊ လူ့အခွင့်အရေးများနှင့် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို ကာကွယ်ရေးနှင့် လေးစားလိုက်နာရေးတို့အတွက် ပြဋ္ဌာန်းထားသောကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြိုဆိုပါသည်။

သို့သော် မြန်မာနိုင်ငံသည် အခြားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် မတူဘဲ တစ်မူကွဲပြားခြားနားသော နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒီမိုကရေစီအစိုးရကို ဖြုတ်ချ၍ တပ်မတော်က အာဏာသိမ်းပိုက်ထားသောကြောင့် ဖြစ်ပါသည်။ ၎င်းပြင် မြန်မာနိုင်ငံတွင် အာဏာပိုင်တို့က ၁၉၉၀ ပြည့်နှစ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါသည်။ အာဏာပိုင်တို့က ယင်းရွေးကောက်ပွဲအား လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲအဖြစ် ကြေညာခဲ့ပါသည်။ ယင်းရွေးကောက်ပွဲရလဒ်ကိုလည်း ကြေညာခဲ့ပြီး ရွေးကောက်တင်မြှောက်ခြင်းခံကြရသော ကိုယ်စားလှယ်များကိုလည်း မြန်မာနိုင်ငံပြန်တမ်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ဤကိုယ်စားလှယ်များသည် တရားဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြပါသည်။

ယင်း တရားဝင်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရှိနေပါလျက် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးခြင်းမရှိဘဲ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက အာဆီယံပဋိညာဉ်စာတမ်း (ASEAN Charter) ကို အတည်ပြုကြောင်း လက်မှတ်ရေးထိုးနိုင်သည့် အခွင့်အရေး ရရှိခဲ့ပါသည်။ အဘယ်ကြောင့်ဆိုသော် အာဆီယံပဋိညာဉ်စာတမ်း အတည်ပြုရေးနှင့် ပတ်သက်၍ ပဋိညာဉ်စာတမ်းကို အဖွဲ့ဝင်နိုင်ငံများက မိမိတို့၏ ပြည်တွင်းအစီအစဉ်များဖြင့် ပြဋ္ဌာန်းရမည်။ "This charter shall be subject by all ASEAN Member States in accordance with their respective internal procedures" ဟု ဆိုထားသည်ကို ဖတ်ရှုလေ့လာရပါသည်။ သို့ အခွင့်အရေးရရှိခဲ့သည့်အတိုင်း လက်ရှိအာဏာပိုင်တို့က အာဆီယံပဋိညာဉ်စာတမ်းကို လက်မှတ်ရေးထိုးပြီးကြောင်း ကြားသိရပါသည်။

သို့ပါ၍ အာဆီယံပဋိညာဉ်စာတမ်းတွင် အရေးပါသော တန်ဘိုးများဖြစ်သည့် ဒီမိုကရေစီထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေးနှင့် နိုင်ငံသားတို့၏ အခြေခံအခွင့်အရေးများကို ကာကွယ်ရေးနှင့် အမှန်တကယ် လေးစားလိုက်နာရေး၊ အစိုးရကောင်းဖြစ်ရေးတို့ မြန်မာနိုင်ငံတွင် ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ)တွင် တာဝန်ရှိနေပါကြောင်း ကြေညာလိုက်သည်။

၁–၈–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၈ ခုနှစ်၊ ဩဂုတ်လ (၁၃)ရက်
၁၃၇၀ ခုနှစ်၊ ဝါခေါင်လဆန်း (၁၂)ရက်

## ကြေညာချက်အမှတ် – ၁၉ / ၀၈ / ၀၈

မိမိတို့တိုင်းပြည်တွင် အမှန်တကယ် ကြုံတွေ့နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် အထွေထွေ အကျပ်အတည်းများကြောင့် နိုင်ငံသူနိုင်ငံသားများသည် ၎င်းတို့၏ အသိစိတ်ဓာတ်နှင့် လွတ်လပ်သော စိတ်ဆန္ဒများအရ တိုင်းသူပြည်သားတစ်ဦးအနေဖြင့် တာဝန်ရှိသည့်အားလျော်စွာ ဖွင့်ဟထုတ်ဖော်မှုများ ပြုလုပ်ကြပါသည်။ ထိုအခါ အာဏာပိုင်များက ယင်းပုဂ္ဂိုလ်များကို ဖမ်းဆီး ထိန်းသိမ်း ချုပ်နှောင် ခဲ့ပါသည်။

ဤသည်မှာ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးကြေညာစာတမ်း၏ “စကားချီး” တွင်ဖော်ပြထားသည့် . . .

> “လူခပ်သိမ်း၏ မျိုးရိုးဂုဏ်သိက္ခာနှင့်တကွ လူတိုင်း အညီအမျှ ခံစားခွင့်ရှိသည့် အခွင့်အရေးများကို အသိအမှတ်ပြုခြင်းသည် လူခပ်သိမ်း၏ လွတ်လပ်မှု၊ တရားမျှတမှု၊ ငြိမ်းချမ်းမှုတို့၏ အခြေခံအုတ်မြစ် ဖြစ်သောကြောင့်လည်းကောင်း × × ×”

နှင့် ဆန့်ကျင်နေပါသည်။ ထို့အပြင် ယင်းလူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ်–၁ တွင် ပါရှိသည့် . . .

> “လူတိုင်းသည် တူညီလွတ်လပ်သော ဂုဏ်သိက္ခာဖြင့်လည်းကောင်း၊ တူညီလွတ်လပ်သော အခွင့်အရေးများဖြင့်လည်းကောင်း မွေးဖွားလာသူများဖြစ်သည်။ × × ×”

ဟူသည်နှင့် အပိုဒ်–၁၉ တွင် ပါရှိသော . . .

> “လူတိုင်းတွင် လွတ်လပ်စွာ ထင်မြင်ယူဆနိုင်ခွင့်နှင့် လွတ်လပ်စွာ ဖွင့်ဟဖော်ပြနိုင်ခွင့် ရှိသည်။ × × ×”

ဟူသည်တို့ကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

ထို့နောက် အာဏာပိုင်တို့က ဖမ်းဆီးခြင်းခံရသူ အချို့ကို စိတ်ဝေဒနာရှင်များထားရှိရာ စိတ်ရောဂါကုဆေးရုံသို့ ပို့ခဲ့ပါသည်။ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများ ရရှိရန် ကြိုးပမ်းအားထုတ်နေသူများ၏ ဆောင်ရွက်ချက်များကို သေးနုပ် သိမ်ဖျင်းအောင် ပြုလုပ်ခဲ့သည့်အပြင် ၎င်းတို့ကိုလည်း စိတ်မမှန်သူများသဖွယ် ပြုမူဆက်ဆံခဲ့ပါသည်။ စိတ်ရောဂါကုဆေးရုံသို့ ပို့ထားခြင်းမှာလည်း စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်ခြင်းတစ်မျိုး ဖြစ်ပါသည်။

ဤသည်မှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း၏ အပိုဒ်–၅ တွင် ပါရှိသော . . .

> “မည်သူ့ကိုမျှ ညှဉ်းပန်းနှိပ်စက်ခြင်း သို့တည်းမဟုတ် ရက်စက်ကြမ်းကြုတ်စွာ၊ လူမဆန်စွာ ဂုဏ်ငယ်စေသော ဆက်ဆံမှု မပြုရ၊ သို့တည်းမဟုတ် အပြစ်ဒဏ်ပေးခြင်း မပြုရ။”

ဟူသောအချက်ကို ချိုးဖောက်ခြင်း ဖြစ်ပါသည်။

သို့ပါ၍ မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးထားသော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်များကို အာဏာပိုင်တို့က ယခုကဲ့သို့ ချိုးဖောက်နေခြင်းအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကန့်ကွက် ရှုတ်ချကြောင်း ကြေညာလိုက်သည်။

၁၂–၈–၀၈ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ် – ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၁၃၇၀ ခုနှစ် ဝါခေါင်လပြည့်ကျော် (၁၃)ရက်
၂၀၀၈ ခုနှစ် ဩဂုတ်လ (၂၉)ရက်

## အထူးကြေညာချက် – ၁၅ / ၀၈ / ၀၈

၁။ ကုလသမဂ္ဂ အထွေထွေညီလာခံအသီးသီးက ၁၉၉၄ ခုနှစ်မှ ၂၀၀၇ ခုနှစ်အထိ နှစ်စဉ်ဆက်တိုက် ချမှတ်ခဲ့သော . . .

(က) ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်အား အကောင်အထည်ဖော်ရန်၊

(ခ) ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရန်၊

(ဂ) နိုင်ငံရေးအဓိပ္ပာယ် ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ရန်၊

ဟူသော ဆုံးဖြတ်ချက်များအရလည်းကောင်း၊

မြန်မာ့နိုင်ငံရေးနှင့် စပ်လျဉ်း၍ ၂၀၀၇ ခုနှစ် အောက်တိုဘာ (၁၁)ရက်နေ့တွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ကိုယ်စား ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ ၏ ကြေညာချက်ပါ . . .

(၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသမားများနှင့် ဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသူများ အားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ပေးရန်၊

(၂) ဒေါ်အောင်ဆန်းစုကြည်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားခေါင်းဆောင်များနှင့် နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံဆွေးနွေးပွဲများကို အာဏာပိုင်များက အမြန်ဆုံးစတင်ဆောင်ရွက်ရန်၊

ဟူသည်များအရလည်းကောင်း၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးကိုယ်စားလှယ်အဖြစ် ၂၀၀၈ ခု ဩဂုတ်လ (၁၈)ရက်နေ့မှ (၂၃)ရက်နေ့အထိ လာရောက်ခဲ့သော မစ္စတာဂမ်ဘာရီ၏ ဆဋ္ဌမမြောက်ခရီးစဉ်သည် မြန်မာ့နိုင်ငံရေးအတွက် လက်ဆုပ်လက်ကိုင်ပြနိုင်သော တိုးတက်မှု တစ်စုံတစ်ရာ မရှိကြောင်း တွေ့ရှိရပါသည်။

၂။ မစ္စတာဂမ်ဘာရီသည် ၎င်း၏ခရီးစဉ်အတွင်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဘက်မှ အမှန်တကယ်အဆုံးအဖြတ်ပေးနိုင်သော အဆင့်မြင့် ခေါင်းဆောင်နှင့် တွေ့ဆုံခွင့်ရရှိအောင် မကြိုးစားနိုင်ခဲ့ပါ။ ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော တိုင်းရင်းသားနိုင်ငံရေးပါတီများမှ တိုင်းရင်းသားလူမျိုးစု ခေါင်းဆောင်များ၊ ဒီမိုကရေစီအင်အားစုများမှ ပုဂ္ဂိုလ်များနှင့်လည်း တွေ့ဆုံဆွေးနွေးနိုင်ခြင်း မရှိခဲ့ပါ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ အစီအစဉ်များအတိုင်းသာ လိုက်နာလက်ခံ ဆောင်ရွက်ပြီး တန်ဖိုးကြီးမားလှသည့် အချိန်များကို အကျိုးမဲ့ ကုန်ဆုံးစေခဲ့ပါသည်။

၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ခေါင်းဆောင်များက မစ္စတာဂမ်ဘာရီနှင့် တွေ့ဆုံခဲ့ရာတွင် မဲဆန္ဒရှင်ပြည်သူလူထု၏ လွတ်လပ်သော စိတ်ဆန္ဒအရ အဆုံးအဖြတ်ဖြစ်သော ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ရလဒ်ကို ပစ်ပယ်၍ မရနိုင်ကြောင်း၊ ပြည်သူလူထု၏ တရားမျှတသော ရွေးကောက်ပွဲရလဒ်ကို ဂရုမစိုက်ပဲ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ဖို့ဆိုတာ လုံးဝမဖြစ်နိုင်ကြောင်းတို့ကို တင်ပြခဲ့သည့်အပြင်၊ ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို မည်သို့သဘောထားပါသလဲဟု မေးခဲ့ပါသည်။ မစ္စတာဂမ်ဘာရီက ၎င်းကိစ္စကို ပြန်လည်ဖြေကြားခြင်း မပြုခဲ့ပါ။

၄။ အဖွဲ့ချုပ်ခေါင်းဆောင်များက ဆက်လက်တင်ပြရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အတည်ပြုထားသည်ဆိုသော ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက တရားဝင်ရေးဆွဲနိုင်ခွင့် မရှိပါဘဲလျက် တစ်ဘက်သတ် ရေးဆွဲထားခြင်းသာ ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် မေလတွင်ကျင်းပခဲ့သော ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုသည်မှာလည်း ပြည်သူလူထု၏ ဆန္ဒအမှန်ကို ခံယူခြင်း မဟုတ်ဘဲ၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဥပဒေနှင့် နည်းဥပဒေများကို ချိုးဖောက်၍ မတရားသော နည်းမျိုးစုံကိုသုံးကာ

အတင်းအဓမ္မ ရယူခဲ့ခြင်းသာဖြစ်ကြောင်း၊ ထို့ကြောင့် ယင်းပြည်သူ့ဆန္ဒခံယူပွဲနှင့် ယင်းဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်မခံကြောင်း အတိအလင်း ကြေညာထားပြီးဖြစ်သည်ဟု မစ္စတာဂမ်ဘာရီအား ပြောကြားခဲ့ပါသည်။ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် ဒီမိုကရေစီစနစ်သို့ မည်သို့မျှ ဦးတည်နေခြင်း မရှိကြောင်းကိုလည်း တင်ပြခဲ့ပါသည်။ သို့ပါ၍ လာမည့်ရွေးကောက်ပွဲကိစ္စကို လောလောဆယ်တွင် လုံးဝ မစဉ်းစားသင့်၊ မပြောဆိုသင့်ကြောင်း တင်ပြခဲ့သည်။

၅။ ယင်းသို့ တင်ပြထားသည့်ကြားမှပင် မစ္စတာဂမ်ဘာရီသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပြောရေးဆိုခွင့် အာဏာပိုင်အဖွဲ့နှင့် တွေ့ဆုံရာတွင် "၂၀၁၀ ပြည့်နှစ်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ နိုင်ငံတကာ ယုံကြည်မှု လက်ခံရရှိရေးအတွက် ကုလသမဂ္ဂ၏ ကျွမ်းကျင်မှုအကူအညီများ လက်ခံရယူဆောင်ရွက်သင့်ပါကြောင်း" နှင့် "ရွေးကောက်ပွဲကော်မရှင် ဖွဲ့စည်းပြီးသည့်အချိန်တွင် ကုလသမဂ္ဂမှ နည်းပညာအကြံပေးရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက်လိုကြောင်း" တို့ကို ပြောကြားခဲ့ပါသည်။ ထို့ကြောင့် ဒီမိုကရေစီကို လိုချင်ဆန္ဒပြင်းပြနေသော မြန်မာပြည်သူလူထုအကြား သို့လော သို့လော ဖြစ်ကာ မကျေမနပ်ဖြစ်မှုများ တိုးပွားလာစေခဲ့သည်။

၆။ မစ္စတာဂမ်ဘာရီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခွင့်ရရေးမှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကိစ္စသာဖြစ်သည်ဟု အဖွဲ့ချုပ် ဥက္ကဋ္ဌက ပြောကြားခဲ့ပါသည်။ သို့သော် မစ္စတာဂမ်ဘာရီက ၎င်းနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံနိုင်ရန် နည်းလမ်းရှာပေးပါဦးဟု ထပ်မံပြောကြားခဲ့ပါသည်။ ထိုအခါ အဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က မစ္စတာဂမ်ဘာရီနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခွင့်ရလျှင် ရလဒ်ကောင်းတစ်ခု ရရှိနိုင်မည်ဟု ထင်မြင်မိသဖြင့် ၎င်းတို့နှင့် ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံခွင့်ရအောင် မစ္စတာဂမ်ဘာရီအနေဖြင့် ကြိုးစားပေးရန် ပြန်လည်ပြောကြားခဲ့ပါသည်။

၇။ မစ္စတာဂမ်ဘာရီသည် မြန်မာနိုင်ငံသို့ (၆)ကြိမ်တိုင်တိုင် လာရောက်ကာ သံတမန်ရေး ကြိုးပမ်းမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ သို့သော် . . .

(၁) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး လွတ်မြောက်ရေး၊
(၂) ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီအင်အားစုများနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတို့အကြား နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝသော တွေ့ဆုံ ဆွေးနွေးပွဲများ ဖြစ်မြောက်ရေး၊
(၃) မြန်မာနိုင်ငံ ဒီမိုကရေစီတိုးတက်ပြောင်းလဲရေး၊

သို့ ဦးတည်သော တိုးတက်မှုဟူ၍ တစ်စုံတစ်ရာမျှ မတွေ့ရှိသေးကြောင်း ကြေညာလိုက်သည်။

၂၈-၈-၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

**အထူးကြေညာချက် – ၁၆ / ၀၉ / ၀၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်ကို စတင်တည်ထောင်ခဲ့သော တပ်မတော်၏ဖခင်ကြီး၊ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံတော် ပေါ်ထွန်းလာရန် ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့သော လွတ်လပ်ရေးဗိသုကာကြီး၊ တိုင်းပြည်နှင့် လူမျိုးအတွက် အသက်ပေးခဲ့ရသော အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏သမီး ဖြစ်သည်။

ထို့အပြင် မဲဆန္ဒရှင် ပြည်သူလူထုတစ်ရပ်လုံးက လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြင့် တရားဝင်တစ်ခဲနက် ထောက်ခံထားသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ခေါင်းဆောင်ဖြစ်သည့်အပြင်၊ တိုင်းရင်းသားလူမျိုးစုများ အပါအဝင် ဒီမိုကရေစီအင်အားစုများအားလုံးက ယုံကြည်သည့် နိုင်ငံရေးခေါင်းဆောင်လည်း ဖြစ်ပါသည်။ ၎င်းသည် ၁၉၈၉ ခုနှစ်ကတည်းက နိုင်ငံရေးအဓိပ္ပာယ်ပြည့်ဝ၍ စစ်မှန်သော တွေ့ဆုံဆွေးနွေးရေးကို အစဉ်တစိုက် တောင်းဆိုခဲ့ပြီး နိုင်ငံရေးအရ အပေးအယူပြုလုပ်ကြရန်နှင့် တိုင်းပြည်နှင့် ပြည်သူလူထုအကျိုးစီးပွားများအတွက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို မူလကနဦးကပင် စတင်ကြိုးပမ်းခဲ့သူ ဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေးလုပ်ငန်းစဉ်များနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မလွဲမသွေ ပါဝင်ရမည်ဟု ပြည်သူလူထုအများစုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လေးလေးနက်နက် ခံယူထားပါသည်။

ဒေါ်အောင်ဆန်းစုကြည်ကို "နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ"ဖြင့် ဥပဒေနှင့် ညီညွတ်ခြင်း မရှိဘဲ၊ နေအိမ်တွင် ဖမ်းဆီး ထိန်းသိမ်းထားသည်မှာ ယနေ့တိုင် ဖြစ်ပါသည်။ ယင်းသို့ ထိန်းသိမ်းထားစဉ်ကာလတွင် ကန့်သတ်မိန့်ပါအချက်နှင့် အကျုံးမဝင်သည့် ကိစ္စများကို အာဏာပိုင်တို့က အမြန်ဆုံးရုပ်သိမ်းပေးရန် အထူးလိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် . . .

ယင်းဥပဒေ ပုဒ်မ ၉ (ခ) တွင် . . .

"မူလအခွင့်အရေးများအနက် လိုအပ်သရွေ့သာ ကန့်သတ်ရမည်။"

ဟု လည်းကောင်း၊ ပုဒ်မ ၉ (ဂ) တွင် . . .

"ကာလအပိုင်းအခြားအားဖြင့် အတိုတောင်းဆုံးဖြစ်စေရမည်။"

ဟု လည်းကောင်း၊ ပုဒ်မ ၉ (စ) တွင် . . .

"အရေးယူခြင်းခံရသူသည် ကန့်သတ်ခြင်း ခံရသည့် မူလအခွင့်အရေးများမှအပ အခြေခံဥပဒေပါ အခြားမူလအခွင့်အရေးများကိုမူ ခံစားခွင့် ရှိစေရမည်။"

ဟု လည်းကောင်း နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ကန့်သတ်ရာ၌ တိကျစွာလိုက်နာရမည်ဟု ပြဋ္ဌာန်းထားပါသည်။

ယခုအခါ ဒေါ်အောင်ဆန်းစုကြည်သည် ၎င်းထံသို့ နေ့စဉ် ပုံမှန်ပေးပို့နေသော စျေးခြင်းကို လုံးဝ လက်မခံတော့ကြောင်း ကြားသိရပါသည်။ ပေးပို့နေကျ စျေးခြင်းကို လက်မခံသည်မှာ ယနေ့ဆိုလျှင် ရက်သတ္တပတ်(၃)ပတ်ခန့်ရှိပြီဟု ကြားသိရပါသဖြင့် ပြည်သူလူထုအများစုနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့က အထူးစိုးရိမ်လျက် ရှိကြပါသည်။ ဤသို့ စျေးခြင်းအား လက်မခံခြင်းမှာ အောက်ပါတို့ကို ကန့်ကွက်သည့်အနေဖြင့်ဟု ကြားသိရပါသည်။

(၁) မတရားသော ဥပဒေ၏ ပုဒ်မ ၁၀ (ခ) ဖြင့် ဥပဒေနှင့် ညီညွတ်ခြင်းမရှိဘဲ မတရား ဖမ်းဆီးထိန်းသိမ်းထားခဲ့ခြင်း၊

(၂) ၎င်းအားစောင့်ရှောက်နေသည့် ဒေါ်ခင်ခင်ဝင်းနှင့် သမီးတို့အား မည်သည့်အပြစ်မှ မကျူးလွန်ပါဘဲ နိုပ်စက်ကလူပြုသည့်အနေဖြင့် အကြောင်းမဲ့သက်သက် ယင်းဥပဒေပုဒ်မ ၁၀ (ခ) ကဲ့သို့ပင် ကျင့်သုံးနေခြင်း၊

(၃) စတင်ထိန်းသိမ်းစဉ်က အာဏာပိုင်များက တစ်လလျှင် တစ်ကြိမ် ဆရာဝန် ကြည့်ရှုစစ်ဆေးခွင့် ပြုမည်ဟု ကတိပြုခဲ့ပြီးမှ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ကြည့်ရှုစစ်ဆေးခွင့် မပြုဘဲ ထားခြင်း၊

သို့ပါ၍ ဒေါ်အောင်ဆန်းစုကြည်၏ "ဘဝလုံခြုံရေးနှင့် အသက်ရှင်သန်နိုင်ရေး"တို့အတွက် မတရား ဖမ်းဆီးထိန်းသိမ်းထားသော အာဏာပိုင်တို့အပေါ်တွင် တာဝန်ရှိမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

၄–၀၉–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
အမှတ်(၉၇/ခ)၊ အနောက်ရွှေဂုံတိုင်လမ်း
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့

၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ (၁၆)ရက်
၁၃၇၀ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၂)ရက်

**အထူးကြေညာချက် – ၁၇ / ၀၉ / ၀၈**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က ၎င်းထံသို့ နေ့စဉ်ပေးပို့နေသော ဈေးခြင်းကို လုံးဝ လက်မခံခြင်းမှာ အစာငတ်ခံ ဆန္ဒပြခြင်း မဟုတ်ပါ။ ၎င်းထံတွင်ရှိသော အစားအသောက်များကို ချွေတာစားသုံးခြင်းဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်အောင်ဆန်းစုကြည်အား စောင့်ရှောက်နေသည့် ဒေါ်ခင်ခင်ဝင်းမှာ ကျန်းမာရေး မကောင်းသဖြင့် ၎င်းကို အပြည့်အဝကျွေးပြီး ဒေါ်အောင်ဆန်းစုကြည်က အစားအသောက် ချွေတာခြင်းဖြစ်ပါသည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် အင်အားနည်းနေပါကြောင်း ကြေညာလိုက်သည်။

၁၅–၉–၀၈ ရက်နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေး ဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

ရန်ကုန်မြို့